# သတိပဋ္ဌာန်
# ကြွေးကြော်သံ

## တရားတော်
### တတိယပိုင်း

# ညောင်ကန်အေးသရာတော်

ရေးသားဟောပြောသည်



ချီ ညောင်ကန်　　　တင်ထွန်းထွန်း

ဘာသာ ကကြီးခကွေး ဩကာသကန်တော့ခန်းနှင့် ငါးပါးသီလပေး
ရားတော်
၂။ ငုံကြွေးကင်းရန် သတိပဋ္ဌာန် တရားတော် - ၁
၃။ ငုံကြွေးကင်းရန် သတိပဋ္ဌာန် တရားတော် - ၂
၄။ ငုံကြွေးကင်းရန် သတိပဋ္ဌာန် တရားတော် - ၃

မဟာစည်သြဝါဒခံ၊ ညောင်ကန်အေးသာသနာ့ရိပ်သာ
အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ အင်းစိန်
ရန်ကုန်မြို့၊ မြန်မာပြည်

၆၄
၁

၁၈၂၁၄

# သတိပဋ္ဌာန်ကြွေးကြော်သံ တရားတော်

## တတိယပိုင်း

## ညောင်ကန်အေးဆရာတော်

## အရှင်ဇနက

ရေးသား ဟောကြားတော်မူသည်

၁။ ဗုဒ္ဓဘာသာ က-ကြီး၊ ခ-ခွေး သြကာသ ကန်တော့ခန်း နှင့် ငါးပါးသီလပေး တရားတော်၊

၂။ ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်၊ (၁)

၃။ ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်၊ (၂)

၄။ ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်၊ (၃)

---

မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

သတိပဋ္ဌာန်-(က)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၅၄၇)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၃၇၀)

ပထမအကြိမ်

အုပ်ရေ-၁၀၀၀

၁၉၈၇-ခုနှစ်

နိုဝင်ဘာလ

အဖုံးရိုက်-စာပေပေါင်းကူး

စာအုပ်ချုပ်-အေးမိသားစု

တန်ဖိုး ၁၅-ကျပ်

ဦးသိန်းလွင်(ခ) ဦးအေးလွင်၊ ထုတ်ဝေသူ အမှတ်(၀၂၆၀၂) ညောင်ကန်စာပေ၊ အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင်(၀၂၅၆-မြ)စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ် ၉၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်ကပုံနှိပ်သည်။ (ဖုန်း-၅၅၉၁၅)

စာအမှတ်-IMC-RF- ၃၀၀/၈၇

ဖုန်း-၃၄ (ဗုဒ္ဓဂယာ)

ရက်စွဲ၊ ၁၉၈၇-ခု ဇွန်လ ၁၀-ရက်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဝန်းရိပ်သာ ဗုဒ္ဓဂယာ (၁၉၆၀-ပြည့်နှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအက်ဥပဒေအပိုင်း ၂၁-အရ မှတ်ပုံတင်ထားသည့်) ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ ဌာနခွဲ ဗုဒ္ဓဂယာစာတိုက်-၈၂၄၂၃၁၊ ဂယာစာတိုက် ဘီဟာ၊ အိန္ဒိယ။

ကာလကတ္တားရုံး ၃၇/၁ B ဟင်ဒူစတန်လမ်း၊ ကာလကတ္တား ၇၀၀၀၂၉။
ဖုန်း ၄၂-၃၂၆၆ နှင့် ၄၆-၁၁၄၆။

ဥက္ကဋ္ဌ ဆရာတော် သံဃရာဇာဓမ္မဓရ မဟာသထာဝီရ၊
ဝိနယသုတ္တ အဘိဓမ္မာ ဝိသာရဒ။

အမှုဆောင်ဥက္ကဋ္ဌ

မစ္စတာ အဂျူးဘစ်ခ်ရှိဒတ်စဂုပတ။

ဒုတိယဥက္ကဋ္ဌများ

မစ္စတာဒက်ရှိဘန်ဒုတာလုကာဒါ W.B.E.S,M.A,L.L.B.

ဒေါက်တာ ဒါရစ်ရှိဆံကရိတျာယျယံ M.A.PH.D

မစ်ဆက်စ်တာရဂုပတ Ex-M.L.A

မစ္စတာရန်နင်ဒရလားလ်ဘိရှ B.A.

မစ္စတာမင်္ဂလဆုဗ္ဗ M.A, B.Com, B.E.

**အထွေထွေအကျိုးဆောင်**

ကမ္ဘာ့ဗ္ဗာန်းဆရာ ဆရာတော်ဒေါက်တာရဋ္ဌပါလ M.A. Ph.D တိပိဋကဝိသာရဒ အာဆရုယ

**တွဲဖက်အကျိုးဆောင်များ**

| | |
|---|---|
| ဆရာတော် စက္ကပါလ ဝိနယအဘိဓမ္မာဝိသာရဒ | M.A,M.Phil Ph.D |
| ဆရာတော်လောကပါလ | B.A. |
| မစ္စတာ ဒေဘဇောတိဘရူးဝါး ဘဏ္ဍာရေးမှူး | M.A.Dip-in lib.Sc. |
| ဒေါက်တာအရု-ပ်ဒတ်စဂုပတ | B.Sc. M.B.,B.S |

**အမှုဆောင်များ**

| | |
|---|---|
| မစ္စတာရင်းပ်အော်ဇာဘတျာယံ | B.Com. |
| မစ္စတာသဘာက်ရိုကန်ဘရူးဝါး | B.A. |
| ဒေါက်တာဆဒါမိစ် | M.B.,B.S. |
| မစ္စတာရိန်းရွာဆင်း | B.A. |
| မစ္စတာဘိရင်ဒရကုမာရဆင်း | B.Sc. |
| မစ္စတာဂျက်ဒစ်ရှ်ယာဒပ် | B.Com. |

ဆရာတော်ဘဒ္ဒန္တဣန္ဒက

ညောင်ကန်အေး သာသနာ့ရိပ်သာ
အမှတ် ၆၊ အင်းစိန်လမ်း၊
အရှေ့ကြို့ကုန်း၊ အင်းစိန်၊
ရန်ကုန် - မြန်မာပြည်။

ဆရာတော်အရှင်သူမြတ်ဘုရား –

တပည့်တော် ထိုင်း, မလေးရှား, စင်ကာပူနိုင်ငံများသို့ ခရီးသွားနေခိုက် ဆရာတော်၏(၃၀-၄-၈၇) နေ့စွဲပါစာကို တပည့်တော်များ ရိပ်သာမှရရှိခဲ့ပါသည်၊ ထိုစာ ရရှိသည့်အတွက် ကျေးဇူးများစွာ တင်ရှိပါသည်၊ ခရီးထွက်နေရသည့်အတွက် ဆရာတော်၏ စာကို ချက်ချင်း မပြန်ကြားနိုင်ခဲ့ပါ၊ (၉-၆-၈၇) နေ့တွင်မှ ပြန်ကြားနိုင်ခဲ့ပါသည်။

နှစ်စဉ် ကထိန်သင်္ကန်း လှူဒါန်းပွဲ အခမ်းအနားကို ၁၉၈၇-ခု နိုဝင်ဘာလ ၁-ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည် ဖြစ်ပါသည်၊ ထိုကထိန်သင်္ကန်း ဆပ်လှူပွဲအပြီးတွင် ၁၉၈၇-ခု နိုဝင်ဘာလ ၃-ရက်နေ့မှစ၍ အထူးကမ္မဋ္ဌာန်း အားထုတ်ပွဲ ၁၀-ရက်စခန်းကို ဆက်လက် ကျင်းပပါမည်၊ ထို ၁၀-ရက်စခန်းသို့ အိန္ဒိယပြည်နှင့် နိုင်ငံခြား တိုင်းပြည်များမှ ဗုဒ္ဓဘာသာဝင်အများအပြား တက်ရောက် အားထုတ်ကြမည် ဖြစ်ပါသည်။

ကထိန်သင်္ကန်း ကပ်လှူပွဲသို့ သံဃာတော် ၅၀-ပါး ကြွရောက်ကြမည် ဖြစ်ပါသည်၊ ထိုကထိန်သင်္ကန်း ကပ်

လှူပွဲသို့ ဂုဏ်ထူးဆောင် ဧည့်သည်အဖြစ် တက်ရောက်တော်မူပါရန်နှင့် အထူး ၁၀-ရက် ကမ္မဋ္ဌာန်း အားထုတ်ပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်အနေဖြင့် တရားဟော, တရားပြ ပြုလုပ်ပေးပါရန် ဆရာတော်အား လေးစားစွာ လျှောက်ထား တောင်းပန် အပ်ပါသည် ဘုရား။

ဤကိစ္စနှင့် ပတ်သက်၍ ဆရာတော်အတွက်နှင့် ဆရာတော်၏ ကပ္ပိယကာရက စကားပြန်အဖြစ် လိုက်ပါမည့် ဦးသောင်းလွင်ကို အိန္ဒိယနိုင်ငံသို့ အသွားအပြန်နှင့် အိန္ဒိယ နိုင်ငံတွင် ရှိနေသည့် ကာလအတွင်း အရပ်ရပ် ကုန်ကျစရိတ်များကို တပည့်တော်များ အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာမှ လုံးဝ တာဝန်ယူပါကြောင်း လျှောက်ထား အပ်ပါသည် ဘုရား၊ ဆရာတော်အား ဖူးမြော် ကန်တော့ခွင့်ကို တပည့်တော်များ မျှော်လင့်တောင့်တနေကြပါသည် ဘုရား။

မေတ္တာတရား ရှေ့ထားလျက်
ရှိသေလေးစားစွာဖြင့်—

**ဒေါက်တာရဋ္ဌပါလဆရာတော်**
အထွေထွေ အကျိုးတော်ဆောင်ချုပ်
အပြည်ပြည်ဆိုင်ရာကမ္မဋ္ဌာန်းရိပ်သာ၊
ဗုဒ္ဓဂယာစာတိုက်၊ ဂယာဒိစတြိတ်၊
ဘီဟာနယ်-အိန္ဒိယ။

# အဖွင့်လွှာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

''ဟောဒီစာမူကို ဖတ်ကြည့်ပြီး ဒါယိကာမကြီး ဒေါ်တင်သိန်းလှက အမှာစကား ရေးပေးပါ''ဟု ပြောပြော ဆိုဆို ညောင်ကန်ဆရာတော် ဦးဣန္ဒက က စာရွက်တွေ တစ်ထပ်ကြီး လှမ်းပေးသဖြင့် လက်ခံဖတ်ရှု ကြည့်မိပါသည်။

ဆရာတော်ဘုရားအား ရှေးမဆွကပင် ညောင်ကန် ဦးဣန္ဒက အဖြစ်နှင့် လည်းကောင်း၊ မဟာစည် သာသနာ့ရိပ်သာ နယ်လှည့် ဓမ္မကထိကအဖြစ်နှင့် လည်းကောင်း၊ ဆောင်းပါးရှင် အဖြစ်နှင့် လည်းကောင်း သိကျွမ်းခင်မင် ကြည်ညိုမှုရှိခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် အမှန်အတိုင်း ဝန်ခံရပါလျှင် ကျွန်မအနေဖြင့် အမှာစကားကို ပထမဆုံးအကြိမ်အဖြစ် ရေးသားရမည်ဖြစ်၍ မဝံ့မရဲဖြစ်မိသည်ကအမှန်။

ဆရာတော်က ''ရေးသာရေးပါ စာမူကို ဖတ်ကြည့်ပြီး ရေးယင် ရပါတယ်''ဟု အားပေးချီးမြှင့်သည့်အတွက် အလုပ်ခွင်များကြားမှ တတ်သမျှ မှတ်သမျှ အမှာစကား ရေးသားရမည်ဖြစ်ရာ ပြည့်စုံကုံလုံမှုမရှိပါက စာရေးသူ၏ တာဝန်သာ ဖြစ်ကြောင်း ဦးစွာနိဒါန်းပျိုး၍ ဝန်ခံချက် ရေးသားလိုက်ရပါသည်။

ဆရာတော်ဘုရား၏ စာမူခေါင်းစဉ်း(ဗုဒ္ဓဘာသာ က-ကြီး၊ ခ-ခွေး ဩကာသကန်တော့ခန်းနှင့် ငါးပါးသီလပေး)ကို ဖတ်

လိုက်ရသည်နှင့် သာမန်အားဖြင့် အခြေခံကို မူတည်ပြီး ရေးသားတော့မည်ကို ခန့်မှန်းရပါသည်။

သို့သော် "က-ကြီး၊ ခ-ခွေး အထင်မသေးနဲ့" ဆိုသကဲ့သို့ မြန်မာစာပေတွင် ကကြီးမှ အ အဆုံး အကုန်လုံးကျေပွန်စွာ တတ်မှ အရာမြောက်သည့်နည်းတူ ဗုဒ္ဓဘာသာတွင်လည်း ဩကာသမှ စကြရသည်သာဖြစ်သည်။

ယခုခေတ် လူငယ်လူရွယ်များ ဘာသာရေးကို လိုက်စားကြသည်၊ ဆန်းစစ်လာကြသည်၊ မေးမြန်းကြသည်၊ ကိုယ်တိုင်လက်တွေ့ စမ်းသပ်လိုကြသည်။

ဤသည်ကို ဘာသာရေးရှုထောင့်မှနေ၍ ဝမ်းသာနေရသည်၊ သူတို့လေးတွေ သိလိုသော လုံးတိုင်း, ခွန်းတိုင်းကို ဖြေဆိုပေးနိုင်ရန် ထင်လွယ်မြင်လွယ်သော ဥပမာများနှင့်လည်း တင်စား၍ ပြသနိုင်ရန် အရေးကြီးလာပါသည်။

လောကတွင် အတိုချုံးသော် အကြောင်းနှင့်အကျိုးသာ ရှိသည်ဆိုသည့် စကားကို အကောင်အထည် ဖော်ပြနိုင်ရန်လည်း အရေးကြီးလာပါသည်၊ သာမန်အနေဖြင့် ပြောမည်ဆိုလျှင်လည်း လူသားများသည် အကျိုးကျေးဇူးကို အလိုရှိကြပါကုန်၏၊ သို့သော် လက်တွေ့၌ အချည်းနှီးဖြစ်မည့် အရာကိစ္စများကိုသာ ပြုလုပ်ပြောဆိုကြပြီး အချိန်ကုန်နေကြသည်သာ များပေသည်၊ မိမိတို့ လုပ်ရပ်များသည် တကယ်တမ်းအကျိုးရှိမရှိကို ဆန်းစစ်မိကြဟန်မတူ၊ (အခါကောင်း အခွင့်ကောင်းကြုံသဖြင့် လူအဖြစ် လူ့ဘဝကို ရလာသည့်အခိုက် ဘုရားဟော ပါဠိလာရှိသည်နှင့်အညီ ဤမမြဲသော ခန္ဓာကိုယ်ကို အရင်းတည်ပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို တက်လှမ်းနိုင်ပေသည်ဆိုသော ယုံကြည်ချက် သဒ္ဓါပြင်းထန်စွာ ထားသင့်သည်)ဟု ဆိုချင်ပါသည်။

ဤနေရာတွင် တစ်ခု ကြားဖြတ်၍ ရေးသားလိုပါသေးသည်၊ “တာဝန်သိသူမှာ တာဝန်ရှိသည်” ဆိုသကဲ့သို့ ၃၁-ဘုံ ကျင်လည်ရသော ဒုက္ခကို သိတော်မူ မြင်တော်မူသော မဟာကရုဏာရှင် သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့၏အကျိုးကို လိုလားတော်မူသည့်အတွက် အချိန်ရှိတိုင်း သံသရာမှ လွတ်မြောက်ကြောင်းကို ဟောကြားတော်မူခဲ့ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမ၌ သက်ဝင်ယုံကြည်ပါလျှင် ကူးမြောက်နိုင်ရန် ကြိုးစားမှုမှာ သတ္တဝါတို့၏ တာဝန်သာ ဖြစ်ပါတော့သည်၊ ကူးမြောက်နိုင်ကြောင်း တရားကောင်းတို့ကိုလည်း ဟောကြားတော်မူခဲ့သည်ဖြစ်၍ ထိုထို ဤဤ ကြံဆကာ့ဝေနေရန် အချိန်မဟုတ်တော့ပြီ ဆိုသည်ကိုလည်း သတိချပ်ရမည်ဖြစ်သည်။

သာသနာတော် စည်ပင်ပြန့်ပွားလာသော ယခုအခါသမယ ကောင်း အချိန်၌ မြန်မာသာမက ကမ္ဘာအရပ်ရပ် လူမျိုး အသီးသီးမှလည်း ဗုဒ္ဓဘာသာ၏ အဆီအနှစ်ကို ခွဲဝေသုံးဆောင်လိုလာကြသည်မှာ မျက်မြင်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် ဦးစွာ ပထမ မိမိတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ လက်ဝယ်ပိုင်ပိုင် နိုင်နိုင် ရရှိထားပြီးသော ဗုဒ္ဓ၏အဆုံးအမကို အတုအနှိုင်း မရှိသော ကျေးဇူးတော် ဂုဏ်တော်နှင့်တကွ သိရှိထားကြရန် လိုအပ်ကြောင်း သတင်းကောင်း ပါးရပါသေးသည်။

အနာဂတ် သာသနာရေးနှင့် စပ်လျဉ်း၍ ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရား ကြိုတင်အမိန့်ရှိပုံကို သတိရနေမိပါသည်၊ အခြားမဟုတ်ပါချေ။

နိုင်ငံအသီးသီး လူမျိုးအသီးသီး တွေက ဗုဒ္ဓရဲ့အဆုံးအမတွေကိုလာပြီး နည်းခံကျင့်သုံးကြမှာပါဗျာ၊ အဲဒီအခါ အိမ်ရှင်ဖြစ်တဲ့ နိုင်ငံက ဧည့်ခံရလိမ့်မယ်၊ ဧည့်ဝတ် ကျေကြလိမ့်မယ်ဗျား” ဟူ၍ ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အနေနှင့်လည်း မဟာစည် သာသနာ့ရိပ်သာကြီးတွင် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ လည်းကောင်း၊ မေတ္တာရှေးရှု ကြွချီတော်မူလျက် တရားအမြိုက်ရသာများကို ချီးမြှင့်ဟောကြားတော်မူခဲ့သည်မှာ နှင်ပေါင်းများစွာပင် ကြားသောင်းခဲ့ပေပြီ၊ ကြည်ညိုလေးစားစွာ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ကြသောနိုင်ငံခြားသားများ အပါအဝင် ရဟန်း၊ ရှင်၊ လူ ယောဂီများစွာတို့မှာလည်း တရားထူးများကို တွေ့ကြုံခံစားရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါသည်။

ဤသို့လျှင် ဩဇ္ဈသည်အနေဖြင့်လည်း လာရကျိုး နပ်ပေပြီ၊ အိမ်ရှင်အနေဖြင့်လည်း ဩဇ္ဈဝတ်ပြုစရာ ရှိနေပေပြီ။

"မသိသူ ကျော်သွား သိသူဖော်စား" ဆိုသကဲ့သို့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများ အနေဖြင့် လည်းကောင်း၊ ဘာသာခြားများမှ လည်းကောင်း၊ သက်ဝင်ယုံကြည်ကာ ဗုဒ္ဓ၏အမြိုက် အရသာကို ခံစားနေကြပြီဖြစ်၍ မိမိတို့အနေဖြင့်လည်း ကိုယ်တိုင်လက်တွေ့ ခံစားနိုင်စေရန် ကျင့်ကြံအားထုတ်ကြစေလိုပါသည်၊ ထို့ကြောင့် က-ကြီး၊ ခ-ခွေးမှစပြီး မသိပါလျှင် ရှေ့သို့ဆက်ရန် ခက်ပါလိမ့်မည်။

ဩကာသကန်တော့ခန်းနှင့် ပတ်သက်၍လည်း မူကွဲများရှိကြောင်းနှင့် ဤစာအုပ်တွင်မူ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဩကာသ ဘုရားရှိခိုးကို ထည့်သွင်းရေးသား ပူဇော်ထားကြောင်း ဖတ်ရှုရပါသည်၊ မူကွဲသော်လည်း ရည်ရွယ်ချက်က အတူတူသာဖြစ်ပါသည်။

ဤစာအုပ်တွင် ရတနာသုံးပါး ဂုဏ်တော်အဖွင့် သီလ၏အကျိုးအဖြစ် ဆုတောင်းခန်းတွင် ပါဝင်သည့် အပါယ်လေးပါးမှအစ အနာမျိုး ၉၆ - ပါးရောဂါဟူသည် အဘယ်နည်း

စသည်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြ ထားပါသည်၊ ''လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်''ဆိုသကဲ့သို့ မိမိတို့နှုတ်မှ ရွတ်ဆိုသွားသမျှ စောင့်ထိန်းသွားမှုတွေကို လုံးတိုင်း ခွန်းတိုင်း အဓိပ္ပာယ်သိရှိပါမှ လေးနက်ပြီး ဆောင်ရွက် ရကျိုးလည်း နပ်ပေလိမ့်မည်၊ ကိုယ်တိုင်သိရှိ သဘောပေါက် နားလည်ပါမှ တစ်ဆင့်ပြန့်ပွားပေးစေလိုသော စေတနာ ကုသိုလ်ဇောများလည်း ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

ပုံတော်ကိုမှန်း ဂုဏ်တော်မှမ်း၍ ကြည်ညိုနိုင်စေရန် လယ်တီဆရာတော် ဘုရားကြီး၏ သတိပဋ္ဌာန ဘုရားရှိခိုးလည်း ထည့်သွင်းထားလိုက်သေးသည်။

ထိုမျှသာမက ရသာပေါင်းခသည့် သတိပဋ္ဌာန်တရား ပွားများပုံ ပွားများနည်းကိုလည်း ထည့်သွင်းထားရာ ကြိုးစားကျင့်ကြံလိုသူ ရဟန်း,ရှင်,လူ များအတွက် ဤစာတစ်အုပ်တည်းဖြင့် သီလ, သမာဓိ, ပညာပြည့်စုံပေလိမ့်မည် ဖြစ်ပါသည်။

အချို့ယောဂီ ပုဂ္ဂိုလ်များ အနေဖြင့် သတိပဋ္ဌာန်ပွားများပုံ ပွားများနည်းကို မကြားဖူး မနာဖူးသူများလည်း ရှိသကဲ့သို့ ကြားဖူးနားဝ ရှိသည့်တိုင်အောင် (ဒီလောက်လွယ်လွယ်နဲ့ဖြစ်မှ ဖြစ်ပါ့မလား)ဟု သံသယစိတ်ဝင်ကာ ဟောပြောသည့်အတိုင်း ကျင့်ကြံအားထုတ်ခြင်း မရှိဘဲ ထင်ရာစိုင်းနှင့် လမ်းဆုံးနေကြသည်ကို တွေ့ဖူးကြုံဖူးပါသည်။

သို့အတွက် ဤသတိပဋ္ဌာန် အလုပ်ပေးတရားတွင် ပါရှိသော (ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။) ဆိုသည့်အတိုင်း ယောဂီတို့တွင် ဖြစ်ပေါ်သမျှ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့၌ အမြဲမပြတ်ရှိသေစွာ စူးစိုက်မှတ်သားမှု ပြုပါက တရားသဘောများကို မုချတွေ့မြင်လာရမည် အမှန်ဖြစ်ပါသည်။

သတိပဋ္ဌာန်-(ခ)

[ ၅ ]

# အဖွင့်လွှာ

ကမ္မဋ္ဌာန်းနှင့်စရိယနှင့် စနစ်တကျအားထုတ် လိုပါကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာ့ရိပ်သာတွင် လည်းကောင်း၊ ဤစာအုပ်ကို ရေးသားပြုစုတော်မူသော ညောင်ကန် ဆရာတော်ဘုရား၏ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ ရိပ်သာတွင် လည်းကောင်း၊ အချိန်မရွေးလာရောက် ရှုမှတ်ပွားများ နိုင်ပါကြောင်းလည်း ဝေတနာကောင်းနှင့် သတင်းကောင်းပါး ရေးသားဖိတ်ခေါ်ပါရစေ၊ တရားတော်၏ ဟေိပဿိက ဂုဏ်တော်အတိုင်း ကိုယ်တိုင်ကျင့်ကြံပွားများ ပါက ဒ.ကာလိကော အချိန်အခါ မလင့်ကောင်းကျိုးချမ်းသာ ရရှိမည်ကား မုချမသွေ ဖြစ်ပါမေတော့သတည်း။

သတ္တဝါဟူသမျှ တရားတွေ့ ချမ်းမြေ့သာယာ ရှိပါစေ။

တက္ကသိုလ်-မွှင့်လန်း

၁၉–၄–၇၁

**မှတ်ချက်။** ။မူလလုံးချင်းစာအုပ်တွင် ပါသောအမှာစာ။

# အဖွင့်လွှာ

## သတိပြုဖွယ်ကောင်းသောအလုပ်နှင့် သတိပြုစရာများ
## (ဓမ္မာစရိယ ဦးဌေးလှိုင်၏ ထင်မြင်ချက်)

ယခုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ကျေးဇူးကြောင့် မြန်မာပြည်၌သာမက ကမ္ဘာနှင့်အဝန်း သတိပဋ္ဌာန်ချမ်းသာ နည်းများ ပြန့်ပွားနေပါပြီ။

ယခုခေတ်၌ လူဖြစ်ကြရသူများ ကံကောင်းကြပါပေစွ၊ ယင်း သတိပဋ္ဌာန်ချမ်းသာနည်းများမှာ ပိဋကကျမ်းဂန်တို့၌ အထင် အရှား အမြဲတစေ ရှိနေခဲ့သော်လည်း လက်တွေ့ကျင့်သုံးသူများ ကား အထင်အရှား အမြဲတစေ ရှိနေကြသည် မဟုတ်၊ ရံခါ နှစ် ရာပေါင်း ထောင်ချီ၍ ငုပ်ကွယ်နေတတ်၏၊ တစ်ခေတ်တစ်ခေတ် မှသာ ဆန်းသစ်လာမြဲဖြစ်သည်။

တစ်ကြော့ပြန်လည်ဆန်းသစ်လာသောအခါတွင်လည်း ဓော် တော်နှင့် အထိုင်မကျ အသစ်အဟောင်း ဝိရောဓိတို့က ရှိတတ် စမြဲပင်၊ အစစ်အမှန်အကျိုးရှိသော တိုးတက်မှုပင် ဖြစ်စေကာမူ စနစ်ဟောင်း အတွေးဟောင်း အမှားတို့၏ အဟန့်အတားကား အနည်းအများ ရှိစမြဲဖြစ်၏၊ ကမ္ဘာတွင် မော်တော်ကားများ ပေါ်စက မြင်းလှည်းသမားထုက ကန့်ကွက်ခဲ့ကြ၏၊ လျှပ်စစ်မီး ပေါ်ကာစကလည်း သံဖြူ ရေနံဆီမီးခွက်သမားတို့က ငြင်းဆန် ဆန္ဒပြခဲ့ကြဖူး၏။

နောက်ဆုံး သိပ္ပံပညာတွင် အထွတ်အထိပ်ဖြစ်သော အနုမြူ နည်းလမ်းကို ထုတ်ဖော်ခဲ့သူ အိုင်းစတိုင်းကိုပင် ငြင်းဆန်ကန့် ကွက် ပျက်ရယ် ပြောင်လှောင်ခဲ့ကြဖူး၏။

မည်သို့ပြစ်စေ လျှပ်စစ်နှင့် အနုမြူ ဓာတ်အားများကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြသဖြင့် ကမ္ဘာလူသားတို့အတွက် အကျိုးများစွာ ဖြစ်ထွန်းစေခဲ့၏၊ လိုလျှင် လိုသလောက် ပူစေ, အေးစေ, လင်းစေ, လည်စေ, လျင်စေနိုင်၏၊ မြေကြော လေကြောများကို ရှုံ့စေခဲ့သည်။

လျှပ်စစ်, အနုမြူတို့သည် လူသားတို့အား သို့စင် ကျေးဇူးပြုနေ၏၊ သို့ရာတွင် ယင်းဓာတ်အား သတ္တိတို့ကို နားမလည်သော မရှိမသေ ကိုင်တွယ်သော မတရား သုံးစွဲသောသူတိုင်း အတုံးအရုံး ဓာတ်လိုက်ကာ အကျိုးမဲ့သေကြေပျက်စီးရသူတွေ အနန္တ ရှိလေသည်။

လောကုတ္တရာ ရေးရာတွင်ကား ဆိုဖွယ်ရာမရှိပြီ၊ သဘောတရား တစ်ခုကို ထုတ်ဖော်သောပုဂ္ဂိုလ်၏ ကျေးဇူးဂုဏ် ကြီးမြတ် မြင့်မားသလောက် ထုတ်ဖော်သောတရားတော်၏ လူသားတို့အပေါ် ကျေးဇူးကြီးမား အင်အားသတ္တိ ထက်မြက်သလောက် ထိုပုဂ္ဂိုလ်နှင့် ထိုတရားကို ဆန့်ကျင်ကန့်ကွက်သော အင်အားစုမှာလည်း ကြီးထွားလာစမြဲဖြစ်လေသည်။

မွေး သေ သံသရာ အတ္တကမ္ဘာကြီးတွင် မွေး သေလွတ်, လောကလွန် မသေဓာတ်, အနတ္တသဘောတရားကြီးသည် နတ်နှင့် တကွသော သုံးလောက၌ အတိုင်းအဆ မရှိသော အကျိုးစီးပွား များစေခဲ့သည် မှန်သော်လည်း ထိုသဘောတရားကြီးကို ထုတ်ဖော်တော်မူခဲ့သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဆန့်ကျင်ဘက်ပြုသူအချို့ ရှိခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်ကား—

"ငါသည် လောကကြီးနှင့် မငြင်းခုံ၊ လောကကြီးကသာ ငါ့ကို ငြင်းခုံနေကြသည်၊ တရားသဖြင့် ညွှန်ပြ ပြောဟောသူ ဓမ္မဝါဒီပုဂ္ဂိုလ်သည် မည်သူနှင့်မျှ ငြင်းခုံစရာ မရှိ"ဟု လည်းကောင်း၊

"တစ်လောကလုံး ကိုယ်ကျင့် ပျက်သွမ်းသူတွေ များပြားလှသည်၊ အာနန္ဒာ....စစ်မြေပြင်၌ အရပ်လေးမျက်နှာမှ လာသောရန်သူ့ မြားဒဏ်ကို ကြံ့ကြံ့ကြီးခံသော ဆင်ပြောင်ကြီးကဲ့သို့ ဆန့်ကျင်ဟောပြော ဆဲရေးခြင်းမှန်သမျှ ကြံ့ကြံ့ကြီးသာ ငါဘုရား သည်းခံသွားမည် အာနန္ဒာ...."ဟု လည်းကောင်း၊

မေတ္တာနှင့် သည်းခံ ခွင့်လွှတ်ခြင်း ဝါဒကို ပြတ်ပြတ်ကြီးကြေညာကာ ရှစ်ဖြာမဂ္ဂင် ကျင့်စဉ်ဖော်ပြသော အနတ္တဝါဒကို တစ်ဘဝတာလုံး ညွှန်ပြတော်မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကား ယင်းသို့သော ဆန့်ကျင်ဘက် အခက်အခဲတွေ ကြားကပင် ထိုတရားကို ကိုယ်တော်တစ်ပါးတည်းသာ ဟောပြောဖြန့်ချိတော်မူသည်မဟုတ်၊ ကိုယ်တော်နှင့်ထပ်တူ ဟောညွှန်တော်မူနိုင်သော ခီဏာသဝ သာဝက တပည့်တော် ၆-ကျိပ်တို့ စုစည်းရရှိသည်နှင့် တစ်ပြိုင်နက် "စရထ ဘိက္ခဝေ စာရိကံ" တစ်လောကလုံး အကျိုးစီးပွား ချမ်းသာများအောင် ဒေသစာရီလှည့်လည်ဟောကြားရန် နှစ်ပါးပေါင်း၍ ခရီးတစ်ကြောင်းတည်းကိုပင် မသွားရန်စေလွှတ်တော်မူခဲ့၏။

နတ်နှင့်တကွသော သုံးလောကလုံး ရှစ်ဖြာမဂ္ဂင် သတိပဋ္ဌာန်ကျင့်စဉ်ကြောင့် အသခ်တ အငြိမ်းဓာတ်သို့ ကပ်ရောက်ရသူအသချေ အနန္တရှိလေပြီ၊ မရှိမသေ မထိမဲ့မြင်လုပ်၍ ဓာတ်လိုက်ဆုံးရှုံးရသူတွေလည်း မရေတွက်နိုင်ချေ။

ထို့အတူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးလည်း ခမည်းတော်ရိုက်ရာကို ဆက်ခံရာ၌ ခန္တီနှင့် မေတ္တာ လက်နက်ကိုင်စွဲ၍ အမျိုးမျိုးသော အနှောင့်အယှက် အခက်အခဲများကြား ကြိုးစား၍ သတိပဋ္ဌာန်သာသနာပြုတော်မူခဲ့၏။

တစ်လနှစ်လခန့်မျှရှုမှတ်ပွားများရုံနှင့် ဝိပဿနာဉာဏ်အထူးမဂ်ဖိုလ်တရားထူးရသူတွေ သိန်းချီ၍ တိုးပွားလာနေကြောင်း

ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်းကြီး ကမ္ဘာလှည့်၍ပင် ဖွင့်ဟ ဝန်ခံတော်မူထား၏၊ နှစ်ပေါင်းများစွာ စာတွေရေလက်တွေ့ပါ သည်းခံညွှန်ပြလျက် တည့်တည့်ကြီး ပြောနေသည့် ကြွားကပင် ရေနံဆီမီးခွက်ကြီး အပြိုင်ထွန်းညှိကာ "ငါ့ဘဝမှ အလင်းရောင် အစစ်"ဟု ကျယ်ကျယ်တစ်မျိုး, တိုးတိုးတစ်ဖုံ ဂုဏ်ပြိုင်အံတုရင်း ခေတ်လိုက် သေဆုံးသွားကြရရှာသော ပညာရှိကြီးတွေလည်း အနန္တပင်၊ တချို့လည်း တဆန့်ငင်ငင်ခေတ်လိုက်နေကြဆဲ။

မည်သို့ရှိစေ ဆရာတော်ဘုရားကြီးကား ခမည်းတော် ဘ ဘုရား လမ်းစဉ်အရ "စရထ ဘိက္ခဝေ စာရိကံ"ပရိယတ်၊ ပဋိပတ် အမာခံ တပည့်ကြီးများအား ခန္တီနှင့် မေတ္တာ လက်နက်များ အပ်နှင်းကာ ပြည်တွင်းပြည်ပ ကမ္ဘာ့အတိုင်းအတာအထိ သတိ ပဋ္ဌာန် တရားစည်ကြီးကို လှည့်လည်ဆော်တီးရန် စေလွှတ်တော် မူ၏။

"မဟာစည်နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖွဲ့ကြီး" ပင် ဖြစ်၏၊ ထိုအဖွဲ့ကြီးကား မြတ်စွာဘုရားရှင်၏ ပထမဆုံးသော ရဟန္တာအရှင်မြတ် ၆-ကျိပ်တို့ပမာ လှည်းနေလှေအောင်း မြင်း ဇောင်းမကျန် နိုင်ငံအဝန်း သတိပဋ္ဌာန်တရား အမြိုက်ရည် ယှမ်းတော်မူနေကြ၏။

ထို အဖွဲ့ကြီးတွင် "ညောင်ကန်အေးရိပ်သာ ဆရာတော် (ညောင်ကန် အရှင်ကုဏ္ဍက) ကား အကျိုးတော်ဆောင်ဖြစ်၏၊ အဟောအပြောတွင်မက အရေးအသားလည်း ကျွမ်းကျင်တော် မူသဖြင့် အမျိုးမျိုးသော နယ်လှည့်တရားအတွေ့အကြုံရေးသား ချက်စာအုပ်များ, သတိပဋ္ဌာန်ဆိုင်ရာတရားတော်များ အကြိမ် ကြိမ်ထပ်မံ ရိုက်နှိပ်နေရပေသည်။

"ညောင်ကန် အရှင်ကုဏ္ဍက ဒီဦးပဥ္စင်းက ပါရမီတစ် မျိုးကွ၊ သူ့ဟာက တိုတိုကျဉ်းကျဉ်းနဲ့ **လိုရင်းမိအောင်** တယ် ရေးတတ်တယ်"

**သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး သံဃာ ၁၀၀၀** စည်းဝေးတွေ့ဆုံကြစဉ် ဆရာတော်ကြီး တစ်ပါးထံမှ စာရေးသူ ကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားနာမှတ်သားခဲ့ရသော စကား တစ်ခွန်းဖြစ်ပါသည်၊ ညောင်ကန် အရှင်ဋ္ဌနကအတွက် မင်္ဂလာ **စကား အားဆေးတစ်ခွက်ဖြစ်၏။**

ယခုလည်း ညောင်ကန်အေးရိပ်သာဆရာတော် ညောင်ကန် အရှင်ဋ္ဌနကက "ငိုကြွေးကင်းရန်သတိပဋ္ဌာန်တရားတော်" အမည် ဖြင့် ဟောပြော ရေးသားတော်မူ၏၊ မဟာ သတိပဋ္ဌာနသုတ် အဋ္ဌကထာ ဖွင့်ဆိုချက်ကို ခြေရာခံ၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောပြောရေးသားဟန်ကို နည်းယူဖွင့်ဆို ထားခြင်းဖြစ်ပေသည်။

သတိပဋ္ဌာန်အလုပ်စခန်းတွင် နိဗ္ဗာန်လမ်းအဆုံးအထိ ကိုယ်စီ ကိုယ်စီ အပိုအလိုမရှိဘဲ ထိမိလှသော ဟောပြောရေးသားချက် များဖြစ်ကြောင်း စာရှုသူ ဓမ္မမိတ်ဆွေ ယောဂီတို့ ကိုယ်တိုင် ဖတ်ရှုကြည့်ညိုရပါလတ္တံ့။

* ပညောင်အရိပ်, ကန်ဦးထိပ်, အေးရိပ်ခိုနားဖွယ်။
* သတိပဋ္ဌာန်း, မဂ္ဂင်လမ်း, ဖြောင့်တန်း သန္တိနယ်။
* ပူပန်ဆင်းရဲ, ငိုမစဲ, ငိုပွဲဇာတ်သိမ်းမယ်။

ဓမ္မာစရိယ-ဦးဌေးလှိုင်

(၂၄-၉-၁၉၈၁)

မှတ်ချက်။ ။မူလလုံးချင်း စာအုပ်တွင် ပါသော အမှာစာ။

# အမှာစာ နိဒါန်း

နိဒါတိ ဒေသကာလာဒိဝသေန ဒေသနံ အဝိဒိတံ ဝိဒိတံ ကတွာ နိဒဿေတီတိ နိဒါနံ-ဟူ၍ ပရိယတ္တိကျွမ်းကျင်သူ ပညာရှင်ကြီးများက ဤကဲ့သို့ ဝိဂ္ဂဟ် ဝစန ဖွင့်ပြတော်မူခဲ့ကြပေသည်။

အဓိပ္ပါယ်မှာ နိဒါန်း-ဟူသည် တရားဟောကြားသည့် အခါကာလ, ဟောကြားသည့် အရပ်ဒေသ, ဟောကြားမည့် ပုဂ္ဂိုလ်, အကြောင်းပြုအဟောခံရသည့် ပုဂ္ဂိုလ်-အစရှိသည်တို့၏ အစွမ်းဖြင့် မထင်ရှားသည်ကို ထင်ရှားအောင် ပေါ်လွင်အောင်ပြု၍ ပြည့်စုံစွာဖော်ပြတတ်သောကြောင့် နိဒါန်းမည်ပါသည်။

## ၁။ မဟာသတိပဋ္ဌာနသုတ်နိဒါန်း

သာဓကဆောင် ထင်အောင်ပြပါဦးမည်၊ ဤ "သတိပဋ္ဌာန်ကြွေးကြော်သံ တရားတော်" တတိယပိုင်း အမည်ရှိ တရားတော်မှာ မဟာသတိပဋ္ဌာနသုတ်တွင် ပါရှိပါသည်။

(က) ဤမဟာသတိပဋ္ဌာနသုတ်ကို ဘယ်မှာ ဟောသလဲဆိုယင် ကမ္မာသဓမ္မနိဂုံးတွင် ဟောတော်မူပါသည်။

(ခ) အဘယ်အခါမှာ ဟောသလဲဆိုယင် ကမ္မာသဓမ္မနိဂုံးရွာကြီးတွင် မြတ်ဘုရား သီတင်းသုံးတော်မူစဉ် အခါတစ်ပါးတုန်းက ဟောပါသည်။

(ဂ) ဘယ်သူဟောသလဲဆိုယင် မြတ်စွာဘုရား ဟောပါသည်။

(ဃ) ဘယ်သူ့ကို အကြောင်းပြု ဟောပါသလဲဆိုယင် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး ရှိသူရှိသားများကို အကြောင်းပြု၍ ရဟန်း,ရှင်,လူ ပရိသတ်များအား ဟောကြားပါသည်။

## ၂။ မဋ္ဌာစာရာဝတ္ထုနိဒါန်း

နောက်တစ်ခု သာဓကပြပါဦးမည်၊ ဤ မဟာသတိပဋ္ဌာန် ကြွေးကြော်သံတရားတော် တတိယပိုင်းတွင် ပါရှိသော ပဋ္ဌာစာရာ ဝတ္ထုသည် ခုဒ္ဒကနိကာယ် ဓမ္မပဒ၌ ပါရှိပါသည်။

(က) အဘယ်မှာဟောသလဲဆိုယင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်းတွင် ဟောပါသည်။

(ခ) အဘယ်အခါမှာ ဟောသလဲဆိုယင် မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော မွန်းလွဲပိုင်းအခါကာလတွင် ဟောပါသည်။

(ဂ) ဘယ်သူဟောသလဲဆိုယင် ဂေါတမနွယ်ဖွား ငါတို့ မြတ်စွာဘုရားဟောပါသည်။

(ဃ) အဘယ်သူကို အကြောင်းပြု၍ ဟောသလဲဆိုယင် သာဝတ္ထိပြည်သူ အရှင်မလေး ပဋ္ဌာစာရာကို အကြောင်းပြု၍ အရှင်မလေး အပါအဝင် ရဟန်း,ရှင်,လူ ပရိသတ်အား ဟောကြားပါသည်။

ဤဖော်ပြချက်တို့မှာ နိဒါန်း ဖြစ်ပါသည်။

## ၃။ သတိပဋ္ဌာန်ကြွေးကြော်သံတရားတော် နိဒါန်း

ဤ နိဒါန်းရေးလျက်ရှိသော "သတိပဋ္ဌာန် ကြွေးကြော်သံ တရားတော်"သည် အဘယ်ဘွင် ပါရှိပါသလဲဆိုယင် ဒီဃနိကာယ် မဟာဝဂ္ဂ မဟာသတိပဋ္ဌာနသုတ်ပါဠိတော် အဋ္ဌကထာနှင့် ခုဒ္ဒကနိကာယ် ဓမ္မပဒ အဋ္ဌကထာတို့တွင် ပါရှိပါသည်၊ ထို့ပြင် ဘုရားဟောပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့်အညီ

ဟောကြား ပြုစုထားသော မဟာစည် ဝိပဿနာရှုနည်းကျမ်း ပထမတွဲ၊ ဒုတိယတွဲနှင့် မဟာစည်မှု မဟာသတိပဋ္ဌာနသုတ် နိဿယသစ်တွင်လည်း ပါရှိပါသည်။

## ဘယ်မှာဟောသလဲ

(က) ဤဖော်ပြပါ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၊ အဋ္ဌကထာနှင့် ဓမ္မပဒအဋ္ဌကထာ၊ မဟာစည် ဝိပဿနာရှုနည်း (ပ-ဒု)၊ မဟာစည်မှု မဟာသတိပဋ္ဌာနသုတ် နိဿယသစ်တို့မှ ဆီလျော်အောင် ထုတ်နုတ်စုစည်းကာ ဟောကြားထားသော "သတိပဋ္ဌာန် ကြွေးကြော်သံတရားတော် တတိယပိုင်း" အမည်ရှိ တရားတော်ကို အဘယ်မှာစတင်ဟောသလဲဆိုယင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရပ်ကွက် ရန်ကုန် အင်းစိန်လမ်းမကြီး အမှတ် ၆ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ သာသနာ့အေးဓမ္မာရုံကြီးတွင် ဟောကြားပါသည်။

## ဘယ်အခါမှာ ဟောသလဲ

(ခ) ဘယ်အခါမှာ ဟောကြားပါသလဲဆိုယင် ၁၃၄၃-ခုနှစ် ဝဿာန မိုးဥတု ဝါတွင်းကာလ ဥပုသ် သီတင်းနေ့များတွင် ဟောကြားခဲ့ပါသည်။

## ဘယ်သူဟောသလဲ

(ဂ) ဘယ်သူ ဟောသလဲဆိုယင် မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ညောင်ကန်အေး ဆရာတော်ဘုရား ဟောကြားတော်မူပါသည်။

## ဘာ့ကြောင့် ဘယ်သူ့အား ဟောသလဲ

(ဃ) ဘယ်သူ့ကို အကြောင်းပြု၍ ဘယ်သူ့အား ဟောကြားပါသလဲဆိုယင် အိန္ဒိယနိုင်ငံ ဘုရားပွင့်ရာ ဗုဒ္ဓဂယာ၌ တည်ရှိသော အပြည်ပြည်ဆိုင်ရာ ဝိပဿနာအသင်းက ၁၉၈၇-

ခုနှစ် နိုဝင်ဘာလ တစ်ရက်မှစ၍ ကျင်းပမည့် ကထိန်သင်္ကန်း အလှူပွဲနှင့် ဝိပဿနာတရား ၁၀-ရက်စခန်း တရားအားထုတ်ပွဲသို့ ကြွရောက် တရားဟော တရားပြပါရန် ပင့်လျှောက်ရာတွင် ဟောကြားရန် စီစဉ်ထားသော ဤ''မဟာသတိပဋ္ဌာန် ကြွေးကြော်သံ တရားတော်များ''ကို မြန်မာပြည် မဟာစည်သြဝါဒခံ ဩဘာကန်အေးသာသနာ့ရိပ်သာ ဥပုသ်သည် ယောဂီ ရဟန်း, ရှင်, လူ ပရိသတ်တို့အား ဦးစွာ ပထမ ဟောကြားတော်မူပါသည်။

## ဩဘာကန်အေးတရားနာပရိသတ် ဘယ်နှစ်မျိုးရှိသလဲ

ဤမည်သော မဟာစည်သြဝါဒခံ ဩဘာကန်အေး သာသနာ့ရိပ်သာ တရားနာပရိသတ်သည် ဘယ်နှစ်မျိုး ရှိပါသနည်းဟူမူ—

၁။ ဥပုသ်သည် ပရိသတ်၊

၂။ ရဟန်းယောဂီ, လူယောဂီ ပရိသတ် ဟူ၍ နှစ်မျိုး ရှိပါသည်။

## ဥပုသ်သည် တရားနာဟူသည်

ဤ မဟာစည် သြဝါဒခံ ဩဘာကန်အေး သာသနာ့ရိပ်သာကို ၁၃၄၂-ခု သီတင်းကျွတ်လ ခရစ်နှစ် ၁၉၈၀-ခု အောက်တိုဘာလ၌ စ, တင် တည်ထောင်ခဲ့ပါသည်၊ ထိုတည်ထောင်သည့်နှစ်မှစ၍ အခါအားလျော်စွာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်နာယကကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်ဘုရားများ၏ တရားပွဲများကိုလည်း ကျင်းပခဲ့ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး နိုင်ငံတော် သံဃမဟာ

နာယက ဆရာတော်ဘုရားကြီးများကိုပင့်၍လည်း ဩဝါဒခံယူပူဇော်ပွဲများကို ကျင်းပခဲ့ပါသည်။

မဟာစည်ယောဂီ သာသနာ့ဒါယကာကြီးဦးနု၏ ဝိပဿနာတရားပွဲကိုလည်း ကျင်းပခဲ့ဖူးပါသည်။

ထိုသို့ အထူးတရားပွဲများ ကျင်းပတိုင်းပင် ညောင်ကန်အေးရိပ်သာတွင်းရှိ ပေ ၆၀၊ ပေ ၉၀-ရှိသော သာသနာအေးဓမ္မာရုံကြီး ပြည့်လျှံအောင်ပင် တရားနာပရိသတ်များ ရာ, ထောင်ချီ၍ စည်ကားခဲ့ပါသည်။

ထို စတင်တည်ထောင်သည့်နှစ်မှ စ၍ပင် ဤညောင်ကန်အေး သာသနာ့ရိပ်သာ၌ နေ့စဉ်ယောဂီများအား မွန်းလွဲ ၂-နာရီမှ ၃-နာရီအထိလည်းကောင်း၊ ဥပုသ်သီတင်းနေ့တိုင်းတွင် မွန်းလွဲ ၂-နာရီမှ ၄-နာရီအထိလည်းကောင်း တရားပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း မဟာစည် သာသနာ့ရိပ်သာကြီး၌ကဲ့သို့ ကျင်းပခဲ့ပါသည်။

ရိပ်သာ တည်ထောင်စ နှစ်ဦးပိုင်း တစ်နှစ်, နှစ်နှစ်, သုံးနှစ်လောက်မှ ဥပုသ်နေ့တိုင်း တရားပွဲတွင်မူ တရားနာဥပုသ်သည် တရားနာပရိသတ်မှာ ၅၀-မှ ၂၀၀-(နှစ်ရာ)ခန့် အထိသာ ရှိခဲ့ပါသည်၊ ထို့ကြောင့် "လိမ္မာယဉ်ကျေး, တရားရေး, အားပေးနာကြား ကျင့်ပွားမည်" ဟူသော ညောင်ကန်အေးအဓိဋ္ဌာန်နှင့် "ညောင်ကန်အေးတွင်, တရားဝင်, အစဉ်ငြိမ်းချမ်း ကြစေသော်" ဟူသော ညောင်ကန်အေးဆန္ဒမွန်နှင့်အညီ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က ယောဂီတိုးပွားရေး, ဥပုသ်သည် တိုးပွားရေးများကို စည်းဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ကြပါသည်။

ထိုအခါ အမှုဆောင်များ အုပ်စုလိုက် အရေအတွက် သတ်မှတ်၍ စနေနေ့တိုင်း နေ့ချင်းပြန် တရားအားထုတ်လာရောက်ကြခြင်း, ဥပုသ်နေ့တိုင်း ဥပုသ်စောင့်, တရားနာ, တရားအား

ထုတ်ကြခြင်းဖြင့် ညောင်ကန်အေးရိပ်သာတွင် ယောဂီတိုးပွား၍ ဥပုသ်သည် တရားနာယောဂီများလည်း တိုးပွားခဲ့ပါသည်။

အထူးအားဖြင့် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ လမ်းညွှန် ဦးသျှောင်နာယကကြီး ဦးဘညိန်သာ၊ ဆေးတိုက်ပိုင်ရှင် ကေမ္ဗာဦးမောင်သည် သူ၏အလုပ်တိုက်မှ လုပ်သားများတွင် ဥပုသ်နေ့၌ ဥပုသ် စောင့်လိုသူများအား ရွေးကောက်၍ ဥပုသ်နေ့တွင် လုပ်အားခမပျက် အနားပေးပြီး ညောင်ကန်အေးရိပ်သာသို့ နိဗ္ဗာန်ကူးတို့ ကားကြီး၊ ကားပိုလျက် ကားကာစီးစာ ဥပုသ်သည် ယောဂီများကို အားဖြည့်ကုသိုလ်ပြုပေးပါသည်။

ထို့ကြောင့် ညောင်ကန်အေး ရိပ်သာတွင် ဥပုသ်သည်များမှာ တစ်နေ့တခြား တိုးပွားလာခဲ့ရာ ယခုအခါ ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း ၃၀၀-ခန့်ရှိ၍ တရားနာချိန်တွင် လာရောက်သော တရားနာမှာ ၂၀၀-ခန့်ရှိသဖြင့် ဥပုသ်နေ့တိုင်း တရားနာ ပရိသတ် ၅၀၀-ခန့် ရှိခဲ့ပါသည်။

## ဥပုသ်စောင့် တရားနာ ကျင့်ပွားပုံ

ဤမဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာသို့ ဥပုသ်နေ့တွင် ဥပုသ်စောင့် တရားနာ၊ တရားအားထုတ်လာကြသူများအား ဆွမ်းစရိတ် အထူးမကောက်ခံဘဲ သီးခြား ဆွမ်းကုသိုလ်ရှင်များက ကုသိုလ်ဖြစ် ကျွေးမွေး ဒါနပြုကြပါသည်။

ဥပုသ်သည်များသည် ဥပုသ်နေ့တိုင်းနံနက် ၈-နာရီအရောက် လာကြ၍ တရားမကျင့်ပွားဖူးသေးသူ အသစ်ပါရှိပါက မဟာစည် ဝိပဿနာအလုပ်ပေးတရားကို နာကြားရပါသည်၊ တရားနာကြားပြီးသော် ထိုနည်းအတိုင်း တရားရှုမှတ် နေကြရပါသည်။

နံနက် ၉-နာရီခွဲတွင် ညောင်ကန်အေး ဆရာတော်ဘုရားထံ ရှစ်ပါး ဥပုသ်သီလများကို ခံယူဆောက်တည် ကျင့်သုံးကြရ

ပါသည်၊ ဥပုသ်ရှစ်ပါးသီလ ဆောက်တည်ပုံကို သီးခြားဖော်ပြ ထားပါသည်၊ သီလခံယူပြီးနောက် တရားကျင့်ပွား နေကြရ ပါသည်။

နံနက် ၁၀-နာရီခွဲ အချိန်တွင် အချက်ပေး ကြေးစည် တီးသော် သတိအမှတ်တရားဖြင့် ရဟန်း, ရှင်, လူ ကြီးစဉ် ငယ် လိုက် တန်းစီလျက် ဆွမ်းစားကျောင်းသို့သွား၍ အလှူရှင်များ၏ ကောင်းမှုတို့ကို သာဓုခေါ်၍ မေတ္တာပို့ပြီး သတိအမှတ်ဖြင့်ပင် နေ့စာ ဆွမ်းဘုဉ်းပေးကြရပါသည်။

ဆွမ်းစားပြီးနောက် မွန်းတည့် ၁၂-နာရီအထိ သတိ အမှတ် ဖြင့် အနည်းငယ်နားပြီး စင်္ကြံလမ်းလျှောက် တရား မှတ်ကြရ ပါသည်။

မွန်းတည့် ၁၂-နာရီမှ မွန်းလွဲ ၁-နာရီအထိ ထိုင်လျက် တရားရှုမှတ်ကြရပါသည်၊ မွန်းလွဲ ၁-နာရီမှ ၂-နာရီအထိ လမ်းလျှောက်တရားမှတ်စဉ် ဝေယျာဝစ္စအဖွဲ့မှ ညောင်ကန်အေး ရိပ်သာ အလှူပဒေသာ ကုသိုလ်ရှင် ကြေညာသည်ကို ကြားနာ ပြီး သာဓုခေါ်ရပါသေးသည်။

မွန်းလွဲ ၂-နာရီအချိန်တွင် ညောင်ကန်အေး ဆရာတော် အမှူးရှိသော ကက်ထောက်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကများက ဟောကြားသော တရားတော်ကို ကြားနာကြရပါသည်။

တရားပွဲပြီးသော် အချိန်ရသေးက တရားရှုမှတ်ပြီး အိမ်ပြန် ကြပါသည်၊ အချိန်မရက တရားပွဲ ပြီးပြီးချင်း အိမ်ပြန်ကြပါ သည်။

စနေနေ့တိုင်း နေ့ချင်းပြန် ဥပုသ်စောင့် တရားနာကြားသူ များလည်း ဥပုသ်သည် ယောဂီများနည်းတူ လိုက်နာ ကျင့်သုံး ကြရပါသည်။

## ဩောင်ကန်အေး ယောဂီများ တရားကျင့်ပွားပုံ

မဟာစည် ဩဝါဒခံ ဩောင်ကန်အေး သာသနာ့ရိပ်သာသို့ ရဟန်းဝတ်, ရှင်သာမဏေဝတ်ဖြင့် တရားဝင် ကျင့်ပွား အား ထုတ်လိုလျှင် ဗုဒ္ဓ ဝိနည်းတော်နှင့် လျော်ညီစွာ မိမိသီလကို စင်ကြယ်အောင်ဆောင်ရွက်ခဲ့ပြီးနောက် ဦးစွာ ဩောင်ကန်အေး ဆရာတော်ထံ ခွင့်ပန်ပြီး ဆရာတော်၏ ဩဝါဒကို ခံယူလျက် ခွင့်ပြုချက်ရက မိမိ၏ သာသနာဝင်မှတ်တမ်းကိုပြ၍ အနန္တအေး ဓမ္မသာလာရုံးခန်းတွင် စာရင်းသွင်း ဖောင်ဖြည့်ရပါသည်။

ထို့နောက် နေရာချထားရေး ဆရာတော် ညွှန်ကြားသည့် နေရာ၌ ကိုယ်ပိုင်အိပ်ရာလိပ်, ခြင်ထောင်ဖြင့် နေရာယူခင်းကျင်း ရပါသည်၊ ရဟန်းတော်, ရှင်သာမဏေ ယောဂီအတွက် နံနက် ၈-နာရီခွဲတွင် နာရီဝက်ခန့် စိတန်းဆွမ်းခံကြွခြင်းဖြင့် ဆွမ်း စရိတ်ပေးသွင်းရန်မလိုပါ။

လူဝတ်ဖြင့် တရားကျင့်လိုလျှင် မိမိ၏အုပ်ထိန်းသူ, သို့မဟုတ် အာမခံသူပါ လိုက်ပါလာပြီး ဩောင်ကန်အေး ဆရာတော်ထံ ခွင့်ပန်, ဩဝါဒခံ၍ ခွင့်ပြုချက်ရက မိမိ၏ မှတ်ပုံတင်ကို ပြ၍ အနန္တအေး ဓမ္မသာလာရုံးခန်းတွင် စာရင်းသွင်း ဖောင်ဖြည့်ရ ပါသည်၊ မိမိနေထိုင်ကျင့်ပွားမည့် ရက်ကိုမှန်း၍ တစ်နေ့လျှင် ဆွမ်းစရိတ် ၅-ကျပ်နှုန်း ငွေလှူဖြတ်ပိုင်းယူရပါသည်၊ထို့နောက် နေရာချထားရေးဝန်ဆောင်၏ ညွှန်ကြားသော နေရာတွင် ကိုယ် ပိုင် အိပ်ရာလိပ်, ခြင်ထောင်ဖြင့် နေရာယူ ခင်းကျင်းကြရပါ သည်။

ညနေ ၅-နာရီ အချိန်တွင် တစ်နေ့တည်း ရောက်သော ယောဂီအားလုံး ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြား အသံသွင်းထားသော ဝိပဿနာ အလုပ်ပေး တရား တော်ကို စက်ဖြင့် ဖွင့်ပြရာ၌ဌာနဌ် ဟဆုး နာကြား သင်ယူရပါ သည်။

အလုပ်ပေးတရားနာကြားပြီးချိန်မှစ၍ ဆရာတော်၏ဩဝါဒ နှင့် ရိပ်သာစည်းကမ်းအတိုင်း သွား,ရပ်,ထိုင်,လျောင်း ဣရိယာပုထ် ၄-ပါးလုံးဖြင့် သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ပွား အားထုတ်ရပါသည်၊ တရားကျင့်ပွားနည်းမှာ ဤ''သတိပဋ္ဌာန် ကြွေးကြော်သံတရားတော်''တွင် ပါရှိပြီးဖြစ်ပါသည်။

ညနေ ၆-နာရီခွဲအချိန်တွင် ရဟန်း,ရှင်,လူ ယောဂီအားလုံး ကြီးစဉ်ငယ်လိုက် တန်းစီထိုင်လျက် ဘုရားရှိခိုးကြရပါသည်၊ ဘုရားရှိခိုးဆိုရိုးမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ ညွှန်ကြားချက်အတိုင်း အသင့်ပုံနှိပ်ထားသော ဧည့်ကန် အေး ဝတ်ရွတ်စဉ်ကို နာရီဝက်ခန့်မျှ ညီညီညာညာ ရွတ်ဆိုရှိခိုး ကြရပါသည်။

ပြီးသော် ည၇ ၉-နာရီအထိ သာသနာအေး ဓမ္မာရုံကြီး အတွင်းဝယ် စုပေါင်း၍ တရားကျင့်ပွားကြရပါသည်၊ ည၇ ၉-နာရီ အချိန်ရောက်သော် မိမိနေရာတွင် ပြန်၍ ည၇ ၁၀-နာရီ အထိ တရားကျင့်ပွား၍ အိပ်စက်ကြရပါသည်။

နံနက် ၃-နာရီခွဲ တုန်းခေါက်သံကြားရသော် သတိအမှတ် ဖြင့် အိပ်ရာမှထပြီး သတိအမှတ်ဖြင့် မျက်နှာသစ်ခြင်း, ကိုယ် လက် သန့်စင်ခြင်းများကို ပြုလုပ်ကြရပါသည်၊ ထို့နောက် သတိ အမှတ်တရားဖြင့်ပင် သာသနာအေး ဓမ္မာရုံတွင်းသို့ ၄-နာရီ အရောက်လာ၍ စုပေါင်းတရားကျင့်ပွားကြရပါသည်။

နံနက် ၅-နာရီအချိန်တွင် ရှစ်ပါးသီလခံယူကြပြီး အတိုချုပ် ဘုရားဝတ်ပြု အမျှဝေကြရပါသည်၊ ထို့နောက် ဥတုရာသီ အလိုက် အရုဏ်တက်ချိန်တွင် အချက်ပေး ကြေးစည်တီးသော် အမှတ်တရားဖြင့် ရဟန်း,ရှင်,လူ ယောဂီများ ကြီးစဉ်ငယ်လိုက် တန်းစီ၍ ဆွမ်းစားကျောင်းသို့ ကြွကာ အရုဏ်ဆွမ်း ဘုဉ်းပေး သုံးဆောင်ကြရပါသည်၊ အရုဏ်ဆွမ်း ကိစ္စပြီးသော် ဓမ္မာရုံသို့ ပြန်လာပြီး တရားကျင့်ပွားကြရပါသည်။

နံနက် ၈-နာရီခွဲသော် သံဃာတော် အားလုံး သတိအမှတ် တရားဖြင့် ဆွမ်းခံကြွတော်မူကြပါသည်၊ နံနက် ၉-နာရီ အချိန်တွင် သတိအမှတ်ဖြင့် ကိုယ့်အဆောင် ကိုယ်ပြန်၍ ရေချိုးကြပါသည်၊ သံဃာတော်များလည်း ဆွမ်းခံပြန်သော် ရေချိုးတော်မူကြပါသည်၊ ရေချိုးပြီးသော် ဓမ္မာရုံသို့ ပြန်ကြွလာပြီး တရားကျင့်နေစဉ် နံနက် ၁၀-နာရီခွဲသောအခါ အချက်ပေး ကြေးစည်သံ အမှတ်အသားဖြင့် အရဏ်ဆွမ်းတုန်းကလိုပင် တန်းစီ၍ ဆွမ်းစားကျောင်းသို့ သွားကာ သတိအမှတ်ဖြင့် ဆွမ်းဘုဉ်းပေးကြရပါသည်။

နေ့ဆွမ်းဘုဉ်းပေးသုံးဆောင်ပြီးသော် သတိအမှတ်ဖြင့် မိမိအဆောင်ပြန်၍ အနည်းငယ်နားပြီး နံနက် ၁၁-နာရီခွဲမှ မွန်းတည့် ၁၂-နာရီအထိ လမ်းလျှောက်တရားရှုမှတ်၍ မွန်းတည့် ၁၂-နာရီမှ မွန်းလွဲ ၁-နာရီအထိ ထိုင်လျက် တရားရှုမှတ်ကြရပါသည်၊ မွန်းလွဲ ၁-နာရီမှ ၁-နာရီခွဲအထိ လမ်းလျှောက်တရားမှတ်၍ မွန်းလွဲ ၂-နာရီမှ ၃-နာရီ အထိ ညောင်ကန်အေး ဆရာတော်နှင့် အလှည့်ကျ လက်ထောက်ဓမ္မကထိကတို့၏ တရားတော်ကို နာကြားကြရပါသည်။

ညနေ ၃ နာရီတရားပွဲပြီးသော် မိမိ၏ တရားအတွေ့အကြုံများကို ဆရာတော်ထံ တင်ပြလျှောက်ထား ဆွေးနွေးကြရပါသည်၊ ဆရာတော်က ယောဂီများအား တစ်ယောက်ပြီး တစ်ယောက် နာမည်ခေါ်၍ စစ်ဆေး ညွှန်ကြားသင့်သည်များကို ညွှန်ကြားပေးတော်မူပါသည်။

ထို့နောက် ဆက်လက်၍ တရားကျင့်ပွားကြပြီး နောက် ညနေ ၆-နာရီခွဲသော် ဓမ္မာရုံကြီးအတွင်းဝယ် ဘုရားဝတ်တက်ကြရပြန်ပါသည်။

ညောင်ကန်အေး ယောဂီဟူသည် ဤသို့ ကျင့်ပွားအားထုတ်ရပေသည်၊ ဤသို့ ညောင်ကန်အေးရိပ်သာတွင် သတိပဋ္ဌာန်

ဝိပဿနာတရား ကျင့်ပွားအားထုတ်ကြသော ယောဂီပေါင်းမှာ ၁၉၇၀-ခုနှစ်မှ ယခု ၁၉၇၇ - ခုနှစ်အထိ ၇-နှစ်အတွင်း (၂၀၀၀)နှစ်ထောင်ကျော် ရှိခဲ့ပါပေပြီ။

ဤ နိဒါန်း ရေးသားသူသည်လည်း ထိုညောင်ကန်အေး ယောဂီများတွင် တစ်ပါး အပါအဝင် ဖြစ်ပေသည်၊ ယခု အခါ ညောင်ကန်အေးဆရာတော်၏ ချီးမြှောက်မှုဖြင့် လက် ထောက် ဓမ္မကထိကအဖြစ် ညောင်ကန်အေး သာသနာ့ရိပ်သာ တွင် ပစ္စည်းလေးဖြာ ဒါယကာ-ဒါယိကာမများအား ကျေးဇူး တုံ့ပြန်ရင်း သာသနာပြုလျက် ရှိပါသည်၊ ယခု ညောင်ကန် အေး ဆရာတော်၏ တာဝန်ပေးချက်အရ ဤနိဒါန်းကိုရေးသား ရပေသည်။

ဆက်ပါဦးမည်၊ ဤဖော်ပြခဲ့ပြီးသည့်အတိုင်းပင် ညောင်ကန် အေး ဆရာတော်သည် ယခုနှစ် ဝါတွင်းကာလပတ်လုံး ဥပုသ် သီတင်းနေ့တိုင်း ဖော်ပြပါ ညောင်ကန်အေးယောဂီနှင့် ဥပုသ် သည်ယောဂီ တရားနာများအား ဤသတိပဋ္ဌာန် ကြွေးကြော်သံ တရားတော်များကို ဟောကြားချီးမြှင့်တော်မူပါသည်။

## ဩကာသ သီလပေးတရား

ယခု ဤအရှင်နိဒါန်းရေးသားရသော ''သတိပဋ္ဌာန် ကြွေး ကြော်သံတရားတော် တတိယပိုင်း''တွင်—

၁။ ဩကာသ ကန်တော့ခန်းနှင့် ငါးပါးသီလပေး တရား တော်နှင့်—

၂။ ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော် အမှတ် (၁- ၂-၃)အားဖြင့် တရားလေးပုဒ် ပါဝင်ပါသည်။

အမှတ်( ၁ ) ဩကာသကန်တော့ခန်းနှင့် ငါးပါးသီလပေး တရားတော်အစွက်ကိုမူ ထို့စာအုပ်ကို သီးခြားလုံးချင်း ထုတ်

ဝေစဉ်ကပင် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ အမှုဆောင် အမျိုးသမီး ဝေယျာဝစ္စအဖွဲ့ဝင် အတွင်းရေးမှူး ဒေါ်တင်သိန်းလှ( တက္ကသိုလ် ပွင့်လန်း )က ရေးသားခဲ့သော အမှာကို သီးခြားဖော်ပြပြီးဖြစ်ရာ ဤအရှင်က နိဒါန်းတွင် အထူးဖော်ပြဖွယ် လိုမည်မထင်ပါ။

(ဗုဒ္ဓဘာသာ က-ကြီး၊ခ-ခွေး)ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာဖြစ်သစ်စ ပုဂ္ဂိုလ်တိုင်း ပထမအခြေခံ ဖောင်ဒေးရှင်း သင်ကြားချက်များကို တွေ့ရှိရပါသည်။

## ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရား

"ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော် အမှတ် (၁-၂-၃ )အတွက်မှာလည်း သီးခြားလုံးချင်း ထုတ်ဝေစဉ်က ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားသော ထင်မြင်ချက် အဖွင့်လွှာ"ကို သီးခြားဖော်ပြထားပြီးဖြစ်ရာ ဤနိဒါန်းရေးသူအနေနဲ့ အထူးဖော်ပြဖွယ် မလိုတော့ပါ။

ထို သီးခြားလုံးချင်း ထုတ်ဝေစဉ်က အနည်းငယ် တရားရှည်လျားပြီး စကားလုံးများ ဝေဝေဆာဆာရှိခဲ့၍ ဤတွင်မူ တစ်ပုဒ်လျှင် နာရီဝက်ကျော်ကျော်ခန့်သာဟောရန် စီစဉ်ထားသည်မို့ စကားလုံး သိပ်သည်း ကျစ်လျစ်လျက် လိုရင်းထိမိအောင် အနှစ်ထုတ်ဟောထားသည်ကို တွေ့ရပါသည်။

ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော် အမှတ်( ၁ )တွင် မဟာသတိပဋ္ဌာနသုတ် ပါဠိတော် အဋ္ဌကထာလာသည့်အတိုင်း ငိုကြွေးဆင်းရဲဖြစ်ပုံနှင့် သတိပဋ္ဌာန်တရားကိုကျင့်ပွားက ငိုကြွေးရခြင်း ဆင်းရဲကင်းနိုင်ပုံတို့ကို ဖော်ပြထားပါသည်၊ ထို့နောက် ငိုကြွေးမှု ဆင်းရဲရောက်ရသူ ပဋ္ဋာစာရာဝတ္ထုကို အကျဉ်းချုပ် စိတ်ဝင်စားဖွယ်ရာ အနှစ် ထုတ်ဖော်ပြထားပြီး မြတ်စွာဘုရား

တရားတော်ကို နာကြားရ၍ အရှုံးပျောက်ပြီး သောတာပန် ဖြစ်လေသတည်းဖြင့် အဆုံးသတ်ထားပေသည်။

အမှတ်(၂)တွင်မူ ပဋ္ဌာစာရာအား ဘုရားဟောကြားသည့် တရားကို နာကြား ကျင့်ပွားရသူ ပဋ္ဌာစာရာ သောတာပန် ဖြစ်ပုံကို မဟာစည် ဝိပဿနာရှုနည်းနှင့်တကွ ဖော်ပြထား ပေသည်။

**အမှတ်** (၃) တွင်မူ သောတာပန်ဖြစ်ပြီးသူ ပဋ္ဌာစာရာက မြတ်စွာဘုရားထံ ခွင့်ပန်ပြီး ဘိက္ခုနီ အမျိုးသမီး ရဟန်းတော် ပြုလုပ်ပြီး တရားအားထုတ်သဖြင့် ရဟန္တာထေရီ ဖြစ်သွားသည် အထိ ဖော်ပြ၍ တရားကို အဆုံးသတ်ထားလေသည်။

## နိဂုံး

သတိပဋ္ဌာန် ကြွေးကြော်သံ တရားတော် ဒုတိယပိုင်း နိဒါန်း ကား ဤတွင် အဆုံးသတ်သင့်ပါပြီ။

ဤသတိပဋ္ဌာန်ကြွေးကြော်သံတရားတော်ကို နာကြားရှုပွား အားထုတ်နိုင်ကြ၍ ငိုကြွေးရခြင်းစသော ဆင်းရဲအားလုံး ချုပ် ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

အရှင်ပညာဝံသ (ဓမ္မကထိက)
ညောင်ကန်အေး သာသနာ့ရိပ်သာ၊
ရန်ကုန်မြို့၊ မြန်မာပြည်။

(၂၀-၉-၇၃)

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ဗုဒ္ဓဘာသာ က-ကြီး၊ ခ-ခွေး သြကာသ ကန်တော့ခန်း နှင့် သီလပေးတရားတော်** | | |
| ၁။ | သြကာသကန်တော့ခန်း | .... | ၁ |
| ၂။ | အသက်နှင့်ထပ်တူ ဆောင်တော်မူကြ သြကာသ | .... | ၁ |
| ၃။ | သြကာသဘုရားရှိခိုးအမျိုးမျိုး | .... | ၂ |
| ၄။ | ညီညာယင်ကောင်းတယ် | .... | ၂ |
| ၅။ | မဟာစည် သြကာသ ကန်တော့ခန်း | .... | ၃ |
| ၆။ | သြကာသကန်တော့ခန်းတိုင်းမှာ | .... | ၃ |
| ၇။ | သြကာသဆိုတာဘာလဲ | .... | ၄ |
| ၈။ | စကားသုံးခွန်း တောင်းပန်ညွှန်း | .... | ၄ |
| ၉။ | ကံသုံးပါး | .... | ၄ |
| ၁၀။ | ရည်ရွယ်ချက် | .... | ၅ |
| ၁၁။ | ကန်တော့ရှိခိုးက ချမ်းသာရဇာတ်လမ်း | .... | ၅ |
| ၁၂။ | ရတနာ မြတ်သုံးပါး | .... | ၆ |
| ၁၃။ | ရှိခိုးကန်တော့ပုံ | .... | ၈ |
| ၁၄။ | ပူဇော် | .... | ၈ |
| ၁၅။ | ဖူးမြော် | .... | ၉ |
| ၁၆။ | မာန်လျှော့ | .... | ၉ |
| ၁၇။ | ကန်တော့ | .... | ၉ |
| ၁၈။ | ရည်ရွယ်ချက်နှင့် ပြည့်စုံပြေပြစ်သော မဟာစည်သြကာသကန်တော့ခန်း | .... | ၁၀ |
| ၁၉။ | အမှာစကားချုပ် | .... | ၁၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀။ | ဆရာသမားတို့ကို ရှိခိုးကန်တော့တဲ့အခါ | .... | ၁၁ |
| ၂၁။ | မိဘတို့ကို ရှိခိုးကန်တော့တဲ့အခါ | .... | ၁၁ |
| ၂၂။ | အဘိုးအဘွားတို့ကို ရှိခိုးကန်တော့တဲ့အခါ | .... | ၁၁ |
| ၂၃။ | ဦးကြီးအဒေါ်တို့ကို ရှိခိုးကန်တော့တဲ့အခါ | | ၁၁ |
| ၂၄။ | အမှာစကားချပ် ကျိုးကြောင်းပြ | .... | ၁၂ |
| ၂၅။ | ဆုတောင်းပုံ | .... | ၁၂ |
| ၂၆။ | ဆုတောင်း ၉-မျိုး | .... | ၁၃ |
| ၂၇။ | အပါယ် ၄-ပါး | .... | ၁၄ |
| ၂၈။ | ကပ်သုံးပါး | .... | ၁၄ |
| ၂၉။ | ရပ်ပြစ်မှုစ်ပါး | .... | ၁၄ |
| ၃၀။ | ရန်သူမျိုး ၅-ပါး | .... | ၁၅ |
| ၃၁။ | ဝိပတ္တိ ၄-ပါး | .... | ၁၆ |
| ၃၂။ | ဗျသန ၅-ပါး | .... | ၁၆ |
| ၃၃။ | အနာမျိုး ၉၆-ပါး | .... | ၁၇ |
| ၃၄။ | မိစ္ဆာဒိဋ္ဌိ ၆၂-ပါး | .... | ၁၇ |
| ၃၅။ | မဂ်, ဖိုလ်တရား | .... | ၁၈ |
| ၃၆။ | နိဗ္ဗာန်တရား | .... | ၁၈ |
| ၃၇။ | နိဗ္ဗာန်ဆော် | .... | ၁၈ |
| ၃၈။ | ဩကာသကန်တော့ခန်း | .... | ၁၉ |
| ၃၉။ | ပသန္နတဒ္ဒိတ်ဆုပေး | .... | ၁၉ |
| ၄၀။ | သီလတောင်း | .... | ၂၀ |
| ၄၁။ | သီလတောင်းပုံ | .... | ၂၀ |
| ၄၂။ | ညွှန်ကြားချက် | .... | ၂၁ |
| ၄၃။ | ဘုရားရှိခိုး | .... | ၂၁ |
| ၄၄။ | အဓိပ္ပာယ် | .... | ၂၁ |
| ၄၅။ | ဘယ်ဘုရားကိုရှိခိုးသလဲ | .... | ၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | သရဏဂုံဆောက်တည်ပုံ .... | ၂၃ |
| ၄၇။ | ယုံကြည်ချက် သရဏဂုံ .... | ၂၄ |
| ၄၈။ | မိဘကိုအားကိုးသလို .... | ၂၅ |
| ၄၉။ | ဆေးဆရာကိုအားကိုးသလို .... | ၂၆ |
| ၅၀။ | ဘုရားကို ယုံကြည်ယင် ဘုရားစကားကို နားထောင် .... | ၂၆ |
| ၅၁။ | ဗုဒ္ဓလမ်းစဉ် .... | ၂၆ |
| ၅၂။ | မကောင်းမှုဒုစရိုက်ဆိုတာဘာလဲ .... | ၂၇ |
| ၅၃။ | ကောင်းမှုသုစရိုက်ဆိုတာဘာလဲ .... | ၂၇ |
| ၅၄။ | စိတ်ဖြူစင်ရမယ်ဆိုတာဘာလဲ .... | ၂၇ |
| ၅၅။ | ဗုဒ္ဓလမ်းစဉ် ရှစ်လုံးဘွဲ့ .... | ၂၇ |
| ၅၆။ | အတည်ပြုပုံ အဓိပ္ပာယ် .... | ၂၈ |
| ၅၇။ | ငါးပါးသီလဆောက်တည်ပုံ .... | ၂၈ |
| ၅၈။ | တရားဥပဒေလိုက်နာရသလို .... | ၂၉ |
| ၅၉။ | ဆုတောင်းဦးတည်ချက် .... | ၃၀ |
| ၆၀။ | စခန်းသိမ်းအမှာစကား .... | ၃၁ |
| ၆၁။ | ရှစ်ပါးသီလဆောက်တည်ပုံ သီလတောင်း | ၃၂ |
| ၆၂။ | ဘုရားရှိခိုး .... | ၃၃ |
| ၆၃။ | သရဏဂုံ ဆောက်တည်ပုံ .... | ၃၃ |
| ၆၄။ | ရှစ်ပါးသီလဆောက်တည်ပုံ .... | ၃၄ |

ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်

| | | |
|---|---|---|
| ၆၅။ | စကားဦး ... | ၃၇ |
| ၆၆။ | ပဏာမ .... | ၃၇ |
| ၆၇။ | သုတ်တော်နိဒါန်း .... | ၃၇ |
| ၆၈။ | တရားကြေညာချက် .... | ၃၇ |
| ၆၉။ | ငိုကြွေးမှု ပရိဒေဝဆိုတာဘာလဲ ... | ၃၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၀။ | ဘုရားဟောပါဠိတော် | — | ၃၉ |
| ၇၁။ | ဗျသနကြောင့် ငိုရတယ်ဆိုတာ | — | ၃၉ |
| ၇၂။ | ဒုက္ခဓမ္မကြောင့် ငိုရတယ်ဆိုတာ | — | ၄၀ |
| ၇၃။ | ဘယ်လိုငိုကြသလဲ | .... | ၄၀ |
| ၇၄။ | ၁-အာဒေဝေါ | .... | ၄၁ |
| ၇၅။ | ၂-ပရိဒေဝေါ | .... | ၄၁ |
| ၇၆။ | ၃-အာဒေဝနာ | .... | ၄၂ |
| ၇၇။ | ၄-ပရိဒေဝနာ | .... | ၄၂ |
| ၇၈။ | ၅-အာဒေဝိတတ္တံနှင့် ၆-ပရိဒေဝိတတ္တံ | .... | ၄၃ |
| ၇၉။ | ငိုကြွေးမှုကို လွန်မြောက်လို | .... | ၄၃ |
| ၈၀။ | ဝိပဿနာရှုနည်း | .... | ၄၄ |
| ၈၁။ | သတိပဋ္ဌာန်ပွား၍ ငိုကြွေးကင်းခဲ့သူ | .... | ၄၄ |
| ၈၂။ | ပဋ္ဌာစာရာဝတ္ထု၊ ဇေတဝန်တရားပွဲ | .... | ၄၆ |
| ၈၃။ | ဆုထူးမန် ပါရမီရှင်မလေး | .... | ၄၆ |
| ၈၄။ | ဘုရားမြတ်က လာစေချင် | .... | ၄၇ |
| ၈၅။ | တရားနာသူတွေက မလာစေချင် | .... | ၄၈ |
| ၈၆။ | ဘုရားထံရောက်တော့ အရှုးပျောက် | .... | ၄၈ |
| ၈၇။ | ဘုရားတိုင် လျှောက်လှာ | .... | ၄၉ |
| ၈၈။ | ငိုချင်းရှည် ကိုယ်ရေးရာဇဝင် | .... | ၄၉ |
| ၈၉။ | အိမ်တွင်းပုန်း သူဌေးသမီး | .... | ၄၉ |
| ၉၀။ | အရေးကြီးတော့ သွေးနီးမှ | .... | ၅၀ |
| ၉၁။ | လင်သေသားဆုံး | .... | ၅၀ |
| ၉၂။ | မိဘနှင့် မောင်ရင်း သေကြပြန်ခြင်း | .... | ၅၁ |
| ၉၃။ | ငိုချင်းကဗျာ | .... | ၅၂ |
| ၉၄။ | ကယ်တင်တော်မူပါဘုရား | .... | ၅၂ |
| ၉၅။ | အငိုတိတ်ပါတော့ | .... | ၅၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉၆။ | သတိပေးဂါထာ | — | ၅၃ |
| ၉၇။ | ငိုချင်းဘယ်ကြောင့်ကြာ | — | ၅၄ |
| ၉၈။ | ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင်ဂါထာ | .... | ၅၅ |
| ၉၉။ | နိဂုံး | .... | ၅၆ |

**ငိုကြွေးကင်းရန်သတိပဋ္ဌာန်တရားတော် (ဒုတိယပိုင်း)**


| | | | |
|---|---|---|---|
| ၁၀၀။ | စကားဦး | — | ၅၇ |
| ၁၀၁။ | ပဏာမ | .... | ၅၇ |
| ၁၀၂။ | ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင်ဂါထာ | ... | ၅၇ |
| ၁၀၃။ | ဖြစ်လျှင်ပျက်မြဲ မွေးသေမြဲ | .... | ၅၉ |
| ၁၀၄။ | ရှင်ကွဲ | — | ၆၀ |
| ၁၀၅။ | သေကွဲ | .... | ၆၀ |
| ၁၀၆။ | ဘုံကွဲ | — | ၆၁ |
| ၁၀၇။ | ကိလေသာသေမင်း | .... | ၆၁ |
| ၁၀၈။ | သားသမီးကလဲ မိဘကိုမကယ်နိုင် | .... | ၆၂ |
| ၁၀၉။ | မိဘကလဲ သားသမီးကိုမကယ်နိုင် | — | ၆၂ |
| ၁၁၀။ | လင်နှင့်မယား ပေါင်းသင်းများလဲ အချင်းချင်းမကယ်နိုင် | — | ၆၃ |
| ၁၁၁။ | ဆွေမျိုးချင်းလဲ မကယ်နိုင် | .... | ၆၄ |
| ၁၁၂။ | သေမင်းခေါ်လျှင် မြန်မာကဗျာ | .... | ၆၅ |
| ၁၁၃။ | ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင်ရန် | .... | ၆၅ |
| ၁၁၄။ | ညစ်ညမ်းသောလမ်းကိုမြင်ရာ | .... | ၆၆ |
| ၁၁၅။ | သီလရေနဲ့ဆေး | .... | ၆၆ |
| ၁၁၆။ | သမာဓိလေအေးနဲ့ ဖယ်ရှား | .... | ၆၈ |
| ၁၁၇။ | ပညာရောင်နောက် နိဗ္ဗာန်ရောက် | ... | ၆၉ |
| ၁၁၈။ | သာမွသနဉာဏ် | ... | ၇၂ |
| ၁၁၉။ | ဥဒယဗ္ဗယဉာဏ် | .... | ၇၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ .... | ၇၂ |
| ၁၂၁။ | ဥဒယဗ္ဗယဉာဏ် .... | ၇၃ |
| ၁၂၂။ | ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ .... | ၇၃ |
| ၁၂၃။ | နာရှုပွားရင်း ဉာဏ်မြင်လင်း .... | ၇၄ |
| ၁၂၄။ | မြေကြီး မြေမှုန့်ပမာ ကိလေသာ .... | ၇၅ |
| ၁၂၅။ | ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရား .... | ၇၈ |
| ၁၂၆။ | နိဂုံး .... | ၇၉ |
| | **ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်(တတိယပိုင်း)** | |
| ၁၂၇။ | စကားဦး .... | ၈၁ |
| ၁၂၈။ | ပဏာမ .... | ၈၁ |
| ၁၂၉။ | ပဋ္ဌာစာရာထေရီ ထင်ရှားပြီ .... | ၈၁ |
| ၁၃၀။ | သတိသမ္ပဇဉ် အသိဉာဏ်ယှဉ် .... | ၈၂ |
| ၁၃၁။ | သတိနှင့်အသိ ထားပုံ ပွားပုံ .... | ၈၃ |
| ၁၃၂။ | အသိဉာဏ် ဖြစ်ပေါ်ပုံ .... | ၈၃ |
| ၁၃၃။ | ပထဝီဓာတ်မှန် အသိဉာဏ် .... | ၈၄ |
| ၁၃၄။ | အာပေါဓာတ်မှန် အသိဉာဏ် .... | ၈၄ |
| ၁၃၅။ | တေဇောဓာတ်မှန် အသိဉာဏ် .... | ၈၅ |
| ၁၃၆။ | ဝါယောဓာတ်မှန် အသိဉာဏ် .... | ၈၅ |
| ၁၃၇။ | ခြေဆေးရေနှင့် သတ္တဂါအတွေးပေါ်လာ .... | ၈၆ |
| ၁၃၈။ | ဗုဒ္ဓမိန့်ခွန်း ဖြစ်ပျက်ညွှန်း .... | ၈၇ |
| ၁၃၉။ | ဗုဒ္ဓမိန့်ခွန်းတော် ဆောင်ပုဒ် .... | ၈၉ |
| ၁၄၀။ | ဝိနယ ဗေဒဂ်ရ ရဟန္တာထေရီ .... | ၈၉ |
| ၁၄၁။ | ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော် .... | ၉၁ |
| ၁၄၂။ | အဋ္ဌကထာဆရာ၏ထောက်ခံချက်သာဓက .... | ၉၂ |
| ၁၄၃။ | မဟာစည် သတိပဋ္ဌာန် ဝိပဿနာရှုနည်း .... | ၉၄ |
| ၁၄၄။ | အကျိုးပြု .... | ၉၅ |

| စဥ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄၅။ | ဓမ္မာနုဓမ္မပဋိပတ် ဘုရားရှိခိုး | .... | ၉၇ |
| ၁၄၆။ | အဓိဋ္ဌာန်ပါဠိ | .... | ၉၈ |
| ၁၄၇။ | မြန်မာပြန် | .... | ၉၈ |
| ၁၄၈။ | ဆုတောင်း | .... | ၉၈ |
| ၁၄၉။ | မြန်မာပြန် | .... | ၉၈ |
| ၁၅၀။ | အမျှဝေလို့ မေတ္တာပို့ | .... | ၉၉ |

# ဗုဒ္ဓဘာသာ က-ကြီး၊ ခ-ခွေး ဩကာသကန်တော့ခန်းနှင့် သီလပေးတရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဩကာသကန်တော့ခန်း

ယနေ့ တရားနာ ရောက်လာကြတဲ့ ပရိသတ် များအား ဩကာသနဲ့ မကန်တော့မီ ဘုန်းကြီးက ဩကာသအကြောင်းကို အလျဉ်းရှင်းပြပါမယ်၊ ယနေ့ ယခု ဟောကြားမည့် တရားက "ဗုဒ္ဓဘာသာ က-ကြီး ခ-ခွေး ဩကာသ ကန်တော့ခန်းနှင့် သီလပေးတရားတော်"တဲ့။

## အသက်နှင့်ထပ်တူ ဆောင်တော်မူကြ ဩကာသ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာ တော် လောကတွင် ပုခက်နှင့် ခေါင်းကြား မွေးမှ သေအထိ ဆောင်ထားရမည့် ဗုဒ္ဓဘာသာတိုင်းရဲ့ လက်သုံးယဉ်ကျေးမှုဟာ ဘာလဲဆိုယင် ဩကာသ ကန်တော့ခန်းနှင့် သီလပေး သီလ ဆောက်တည်ပုံပါဘဲ။

မြန်မာစာ သင်ကြားသူများတွင် က-ကြီး ခ-ခွေးဟာ စာ စသင်ကတည်းကဘဲ့ရသည်အထိအရေးကြီးသလို ဇီဩကာသ သီလခန်းကလည်း ဗုဒ္ဓဘာသာအစမှ နိဗ္ဗာန်ရောက်သည်အထိ ရာသက်ပန်အရေးကြီးလှပါတယ်၊ ဟုတ်တယ်၊ သူဟာခပ်တိုင်း ငန်ပါဘဲ။

သတိပဋ္ဌာန်-၁

လူနှင့်ပတ်ဝန်းကျင်တွင် ဗုဒ္ဓဘာသာတိုင်းရဲ့ သာရေးနာရေး ကိစ္စတိုင်းမှာ ဒိဋ္ဌိကာသ သီလခန်းဟာ ရှေ့တန်းက ပါဝင်ပါ တယ်၊ သူဟာ ဗုဒ္ဓဘာသာအခမ်းအနားတိုင်းရဲ့ သော့ချက်ဖြစ် ပါတယ်၊ ဒိဋ္ဌိကာသရဲ့ အရေးပါအရာရောက်ပုံကို အားလုံး ကိုယ်တွေ့ မျက်မြင်မို့ ထင်ရှားပြီးသားပါဘဲ၊ ဒါလောက်ဆို လုံလောက်ပါပြီ။

## ဩကာသဘုရားရှိခိုးအမျိုးမျိုး

ဒါလောက်အရေးပါ အရာရောက်တဲ့ ဩကာသ ဘုရားရှိခိုး ဟာ ကာလတွေ ရှည်လျားပြီး ဒေသတွေ ထွေပြားတော့ တစ် ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဖြစ်ခဲ့ရပါတယ်၊ ကိုယ့်ဆရာနှင့် ကိုယ့်ဒါယကာ နေလာကြစဉ်မှာ ပြဿနာမရှိခဲ့ သော်လည်း ရပ်ချင်း ရွာချင်း မြို့ချင်း နယ်ချင်းကူးလူးတဲ့အခါ မှုမတူဟန့်ကြောင့် ပူညံပူညံလည်းဖြစ်ခဲ့ကြရတယ်။

ဥပမာအားဖြင့် ကာယကံ, ဝစီကံ, မနောကံ အုပ်စုကတစ်မျိုး၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရအုပ်စုကတစ်ဖုံ၊ ကာယပဏာမ, ဝစီပဏာမ, မနောပဏာမ အုပ်စုကတစ်နည်းလို့ အမျိုးမျိုးပေါ် ပေါက်ခဲ့ရတယ်။

သူ့နည်းကမှားတယ်၊ ငါ့နည်းကမှန်တယ်လို့လဲ ငြင်းခုံခဲ့ကြ တယ်၊ လင်နှင့်မယား သားနှင့်သမီး ဆိုတဲ့ မိသားစုချင်း ကွဲကွာ သည်အထိ ဂယက်ရိုက်ခဲ့ရတယ်။

## ညီညာယင် ကောင်းတယ်

တကယ်ဆိုတော့ ဒိဋ္ဌိကာသဘုရားရှိခိုး ဆိုရိုးအမျိုးမျိုးဟာ နန်းဦးဆရာတော် ရွာဦးဆရာတော်များရဲ့ အလိုဆန္ဒ အယူအဆ ချင်း မတူညီကြလို့သာ မူကွဲခဲ့ကြတာပါ၊ ယဉ်ကျေးမှု ဦးတည် ချက်ချင်းတော့ အတူတူပါဘဲ၊ အချို့ဆိုရိုး လွဲဘယ်ဆိုသော်လဲ နတ်ရွာ,နိဗ္ဗာန် မရောက်နိုင်လောက်အောင် သဂ္ဂန္တရာယ်, မဂ္ဂန္တ

ရာယ်အထိတော့ မလွဲနိုင်ပါဘူး၊ ကုသိုလ်မရနိုင်လောက်အောင် ပုညန္တရာယ်အထိလဲ မလွဲပါဘူး၊ ဆရာစွဲ၊ ဝါဒစွဲလွန်ပြီး ပုဂ္ဂိုလ်ရေး အပြစ်မြင်ပြီး ပြောမှား၊ ဆိုမှား၊ ပြုမှား ဖြစ်ကုန်ယင်တော့ ကုသိုလ်မရဘဲ အကုသိုလ်ပွားနိုင်ပါတယ်။

ဒါကြောင့် ကုသိုလ်ရရေးကို ရှေးရှုပြီး ကာလဒေသအား လျော်စွာ စုပေါင်း ရွတ်ဆိုတဲ့ အခါမှာ သူ့စာစ်မျိုး ငါတစ်ဖုံ မရွတ်ဆိုကြဘဲနှင့် မူတစ်ခုချပြီး ညီညီညာညာ ရွတ်ဆိုနိုင်ယင်တော့ သာယာနာပျော်ဖွယ်လဲ ဖြစ်ပါတယ်၊ စိတ်ကြည်နူးပြီး ကုသိုလ်အထူးတွေလဲ ပွားပါတယ်။

## မဟာစည် သြကာသ ကန်တော့ခန်း

ဘုန်းကြီးတို့ မဟာစည်သြဝါဒခံ တပည့်၊ ရဟန်း၊ ရှင်၊ လူများကတော့ မဟာစည် ဆရာတော်ဘုရားကြီး စီစဉ်ပေးတော်မူတဲ့ သြကာသကန်တော့ခန်းကို ညီညီညာညာ ရွတ်ဆို ကန်တော့ကြပါတယ်၊ ရှေးဆရာတော်များရဲ့ မူလည်းမပျက်၊ ရည်ရွယ်ချက်လည်း ပြည့်စုံ၊ ပြေပြစ် ချောမောမှုလည်း ရှိပြီး တစ်မူတည်း ရွတ်ဆိုကြပြန်တော့ ညီညာပြီး သာယာချိုအေးလှပါတယ်။

အဲဒီ သြကာသစကားပြေရဲ့ လိုရင်းအဓိပ္ပာယ်ကို ကလေးငယ်များမှ အစ သိလွယ်ရုံမျှ အနည်းငယ်ပြောပြပြီးမှ ကန်တော့ချီးကို ဆိုကြရအောင်ပါ၊ ယခုစကားပြေအဓိပ္ပာယ်ကို ရှင်းပြပါဦးမယ်။

## သြကာသကန်တော့ခန်းတိုင်းမှာ

ပထမ ကန်တော့ခန်းကတစ်ပိုဒ်၊ ဒုတိယ ဆုတောင်းခန်းက တစ်ပိုဒ်လို့ စာနှစ်ပိုဒ်ရှိပါတယ်၊ အဲဒီ စာနှစ်ပိုဒ်ထဲက ပထမ စာပိုဒ်ကို အလျင်ပြောပြပါမယ်။

## ဩကာသဆိုတာ ဘာလဲ

ဩကာသဆိုတာ ပါဠိစကားပါ၊ မြန်မာဆိုတော့ "အခွင့်" လို့ အဓိပ္ပာယ်ရပါတယ်၊ "အခွင့်ပေးပါ အခွင့်ပြုပါ"လို့ ဆိုလိုပါတယ်၊ ပါဠိစာပေ ပိဋကတ်တော်များမှာ "ဩကာသံ ဒေထ"လို့လည်း(ဇာတက ၄၊ ၁၊ ၁၅)တွေ့ရပါတယ်၊ တပည့်တော်အား အခွင့်ကို ပေးတော်မူကြပါကုန်လို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့"ကရောတု မေ အာယသ္မာ ဩကာသံ"လို့လဲ (ဝိ၊စူဠဝဂ္ဂ၊၉) တွေ့ရပါတယ်၊ အရှင်ဘုရားသည် တပည့်တော်အား အခွင့်ကို ပြုတော်မူပါလို့ ဆိုလိုပါတယ်။

ဒါကြောင့် ဩကာသဆိုတာ အလေးအမြတ် ပြုအပ်တဲ့ ရတနာမြတ်သုံးပါး ရှေ့မှောက်မှာ အရေးတကြီး အလေးပြု ရှိခိုးချင်လို့ "အခွင့်ပြုပါ ခွင့်ပြုပါဘုရား"လို့ ဆိုလိုပါတယ်။

## စကားသုံးခွန်း တောင်းပန်ညွှန်း

"ဩကာသ ဩကာသ ဩကာသ ခွင့်ပေးပါဘုရား၊ ခွင့်ပေးပါဘုရား၊ ခွင့်ပေးပါဘုရား"လို့ စကားသုံးခွန်းဖြင့် ခွင့်တောင်းပါတယ်၊ ပထမ ဩကာသဖြင့် ဘုရားမြတ်ထံ ဦးတည်ခွင့်တောင်းတယ်၊ ဒုတိယ ဩကာသဖြင့် တရားမြတ်ထံ ဦးတည်ခွင့်တောင်းတယ်၊ တတိယဩကာသဖြင့် သံဃာမြတ်ထံ ဦးတည်ခွင့်တောင်းတယ်။

## ကံသုံးပါး

အဲဒီ ဩကာသ သုံးခွန်းရဲ့ နောက်တွင်ပါတဲ့ "ကာယကံ, ဝစီကံ, မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း ၍" ဆိုတဲ့ အပိုဒ်များက ဒီလိုပြဆိုပါဘယ်။

မိမိမှာ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာမြတ်သုံးပါး နှင့် ပတ်သက်ပြီး မတော်တဆပြုမှားမိတဲ့ ကာယကံအပြစ်,

ပြောမှားမိတဲ့ ဝစီကံအပြစ်, ကြံမှားမိတဲ့ မနောကံအပြစ် အဲဒီ အပြစ်သုံးမျိုးထဲက တစ်မျိုးမျိုး၌ ဖြစ်မှားမိတဲ့ အပြစ်ဘေး အညစ်အကြေးရှိယင် အဲဒီ အညစ်အကြေး အပြစ်ခပ်သိမ်း ပပျောက်ငြိမ်းရန် သီလပေး အရှင်မြတ်ကို သက်သေထားပြီး ဝန်ချတောင်းပန် ကန်တော့ပါတယ်တဲ့။

ဥဒ္ဒိဿ ရုပ်ပွားစေတီတော်ရှေ့မှာ ရွတ်ဆိုယင် ရုပ်ပွား ဘုရားစေတီတော်မြတ်ကို သက်သေထားပြီး ဝန်ချတောင်းပန် ကန်တော့တယ်လို့ မှတ်ပါ။

## ရည်ရွယ်ချက်

ပြီးတော့ "အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်း ကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်း အကျိုးငှာ" ဆိုတဲ့ အပိုဒ်များကလည်း ဒီလို အဓိပ္ပာယ်ရပါတယ်။

မိမိရှိခိုးရတဲ့ ကုသိုလ်စေတနာကြောင့် မိမိမှာ—

၁။ အသက်ရှည်ပါစေ၊

၂။ အနာကင်းပါစေ၊

၃။ ရန်ဘေးကင်းပါစေ၊

၄။ ကောင်းမှုမင်္ဂလာ ဖြစ်ပါစေ တဲ့၊ ဒါက ရှိခိုးသူ့ရဲ့ ရည်ရွယ်ချက်ပါ၊ ဒီအထိ သြကာသဖြင့် ရည်ရွယ်ချက် နှစ်မျိုးရှိပါပြီ။

၁။ အပြစ်ခပ်သိမ်း ပျောက်ငြိမ်းရန် ရည်ရွယ်ချက်၊

၂။ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း ရည်ရွယ်ချက်, အဲဒီ ရည်ရွယ်ချက် နှစ်မျိုးပါ။

## ကန်တော့ရှိခိုးက ချမ်းသာရဇာတ်လမ်း

ဒီရည်ရွယ်ချက်အတိုင်း ရရှိပါသလားဆိုတော့ ရရှိနိုင်ပါ တယ်၊ သာဓကအနေနဲ့ ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ အာယု

ဝစုန သတို့သားဇာတ်လမ်းနှင့် သူ့ကို အကြောင်းပြု ဟော ကြားတော်မူတဲ့ ဒေသနာကိုပြရပါလိမ့်မယ်။

သူကား ခုနစ်ရက်သာ သက်တမ်းရှိပါသတဲ့၊ ခုနစ်ရက် မြောက်လျှင် ဝဿဝဏ်နတ်မင်းကြီးထံမှာ အခွင့်ရထားတဲ့ ဘီလူးတစ်ယောက်ရဲ့အစာ ဖြစ်ရမည်ဆိုပါတယ်၊ မြတ်စွာဘုရား ၏ ညွှန်ကြားတော်မူချက်အရ သံဃာတော်များအား ပင့်ကာ ခုနစ်ရက်ပတ်လုံး ပရိတ်တရားကို နာကြားပါတယ်၊ ခုနစ်ရက် မြောက်တဲ့ နောက်ဆုံးနေ့မှာ ဘုရားမြတ်ကိုယ်တော်တိုင် ကြွ ရောက်ပြီး ပရိတ်တရားကို ဟောကြားချီးမြှင့်တော်မူပါတယ်၊ ဒီတော့ ပရိတ်တန်ခိုး ရတနာသုံးပါး တန်ခိုးအစွမ်းကြောင့် နတ်ဘီလူးများ မကပ်နိုင်ဘဲ ဘီလူးဘေးမှ လွတ်ကင်းပြီး အသက်တစ်ရာ့နှစ်ဆယ်ရှည်ပါတယ်။

ဒါကိုအကြောင်းပြုပြီး "ခုနစ်ရက် အသက်တမ်းရှိသူမှာ အသက်တစ်ရာ့နှစ်ဆယ် ရှည်သေး၏၊ သတ္တဝါများ အသက် ရှည်ကြောင်း ရှိကောင်း၏" လို့ ဆွေးနွေးကြသူများအား မြတ် ဘုရားကြွလာပြီး တရားဟောတော်မူပါတယ်။

ရှိခိုးခြင်းအလေ့ရှိလျက် အသက် သိက္ခာ ဂုဏ် ကြီးသူတို့ကို အရိုအသေ ပြုတတ်သူအား အသက်, အဆင်း, ချမ်းသာခြင်း, ခွန်အား, အကျိုးလေးပါး တိုးပွားကုန်၏လို့ ဟောကြားတော် မူပါတယ်။

## ဆောင်ပုဒ်

ကြီးမြတ်သူအား, ရိုဝပ်တွားက, တိုးပွားဇီဝ, အဆင်းလှ, သုခခွန်အားတွေ။

## ရတနာမြတ်သုံးပါး

ပြီးတော့ "ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး၊ (ဆရာသမား) တို့ကို" ဆိုတဲ့ အပိုဒ်များက ဒီလိုအဓိပ္ပာယ်ရှိပါတယ်။

၁။ သိစရာရှိသမျှ အကုန်သိတော်မူတဲ့ဘုရား။

၂။ အဲဒီ ဘုရားဟောကြားတော်မူတဲ့ မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန် ပရိယတ္တိတရားအားဖြင့် ပေါင်း ၁၀-ပါးသောတရား။

၃။ အဲဒီ ဘုရားဟောတရားများကို လိုက်နာ ကျင့်ပွား အမြိုက်တရားရသော မဂ်ပုဂ္ဂိုလ် ၄-ပါး, ဖိုလ်ပုဂ္ဂိုလ် ၄-ပါး ၈-ပါးသော အရိယာသံဃာတဲ့။

အဲဒီ သုံးပါးဟာ "မြတ်နိုးလေးစား, တန်ဖိုးများ၍ ကင်း ငြားတုလဲ, မြင်ရခဲ, သုံးစွဲသူကောင်းရတနာ" လို့ ဆိုရပါတယ်။

ဒါကြောင့် ဒီသုံးမျိုးကို—

၁။ မြတ်နိုးစရာ ရတနာ၊

၂။ လေးစားထိုက်စွာ ရတနာ၊

၃။ တန်ဖိုးများစွာ ရတနာ၊

၄။ အတုမရှိရာ ရတနာ၊

၅။ မြင်ရခဲစွာ ရတနာ၊

၆။ လူကောင်းသုံးစွဲရာ ရတနာလို့ဆိုရပါမယ်။

ဒါကြောင့် ဒီ ဘုရား,တရား,သံဃာ သုံးပါးကို ရတနာထိုက် သော, မြတ်သော ရတနာမြတ်သုံးပါးလို့ ဆိုပါတယ်။

ယခု ပရိသတ်များ ရှိခိုးကြတာဟာ အဲဒီ ရတနာမြတ်သုံး ပါးကို ရှိခိုးကြတာပါ၊ ကန်တော့ကြတာပါ၊ ပြီးတော့ အဲဒီ ရတနာ မြတ်သုံးပါးကို ရှိခိုးကန်တော့တတ်အောင် သွန်သင် ညွှန်ပြတော်မူတဲ့ ( ဆရာသမား ) ကိုလည်း ရှိခိုးကန်တော့ပါ တယ်တဲ့။

## ရှိခိုးကန်တော့ပုံ

ပြီးတော့ "အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော်, ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏(အရှင်ဘုရား)"ဆိုတဲ့ အပိုဒ်များက တော့ ရှိခိုးကန်တော့ပုံ ပြပါတယ်။

ရတနာမြတ်သုံးပါး ဆရာသမား လူကြီးမိဘ ရှေ့မှောက် ရောက်ယင်ပင် ကိုယ် နှုတ် နှလုံး သုံးပါး ပျောင်းပျော့ မာန်ကို လျှော့ပြီး လက်ဝါး နှစ်ဖက်ကိုပူးပြီး ကြာငုံ, ကြာဖူးပမာ မြန်မာ့ယွန်းထည် ဆွမ်းအုပ်ပမာ အဖူးအငုံ အအုပ်ကလေး လုပ်ပြီး မျက်ခုံးနှစ်သွယ် အလယ်ကြားမှာ တင်ထားပြီး ဆည်း ကပ်ပါ။

ပြီးတော့ အမျိုးသားဆိုယင် ဆောင့်ကြောင့် ထိုင်ပါ၊ တံတောင် နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်မှာတင်ပါ၊ စောစောက ပြောခဲ့တဲ့အတိုင်း လက်အုပ်မိုးပါ၊ လက်ဝါးနှစ်ဖက်ကို ကြမ်း ပေါ် အခင်းပေါ်မှာ မှောက်လျက်ချပါ၊ ကိုယ်ကို ရှေ့သို့ ညွတ်ပြီး ဒူးနှစ်ဖက်ကို အောက်ချပါ၊ လက်နှစ်ဖက်ကိုလည်း ရှေ့တိုးပါ၊ ခြေနှစ်ဖက်,ဒူးနှစ်ဖက်,တံတောင်နှစ်ဖက်,လက်ဝါး နှစ်ဖက်, နဖူးပြင်များ ကြမ်းမှာ အခင်းမှာ ဝပ်ပြားအောင် ပြုပါ၊ အဲဒါကို သုံးကြိမ် ပြုလုပ်တာကိုရှိခိုးဝပ်ချတယ်လို့ ခေါ် ပါတယ်၊ အမျိုးသမီးဆိုယင်လဲ ဒူးတုပ်လျက် ကျုံ့ကျုံ့ထိုင် ရင်းပင် ဖော်ပြပါအတိုင်း ရှိခိုးဝပ်ချပါ၊ ဒါကိုပင် ရှိခိုးဝပ် ချတယ် ခေါ်ပါတယ်။

### ဆောင်ပုဒ်

ခြေ လက် နဖူး, တံတောင် ဒူး, ငါးဦးဟည်ခြင်းပါ။

### ပူဇော်

ပူဇော်ဆိုတာ ဝပ်သုံးကြိမ်ချပြီးလက်အုပ်မိုး ဆောင့်ကြောင့် ထိုင် ဒူးတုပ်ထိုင်လျက်ပင် ဆီမီး,ရေချမ်း,ဆွမ်းစသည်ကို ဆက်

ကပ်ကာ ဂုဏ်တော်များကိုရွတ်ဆိုတာ, သီလ, သမာဓိ, ပညာ ကျင့်တာများကို ပူဇော်တယ်ခေါ်ပါတယ်၊ ပစ္စည်းနဲ့ ပူဇော်တာကို အာမိသပူဇာတဲ့၊ အကျင့်နဲ့ပူဇော်တာကို ဓမ္မပူဇာတဲ့။

## ဖူးမြော်

ဖူး-ဆိုတာကတော့ ရတနာသုံးပါး ဆရာများကို ပကတိမျက်စိနဲ့ ကြည့်ရှုဖူးမြင်တာကို ဖူးတယ်လို့ခေါ်ပါတယ်။

မြော်-ဆိုတာ ရတနာသုံးပါးရဲ့ ဂုဏ်တော်များကို စိတ်တွင်းမှာ တတ်စွမ်းသမျှ မြော်မြင်ဆင်ခြင် နှလုံးသွင်းတာကို ခေါ်ပါတယ်။

ဥပမာ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ မြတ်စွာဘုရား, ကောင်းစွာ ဟောကြားအပ်တဲ့တရား, ကိလေသာကင်းအောင် ကောင်းစွာ ကျင့်တော်မူတဲ့ သံဃာ စသည်ဖြင့် ဆင်ခြင်တာမျိုးပါ။

## မာန်လျှော့

မာန်လျှော့-ဆိုတာကတော့ 'ငါ'တည်းဟူသော မာန်မာနကို လျှော့ချပါ၊ ငါဟာ ဘယ်မျှတော်တယ်, တတ်တယ် ဆိုစေဦးတော့ ကိလေသာစိတ်ရိုင်းနှင့် ၃၂-ကောဋ္ဌာသ ရုပ်အစုအဝေးမျှဘဲ၊ ရတနာမြတ်သုံးပါးကတော့ ကိလေသာ ငင်ကြယ်ပြီး မြင့်မြတ်လှပါပေတယ် စသည်ဖြင့် ရတနာသုံးပါးကို အလေးအမြတ်ပြုပြီး မိမိကိုယ်ကို နှိမ့်ချပါ၊ မာန်လျှော့ပါတဲ့။

## ကန်တော့

ကန်တော့ဆိုတာကတော့ မိမိကျူးလွန်မိတဲ့အပြစ်ကို ဝန်ချတောင်းပန် ရှိခိုးဝပ်ချပြီး ကန်တော့ခံ ပုဂ္ဂိုလ်များအား သည်းခံကျေနပ်စေတာပါဘဲ။

ရတနာသုံးပါး ဆရာသမား လူကြီးမိဘများ ရှေ့မှောက်မှာ ပြုဖွယ်ကိစ္စရှိယင် ရိုသေကိုင်းညွတ်ပြီး ''ကန်တော့-ကန်တော့'' ဆိုပြီး ပြုလုပ်တာလဲရှိပါတယ်၊ ဒါလဲ ကန်တော့တယ်လို့ဆိုတယ်၊ အရိုအသေပြုခြင်းကိုပင် ကန်တော့တယ်လို့လဲ တစ်မျိုးမှတ်ပါ။

ကန်တော့တဲ့ရည်ရွယ်ချက်အတိုင်းကော အကျိုးသက်ရောက် ပါသလားဆိုယင် အကျိုးသက်ရောက်မှုရှိပါတယ်၊ ယခုပြောပြ ခဲ့တဲ့ ဩကာသကန်တော့ချိုး ဆိုရိုးကို အဓိပ္ပာယ် ဆက်စပ်မိ အောင် ဘုန်းကြီးက တပါတည်းဆိုပြပါဦးမယ်။

## ရည်ရွယ်ချက်နှင့် ပြည့်စုံပြေပြစ်သော မဟာစည်ဩကာသကန်တော့ခန်း

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ, ဝစီကံ, မနော ကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက် ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာ ရတနာ တည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား) တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

## အမှာစကားချုပ်

ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင် ရပ်ပါ၊ ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင် အောက်ပါဆုတောင်းကို ဆက်ဆို၍ တောင်းပါ။)

ဤဩကာသ ဘုရားရှိခိုး ကန်တော့ခန်း၌ (ဆရာသမား) ဟူ သော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်ဆိုရန်ဖြစ်သည်၊ မိခင်,ဖခင် စသည်တို့ကို ကန်တော့သော အခါ၌မူ မိခင်, ဖခင်, အဘိုး, အဘွား, ဦးကြီး, အရီး, အဒေါ် စသည်ဖြင့် ဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရမည်၊ (အရှင်

ဘုရား) ဟူသော စကားမှာလည်း ရတနာမြတ်သုံးပါး ရဟန်း သံဃာတို့ကို ကန်တော့သော အခါ၌သာ ဆိုရန်ဖြစ်သည်။

ဒါဟာ မဟာစည် ဩကာသ ကန်တော့ခန်းတွင် စနစ်တကျ ညွှန်ကြားထားတဲ့ အမှာစကားဖြစ်တယ်၊ ရုပ်ပွားတော်ရှေ့တွင် ရတနာသုံးပါးကို ရှိခိုးကန်တော့တဲ့အခါ ဖော်ပြပါ ဩကာသ ကန်တော့ခန်းတွင် (ဆရာသမား) ဆိုတာကို ချန်ထားပြီး ဆိုရပါဘဲ။

## ဆရာသမားတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ ပ ။ ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ လို့ ဆိုပါ။

## မိဘတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ ပ ။ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး မိခင်ဖခင်တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ လို့ ဆိုပါ။

## အဘိုးအဘွားတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ ပ ။ ဘုရားရတနာ,တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး အဘိုးအဘွားတို့ကို အရို အသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏လို့ ဆိုပါ။

## ဦးကြီးအဒေါ်တို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍

အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှု မင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ တည်းဟူသော ရတနာမြတ် သုံးပါး ဦးကြီး အဒေါ်များတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏လို့ ဆိုပါ။

## အမှာစကားချပ် ကျိုးကြောင်းပြ

ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ၊ ဆုပေးမည့် ပုဂ္ဂိုလ် မရှိလျှင် အောက်ပါ ဆုတောင်းကို ဆက်ဆို၍ တောင်းပါ-ဆိုတဲ့ အမှာစကားအရ လိုက်နာကျင့်သုံးယင် အချိန်ပိုမကုန်တာရယ်၊ ဆရာ-ဒါယကာ အပေးအယူအံဝင်ခွင်ကျဖြစ်တာရယ်၊ စနစ်မှန် ပြီး သဘာဝကျတာရယ်-ဆိုတဲ့ အကျိုးများကိုရပါတယ်။

ဒါဖြင့် ဆုတောင်းကို ဆက်ဆိုပြီး တောင်းယင် အပြစ်ရှိပါ သလားလို့မေးယင် အပြစ်မရှိဘူးလို့ဘဲ ဖြေရပါမယ်၊ ကုသိုလ် စေတနာထပ်တိုးတယ်လို့လဲ ယူဆနိုင်ပါတယ်၊ ဖော်ပြပါ အချိန်ပိုမကုန်ခြင်းစတဲ့ အကျိုးများကိုတော့ မရနိုင်ပါဘူး၊ ဒီနေရာတွင် ရပ်ထားတော့ သီလပေးရဟန်းတော်၊ ဆရာ၊ မိဘ စသည်များက ဆုပေးရပါတယ်၊ ဆုပေးမည့်ပုဂ္ဂိုလ်မရှိတဲ့ ရုပ်ပွားတော်၊ စေတီ စသည်များမှာ ရှိခိုးကန်တော့တဲ့အခါမှာတော့ ဆုတောင်းကို ဆက်ဆိုရပါတယ်၊ အဲဒီ ဆုတောင်းကို ဘုန်းကြီး ဆိုပြပြီးရှင်းပြပါဦးမယ်။

## ဆုတောင်းပုံ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာ တို့ကြောင့် အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ၈-ပါး၊ ရန်သူမျိုး ၅-ပါး၊ ဝိပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါး၊ အနာမျိုး ၉၆-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

## ဆုတောင်း ၉-မျိုး

ဒီဆုတောင်းဟာ တိုတိုနဲ့ အဓိပ္ပာယ်များစွာ အကျုံးဝင်တဲ့ ဩဇာဂုဏ်မြောက်တဲ့ ဆုတောင်းဘဲ၊ ဒါကို တစ်ဝါကျစီ ခင်းလိုက်ယင် ဒီလိုဆုတောင်း ၉-မျိုးဖြစ်ပါတယ်။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်—

၁။ အပါယ် ၄-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၂။ ကပ် ၃ - ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၃။ ရပ်ပြစ် ၈ - ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၄။ ရန်သူမျိုး ၅-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၅။ ဝိပတ္တိတရား ၄-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၆။ ဗျသနတရား ၅-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၇။ အနာမျိုး ၉၆-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၈။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၉။ ဒီဆိုခဲ့ပြီး အနိဋ္ဌဘေးဒဏ် ရန်မာန်အပေါင်း တို့မှ အကြွင်းမဲ့ ချုပ်ငြိမ်းရာ မဂ် ၄-ပါး ဖိုလ် ၄-ပါး, နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကိုလဲ လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

## အပါယ် ၄-ပါး

၁။ ချမ်းသာနှင့်လွဲ မြဲဆင်းရဲတဲ့ ငရဲဘုံ၊
၂။ မဂ်ဖိုလ်လွဲခြား ဖီလာသွားတဲ့ မိုက်မှား တိရစ္ဆာန်ဘုံ၊
၃။ ချမ်းသာပေးမြဲ တောတောင်ထဲ ဆင်းရဲ ဖြစ်ရတဲ့ ပြိတ္တာဘုံ၊
၄။ ပျော်ဖွယ်ကင်းပ စိုးမရတဲ့ အသူရကာယ်ဘုံ၊ အဲဒီ ၄-ဘုံကို အပါယ် ၄-ပါးလို့ ခေါ်ပါတယ်။

### ဆောင်ပုဒ်

ငရဲ တိရစ္ဆာ, ငတ်ပြိတ္တာ, အသူရာပါယ်လေးပါး။

### ကပ်သုံးပါး

၁။ လက်နက်ဖျက်ဆီး, သေဖိစီး, ခေါ်မှီး သတ္ထန္တရကပ် တစ်ပါး။
၂။ ရောဂါဖျက်ဆီး, သေဖိစီး, ခေါ်မှီး ရောဂန္တရကပ် တစ်ပါး။
၃။ ငတ်ဘေးဖျက်ဆီး, သေဖိစီး, ခေါ်မှီး ဒုဗ္ဘိက္ခန္တရကပ် တစ်ပါး။

အဲဒါကို ကပ်သုံးပါးလို့ ခေါ်ပါတယ်။

### ဆောင်ပုဒ်

သတ္ထန် ရောဂန်, ဒုဗ္ဘိက္ခန်, မှတ်ရန်ကပ်သုံးပါး။

### ရပ်ပြစ်ရှစ်ပါး

၁။ ချမ်းသာနှင့်လွဲ, မြဲဆင်းရဲ, ငရဲရပ်တစ်ပါး။
၂။ မဂ်ဖိုလ်လွဲခြား, ဖီလာသွား, မိုက်မှား တိရစ္ဆာန်ရပ် တစ်ပါး။

၃။ ချမ်းသာဝေးမြဲ, ဘောဂတောင်ထဲ, ဆင်းရဲပြိတ္တာ ရပ်တစ်ပါး။
၄။ သညာကင်းလျက်, နာမ်သက်သက်, အထက်ဗြဟ္မာ ရပ်တစ်ပါး။
၅။ လူဖြစ်ရလဲ, သာသနာလွဲ, တောထဲဝေးကွာ ရပ်တစ်ပါး။
၆။ လူဖြစ်ရလဲ, အယူလွဲ, ဖြစ်စွဲ ရပ်တစ်ပါး။
၇။ မျက်စိနားမွဲ, သိဉာဏ်နဲ, သူလဲ ရပ်တစ်ပါး။
၈။ ဉာဏ်ပင်ပြည့်ဝ, သာသနာပ, ဖြစ်ရ ရပ်တစ်ပါး။
၉။ ရပ်ပြစ် ၈-ပါး, သရုပ်များ, မှတ်သားကြစေသား။

ဒါကို ရပ်ပြစ် ၈-ပါး, အပြစ်ရှိသောအရပ် ၈-ပါးလို့ ခေါ်ပါတယ်၊ ဘာအပြစ်ရှိသလဲဆိုယင် မဂ်,ဖိုလ်,နိဗ္ဗာန်မရနိုင်တဲ့ အပြစ်ရှိတာပါ၊ ဒီမှာ အပါယ် ၄-ပါး ရှိရာတွင် အသူရကာယ်ဘုံ မပါဘဲ ကျန်နေပါတယ်၊ အဲဒါကို ပြိတ္တာဘုံနှင့် သဘောသွား တူသောကြောင့် ပြိတ္တာဘုံတွင် ပေါင်းယူရန် ကျမ်းဂန်အဆိုရှိပါတယ်။

**ဆောင်ပုဒ်**

ငရဲ တိရစ္ဆာန်, ပြိတ္တာခံနှင့်, ထက်ယံ အရူပ်,
အသညာတည့်, ဝနာလူရိုင်း, မိစ္ဆာမှိုင်းတို့, ဉာဏ်ထိုင်းကန်းစွ, ဉာဏ်ပြည့်ဝလဲ, ကင်းပသာသနာ, လူဖြစ်ရှာကြ,
မဂ်မရဘိ, အပြစ်ရှိ, မှတ်သိရပ်ရှစ်ပါး။

**ရန်သူမျိုး ၅-ပါး**

၁။ ဘေးအန္တရာယ်ပွား ရေ ရန်သူတစ်ပါး၊
၂။ ဘေးအန္တရာယ်ပွား မီးရန်သူတစ်ပါး၊
၃။ ဘေးအန္တရာယ်ပွား သူခိုး ရန်သူတစ်ပါး၊
၄။ ဘေးအန္တရာယ်ပွား အမွေခံသားဆိုး သမီးဆိုး ရန်သူတစ်ပါး။

၅။ ဘေးအန္တရာယ်ပွား မင်းဆိုးရန်သူတစ်ပါး။

အဲဒါကို ရန်သူမျိုး ၅-ပါးလို့ ခေါ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မိမိတို့ရဲ့ အသက်စည်းစိမ် အိုးအိမ်များကို ဒီငါးမျိုးက ဖျက်ဆီးတတ်လို့ပါဘဲ။

**ဆောင်ပုဒ်**

ရေ မီး သူခိုး, သား မင်းဆိုး, ငါးမျိုးရန်သူများ။

**ဝိပတ္တိ ၄-ပါး**

၁။ အပါယ်ဘုံလား, ဂတိမှား, မှတ်သား ဂတိ ဝိပတ္တိ တစ်ပါး။

၂။ အင်္ဂါချို့ယွင်း, ရုပ်ဆိုးခြင်း, ခေါ်လျှင်း ဥပဓိ ဝိပတ္တိ တစ်ပါး။

၃။ မင်းဆိုးနှိပ်စက်, ကာလပျက်, မှတ်ချက် ကာလ ဝိပတ္တိ တစ်ပါး။

၄။ လုပ်ရပ်မှားယွင်း, ပျက်စီးခြင်း, ခေါ်လျှင်း ပယောဂ ဝိပတ္တိ တစ်ပါး။

အဲဒါကို ဝိပတ္တိ ၄-ပါးလို့ ခေါ်ပါတယ်၊ ဒီပျက်စီးမှု ၄-မျိုး တစ်မျိုးမျိုးနှင့် တွေ့ကြုံရသူဟာ အကောင်းနည်းပါး အဆိုးများပြီး ပျက်ပြားမှုများကသာ ကြီးစိုးမြဲပါဘဲ။

**ဆောင်ပုဒ်**

ကာလ ဂတိ, ဥပဓိ, ဝီရိပျက်စီး လေးပါးတည်း။

**ဗျသန ၅-ပါး**

၁။ ဆွေမျိုးမိတ္တ, ပျက်စီးက, ဗျသန ဉာတိပါ။

၂။ ဥစ္စာဓန, ပျက်စီးက, ဘောဂ ဗျသနပါ။

၃။ ရောဂါဘယ, နှိပ်စက်က, ရောဂ ဗျသနပါ။

၄။ ယူမှတ်အသိ, ပျက်ပြားတိ, ဒိဋ္ဌိ ဗျသနပါ။

၅။ စောင့်ထိန်းသီလ, ပျက်စီးက, သီလ ဗျသနပါ။

ဒီငါးမျိုးကိုလဲ ဗျသနတရားငါးပါးလို့ ခေါ်ပါတယ်၊ ဒီ ပျက်စီးမှု ငါးပါး တစ်ပါးပါးနှင့် တွေ့ကြုံရသူဟာ ဆင်းရဲ ရပါတယ်၊ ပျက်စီးတတ်လို့ ဗျသနခေါ်ပါတယ်။

**ဆောင်ပုဒ်**

ဉာတိဘောဂ, စောင့်သီလနှင့်, ရောဂဒိဋ္ဌိ, ပျက်ပြား
ဘိ, ငါးရှိဗျသန။

**အနာမျိုး ၉၆-ပါး**

အနာမျိုး ၉၆-ပါး သရုပ်ကို ဒီတရားတော်မှာ စေ့ငအောင် ထုတ်ဆိုပြသရယင် ကျယ်ဝန်းနေပါလိမ့်မယ်၊ အကျယ်သိလိုသူ များအတွက် နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါတယ်၊ လိုရင်း ကတော့ ကိုယ်တွင်းစွဲကပ် နှိပ်စက်တတ်တဲ့ အနာရောဂါအား လုံးမှ ကင်းလွတ်ရပါလို၏” ဆိုလျှင် အားလုံး သိမ်းကျုံးမိပါ တယ်။

**ဆောင်ပုဒ်**

ကိုးဆယ့်ခြောက်ပါး, ရောဂါများကို, သီးခြား
သရုပ်, မှတ်ဆောင်ပုဒ်ကို, ရွေးနုတ်ကျယ်စွာ, မရေး
သာ၍, ကိုယ်မှာဖြစ်ကြောင်း, ရောဂါပေါင်းကို,
ဝေးရှောင်းလိုသာ, ဆုတောင်းပါလော့။

**မိစ္ဆာဒိဋ္ဌိ ၆၂-ပါး**

မိစ္ဆာ-မှားယွင်းသော၊ ဒိဋ္ဌိ-အယူတဲ့၊ အဲဒီ အယူမှားဟာ ၆၂-မျိုးရှိပါတယ်၊ ဒီဃနိကာယ် သာမညဖလသုတ်မှာ ပါရှိ ပါတယ်၊ ဒါတွေကိုလဲ သရုပ်ထုတ်ပြနေရယင် အလွန်ကျယ်ဝန်း သွားပါလိမ့်မယ်၊ လိုရင်းကတော့ ငါကောင်, အတ္တကောင် မရှိဘဲနှင့် ရှိတယ်လို့ အထင်မှား အယူမှားကြီး ရှေးအတိတ် ကြောင်းများကို ကြံတွေးပြီး ယူမှားမှု ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ အယူ

မှားက ၁၈-ပါးတဲ့၊ နောင်အနာဂတ်ရေးကို ကြံတွေးယူမှားမှု အပရန္တကပ္ပိကဒိဋ္ဌိ အယူမှားက ၄၄-ပါးတဲ့၊ ပေါင်း ၆၂-ပါး ရှိပါတယ်။

## ဆောင်ပုဒ်

ငါ အတ္တကောင်, မရှိမှောင်ကို, ရှိယောင်ယူမှား,
ဆယ့်ရှစ်ပါးက, တိတ်များ ကြံတွေး, လေးဆယ့်
လေးက, ရှေ့ရေးကြံလှစ်၊ ခြောက်ဆယ့်နှစ်, ဆိုးညစ်
အယူမှား။

## မဂ်ဖိုလ်တရား

၁။ သောတာပတ္တိ မဂ်တရား၊
၂။ သကဒါဂါမိ မဂ်တရား၊
၃။ အနာဂါမိ မဂ်တရား၊
၄။ အရဟတ္တမဂ်တရားလို့ မဂ်တရား ၄-ပါး ရှိပါတယ်။
၁။ သောတာပတ္တိ ဖိုလ်တရား၊
၂။ သကဒါဂါမိ ဖိုလ်တရား၊
၃။ အနာဂါမိ ဖိုလ်တရား၊
၄။ အရဟတ္တဖိုလ်တရားလို့ ဖိုလ်တရားကလည်း ၄-ပါး ရှိပါတယ်။

## နိဗ္ဗာန်တရား

ရုပ်နာမ် ဖြစ်ပျက် ဒုက္ခစက် ချုပ်ငြိမ်းရာ, ကိလေသာ အပူ ကင်းရာ အမြိုက်ဓာတ်ဟာ နိဗ္ဗာန်တရားဖြစ်ပါတယ်။

မဂ်လေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်, အမှန်ရလို၏။

## နိဗ္ဗာန်ဆော်

ကဲ ဩကာသ ကန်တော့ခန်း အကြောင်းကို သိသာရုံမျှ ရှင်းပြခဲ့တာ ဒါလောက်ဆို သဘောပေါက်လောက်ပါပြီ၊ ယခု

ဩကာသဆိုပြီး ညီညီညာညာ ကန်တော့ကြရပါတော့မယ်၊ ကန်တော့တဲ့အခါ ဆုပေးမည့် ပုဂ္ဂိုလ်ရှိနေပြီးမို့ စောစောက ပြောခဲ့တဲ့ဒီ့အတိုင်း(ကန်တော့ပါ၏ အရှင်ဘုရား)တွင်ရပ်ကြပါ။

ကဲ ကဲ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များရဲ့ ထုံးစံအတိုင်း ဥပါသကာတစ်ယောက်က "ဘုရား, တရား, သံဃာ, ရတနာ မြတ်သုံးပါး ဆရာသမားတို့ကို "ဩကာသ" ညီညီညာညာ ရှတ်ဆိုပြီးကန်တော့ကြပါစို့ခင်ဗျား" လို့ ဆိုလိုက်ပါ။

## ဩကာသ ကန်တော့ခန်း

ဩကာသ, ဩကာသ, ဩကာသ ။ပ။ ကန်တော့ပါ၏၊ (အရှင်ဘုရား)။

## ပသန္နတဒ္ဒိတ် ဆုပေး

ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော။
ဓမ္မေ ပသန္နော ဓမ္မိကော။
သံဃေ ပသန္နော သံဃိကော။

ဗုဒ္ဓေ-သိစရာရှိသမျှ တစ်စမကျန် အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော မြတ်ဘုရား၌၊ ပသန္နော ကြည်ညိုသည်တည်း၊ ဗုဒ္ဓိကော-မြတ်ဘုရား၌ကြည်ညိုသည်။

ဓမ္မေ-ဘုရားဟောကြား မြတ်တရား၌၊ ပသန္နော-ကြည်ညိုသည်တည်း၊ ဓမ္မိကော-မြတ်တရား၌ ကြည်ညိုသည်။

သံဃေ-ဘုရားဟောကြား မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တရားကို သိထားစင်စစ် သားစစ်အရိယာ မြတ်သံဃာ၌၊ ပသန္နော - ကြည်ညိုသည်တည်း၊ သံဃိကော - သံဃာတော်၌ ကြည်ညိုသည်ဟူသော ပသန္နတဒ္ဒိတ် ဖွင့်ဆိုအပ်သည်နှင့် အညီ ရှိခိုးခြင်း၏တည်ရာ, မြတ်နိုးခြင်း၏တည်ရာ, အရိုအသေပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော ဘုရားမြတ်ရတနာ, တရားမြတ်

ရတနာ, သံဃာမြတ်ရတနာ, ထိုရတနာ မြတ်သုံးပါးတို့ကို ထွန်းပြတတ်သော ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော်, ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ကုသိုလ်စေတနာတို့ကြောင့် ဘယာမဖြစ်, အပြစ်ခပ်သိမ်း, ပပျောက်ငြိမ်း၍, ရန်တိမ်းရှောင်ရှား, အပါယ် ၄-ပါး, ကပ် ၃-ပါး, ရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး, ဝိပတ္တိတရား ၄-ပါး, ဗျသနတရား ၅-ပါး၊ အနန္တမျိုး ၉၆-ပါး, မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရအောင် ဘဝမခြား ကြိုးစားအားထုတ်နိုင်ကြလျက် လျင်မြန်စွာဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြပါစေ။

(ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား)။

## သီလတောင်း

ကဲ လိုက်ဆိုကြပါဦး—

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

*တပည့်တော်အား, စဉ်သနား, ငါးပါးသီလပေးပါဘုရား။

## သီလတောင်းပုံ

ဒါကသီလတောင်းပုံပါ၊ "အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို (သုံးကြိမ်မြောက်အောင်) လျှောက်ထားတောင်းပန်ပါ၏ အရှင်ဘုရား၊ အရှင်

ဘုရားတို့သည် တပည့်တော်အား သနားချီးမြှောက်သောအား ဖြင့် ငါးပါးသီလကို ပေးတော်မူပါကုန်ဘုရား''တဲ့။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ လူ, နတ်,နိဗ္ဗာန် သုံးတန် ချမ်းသာရာရကြောင်း အကျင့်ကောင်း ပဋိပတ် သီလတော်မြတ်ကို လိုချင်သူများက သီလတောင်းကြပါတယ်။

## ညွှန်ကြားချက်

ဒါက ဓိလိုပါ၊ သီလပေးအရှင်မြတ်ကလည်း''ယမဟံ ဝဒါမိ တံ ဝဒေထ - အကြြင်သီလဆောက်တည်ပုံ စကားရပ်ကို ငါက ရှေ့ကဆိုမည်၊ ထိုငါရှေ့ကဆိုသွားတဲ့ စကားရပ်ကို သီလယူမည့် သင်တို့က နောက်က လိုက်ဆိုကြပါ''လို့ ညွှန်ကြားတော်မူပါတယ်။

သီလယူသူများက ''အာမ ဘန္တေ - အရှင်ဘုရား၊ အရှင်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း (လိုက်ဆိုပါမည်) ဘုရား'' လို့ ဝန်ခံစကား လျှောက်ထားရပါတယ်၊ ဒါကိုထောက်ပြီး ယခုအခါ ကတိစကား ပြောပြီးယင် (အာမ ဘန္တေ - ခံလိုက်ရပြီးပြီ)လို့ ပြောကြပါတယ်၊ ကဲ အဲဒီအစီအစဉ်ကို ပါဠိလို ဆရာ ဒါယကာ အပေးအယူ အချီအချ ဆိုကြရအောင်ပါ။

**ရဟန်း။** ။ယမဟံ ဝဒါမိ တံ ဝဒေထ။

**ပရိသတ်။** ။အာမ ဘန္တေ။

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
*ပူဇော်ထိုက်ခြား, သိညာဏ်ပွား, ထိုဘုရားရှိခိုးပါ၏ဘုရား။

## အဓိပ္ပာယ်

ဒါကလည်း သီလဆောက်တည်တာ မဟုတ်သေးပါဘူး၊ ဘုရားရှိခိုးတာပါ၊ ဗုဒ္ဓဘာသာ စာပေလောကတွင် သူမပါယင် မပြီးတဲ့ နမော တဿ ဘုရားရှိခိုးဆိုတာပါဘဲ။

"ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ အရဟံဂုဏ်, သစ္စာလေး ဖြာ မြတ်ရတနာကို ဆရာမရှိ မိမိအလိုလို သိတော်မူတဲ့ သမ္မာ သမ္ဗုဒ္ဓဂုဏ်, ထိုဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား အား ရှိခိုးပူဇော်ပါ၏"တဲ့။

မြတ်စွာဘုရားရဲ့ အဆုံးအမသာသနာတော်၊ သီလဆောက် တည်တဲ့ အခမ်းအနားတွင် သီလယူသူများက မြတ်ဘုရားကို အလေးပြု ရှိခိုးကြရပါတယ်။

## ဘယ်ဘုရားကိုရှိခိုးသလဲ

ယခု ရှိခိုးတာဟာ ဘယ်ဘုရားရှိခိုးပါသလဲ။

လောကမှာ ကိုယ်ယုံကြည်ရာ ဘာသာဘုရားများကို အား ထား ကိုးကွယ်ကြတယ်။

ယခုရှိခိုးတဲ့ဘုရားဟာ မဟာသက္ကရာဇ် ၆၇-ခု၊ ကဆုန်လ ပြည့် သောကြာနေ့တွင် အိန္ဒိယ မဇ္ဈိမဒေသ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာဒေဝီတို့မှ ဖွားမြင် တော်မူခဲ့ပါတယ်၊ အမည်တော်အားဖြင့် သိဒ္ဓတ္ထမင်းသားလို့ ထင်ရှားခဲ့ပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ၁၆-နှစ်အရွယ် ရောက်တော့ ယသောဓရာမင်းသမီးနှင့် လက်ထပ်ပြီး ထီးနန်း စည်းစိမ်ကို ခံစားခဲ့ပါတယ်။

သက်တော် ၂၉-နှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် ထီးနန်း စည်းစိမ်ကိုစွန့်ပြီး တောထွက် ရဟန်းပြုလျက် အို နာ သေကင်း တဲ့ အမြိုက်တရားမြတ်ကို ရှာကြံခဲ့ပါတယ်။

တောထွက်ပြီး ဉရုဝေလတောအရပ်တွင် အမြိုက်တရားမြတ် ကို ခြောက်နှစ်ပတ်လုံး သေလုနီးပါး ရှာကြံကျင့်သုံး ခဲ့သော် လည်း မရရှိသေးဘဲ သက်တော် ၃၅-နှစ်အရွယ် ရောက်တော့

ကဿုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိပင်အောက်ဝယ် အာနာပါန သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ပွားလျက် တရားအလုံးစုံကို အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရား ဖြစ်တော်မူပါတယ်။

အဲဒီ မြတ်စွာဘုရားဟာ အနွယ်တော်အားဖြင့် ဂေါတမနွယ်ဖွားမို့ ဂေါတမမြတ်စွာဘုရားလို့လဲ တွင်ပါတယ်။

လူ့ နတ်ဦးခိုက် ပူဇော်ထိုက်လို့လဲ အရဟံဂုဏ်ရှင် ဘုရားမြတ်ပါ။

သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူလို့လဲ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားမြတ်ပါ။

ဂေါတမနွယ်ဖွား အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်ဘုရားအား ရှိခိုးတာဖြစ်ပါတယ်၊ အလေးပြုတာဖြစ်ပါတယ်။

### သရဏဂုံဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

*မြတ်ဘုရားကို့ အားထားခို့ ကြည်ညိုဆည်းကပ် ပါ၏ဘုရား။

*မြတ်တရားကို, **အားထားခို,** ကြည်ညိုဆည်းကပ် ပါ၏ ဘုရား။

*မြတ်သံဃာကို, အားထားခို, ကြည်ညိုဆည်းကပ် ပါ၏ ဘုရား။

## ယုံကြည်ချက် သရဏဂုံ

ဒါကလဲ သီလဆောက်တည်တာ မဟုတ်သေးပါဘူး၊ သရဏဂုံ ဆောက်တည်တယ်လို့ ခေါ်ပါတယ်။

သရဏ = ယုံကြည်အားကိုးရာဟူ၍၊

ဂမန = ဆည်းကပ်တယ်။

သရဏ + ဂမန = ယုံကြည်အားကိုးရာဟူ၍ ဆည်းကပ်တယ်။

ဒါကို သရဏဂုံ ဆောက်တည်တယ်လို့ ခေါ်ပါတယ်၊ ဘာကို ယုံကြည်အားကိုးသလဲဆိုယင် ဘုရား, တရား, သံဃာကို ယုံကြည်အားကိုးပါတယ်။

ဘယ်လို ယုံကြည်အားကိုးသလဲဆိုယင် ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်မတော် မူတတ်တယ်လို့ ယုံကြည်အားကိုး ပါတယ်တဲ့။

ယခင့် ယခင်က ဆောက်တည်ကျင့်သုံးခဲ့ပြီး ဖြစ်သော်လည်း ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကုသိုလ်အသစ် တိုးပွားအောင် သီလပေးဆရာတော်ကို သက်သေထားပြီး ရုပ်ပွား ဥဒ္ဒိဿစေတီ ရှေ့တော်ဆိုယင်လဲ ရုပ်ပွား ဥဒ္ဒိဿစေတီတော်ကို သက်သေ ထားပြီး သရဏဂုံ ဆောက်တည်ကြတာပါ။

ဘယ်လိုယုံကြည်အားကိုးသလဲ—

ဘယ်လို ယုံကြည်အားကိုးသလဲဆိုယင် ဘေးဆိုးကင်းကွာ ကိုးကွယ်ရာလို့လဲ ယုံကြည်အားကိုးကြပါတယ်။

## မိဘကို အားကိုးသလို

ဥပမာအားဖြင့် သားအဘနှစ်ယောက် လမ်းလျှောက်သွားကြတဲ့အခါ ဖခင်လူကြီးက ဣန္ဒြေရရ ငြိမ်ငြိမ်သက်သက် သွားသော်လည်း နောက်လိုက်သားငယ်ကတော့ ကလေးတို့သဘာဝအတိုင်း ဆော့ကစားလျက်သွားပါတယ်။

တုတ်ကလေးကိုတွေ့လဲ ကောက်ကိုင်ပြီး လမ်းတွေသမျှ ဝရံတာ စသည်ကိုလည်း "တောက်-တောက်, တောက်-တောက်" မြည်အောင် တို့ခြစ်သွားမယ်၊ ခဲလုံး စသည်ကိုလဲ ခြေနဲ့ခတ်သွားမယ်။

ဒီအခါ မျက်စိနောက်တဲ့ ကလေးရှဲရန်သူ ခွေးကလိုက်ပြီး ကိုက်ခဲရန်ပြေးလာမယ်။

အဲဒီတော့ သားသူငယ်က သူ့ရဲ့ ဘေးဆိုးကင်းကွာအားကိုးရာသို့ ယုံကြည်တဲ့ ဖခင်အားပြေးဖက်ပြီး အကူအညီတောင်းမယ်၊ အဲဒီတော့ သူ့ဖခင်က ပွေ့ပိုက်ကာကွယ်ပြီး ကလေးငယ်ကို မကိုက်အောင် ခွေးကိုခြိမ်းခြောက်ဖယ်ရှား ဟန့်တားမယ်၊ ဒီတော့ခွေးလဲ မကိုက်ခဲနိုင်ဘဲ ရှောင်လွဲသွားမယ်၊ ဒီတော့ သားသူငယ်ရဲ့ ဘေးဆိုးကင်းကွာ ကိုးကွယ်ရာဟာ ဘယ်သူလဲ၊ သူ့ဖခင်ပဲ၊ မိခင်နှင့်ခရီးသွားယင်လဲ နည်းတူပါဘဲ။

အဲဒီလို မိခင် ဖခင်များဟာ သားသူငယ်တို့ရဲ့ ဘေးဆိုးကင်းကွာ ကိုးကွယ်အားထားရာ ဖြစ်ပါတယ်။

ဒါလိုဘဲ အန္တရာယ်မကင်းတဲ့ လောကတွင်းမှာ နေထိုင်ကြရတဲ့ ပုထုဇဉ် လောကသားများလဲ မိမိယံဆိုက်ရောက်လာမည့် ဘေးရန်အန္တရာယ်များကို မိမိအား မထိပါးရအောင် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို အားထားယုံကြည် ဆည်းကပ်ကြရပါတယ်၊ ယုံကြည် ဆည်းကပ်ချက် အတိုင်း ဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းလွတ်ကြရကြောင်း ပတ္ထုသာဓက

များလဲ ထင်ရှားရှိပါတယ်၊ ဒါဟာ ရတနာမြတ်သုံးပါးကို ယုံကြည်ဆည်းကပ်ရကျိုး အမြွက်မျှသိသာရုံ ပြောပြတာပါ။

## ဆေးဆရာကို အားကိုးသလို

တနည်းအားဖြင့် မိမိရောဂါအန္တရာယ် မရောက်ရအောင် ရောက်တဲ့အခါလည်း ကင်းပျောက်အောင် တိုင်းရင်းမြန်မာ သမားတော်များနဲ့ ဆရာဝန်များကို ယုံကြည်အားကိုးရပါတယ်၊ ဆည်းကပ်ရပါတယ်။

ယုံကြည် အားကိုးတယ်ဆိုတာ သူတို့ အရှောင်ခိုင်းတာကို ရှောင်ပြီး သူတို့အဆောင်ခိုင်းတာကို ဆောင်ရတယ်၊ ဒီတော့ မဖြစ်သင့်တဲ့ ရောဂါအန္တရာယ်လဲ မဖြစ်ပေါ်ဘူး၊ ဖြစ်ပြီးတဲ့ ရောဂါလဲ ပျောက်ကင်း ချမ်းသာတယ်။

## ဘုရားကိုယုံကြည်ယင်ဘုရားစကားကိုနားထောင်

ဒီလိုပါဘဲ၊ ရတနာမြတ်သုံးပါးကို အားကိုးရာလို့ ယုံကြည်ဆည်းကပ်သူလဲ ရတနာမြတ်သုံးပါးတွင် အရင်းခံဖြစ်တော်မူတဲ့ တရားမင်း သံဃာမင်း မြတ်စွာဘုရားရဲ့ စကားတော် တရားတော်ကို လိုက်နာကျင့်သုံးရပါတယ်။

ဟုတ်ပါတယ်၊မြတ်စွာဘုရားက သတ္တဝါအများ ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ဒီလိုမူချပြီး ညွှန်ကြားဟောမိန့်တော်မူပါတယ်။

## ဗုဒ္ဓလမ်းစဉ်

၁။ သဗ္ဗပါပဿ အကရဏံ-မကောင်းမှု ဒုစရိုက်ဟူသမျှကို ရှောင်ကြဉ်ရမယ်။

၂။ ကုသလဿ ဥပသမ္ပဒါ-ကောင်းမှု သုစရိုက်ဟူသမျှကို ပြည့်စုံစေရမယ်။

၃။ သစိတ္တပရိယောဒပနံ – မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်။

စတံ ဗုဒ္ဓါန သာသနံ-ဒါဟာ ဘုရားရှင်တို့ရဲ့ အဆုံးအမတော်ပေတည်း။

**မကောင်းမှုဒုစရိုက်ဆိုတာဘာလဲ**

အပြစ်နှင့်တကွ မကောင်းမှုအကျိုးကို ပေးစေတဲ့ ပြုမှု၊ ပြောမှု၊ ကြံမှုသဘောတရားတွေဘဲ၊ အဲဒါကို ရှောင်ရပါမယ်တဲ့။

**ကောင်းမှု သုစရိုက်ဆိုတာ ဘာလဲ**

အပြစ်မရှိ ကောင်းကျိုးချမ်းသာကို ပေးစေတတ်တဲ့ ပြုမှု၊ ပြောမှု၊ ကြံမှုသဘောတရားတွေဘဲ၊ အဲဒါကိုဆောင်ပါတဲ့။

**စိတ်ဖြူစင်ရမယ်ဆိုတာ ဘာလဲ**

မိမိစိတ်ကို အကုသိုလ်သဘောတွေဆီသို့ မကျရောက်စေဘဲ ကုသိုလ်သဘောတွေဆီကိုသာ ရောက်အောင် သီလ၊ သမာဓိ၊ ပညာများကို ကျင့်ပွားပြီး ကိလေသာ ကင်းအောင်ထားပါတဲ့၊ အဲဒါကို ကျင့်ပွားအားထုတ်ပါတဲ့။

**ဗုဒ္ဓလမ်းစဉ် ရှစ်လုံးတွဲ**

အကုသိုလ်များ, ရှောင်ရှားပယ်လေ၊<br>
ကုသိုလ်တရား, ဖြစ်ပွားစုံစေ။<br>
မိမိစိတ်ဓာတ်, ဆွတ်ဆွတ်ဖြူစေ၊<br>
ဤသုံးပါး, ဘုရားဟောခဲ့ပေ။

*မဟာစည်တရား ဆောင်ပုဒ်။

ဒါကိုလျှက်နာကျင့်သုံးယင် လောဘ, ဒေါသ, မောဟစတဲ့ ကိလေသာစိတ် ရောဂါတွေပျောက်ကင်းမယ်၊ ပျောက်ကင်းယင် ပဋိသန္ဓေဆင်းရဲ, အိုဆင်းရဲ, နာဆင်းရဲ, သေဆင်းရဲ အားလုံး

ကင်းတဲ့ နိဗ္ဗာန်အမြိုက်ဓာတ်ကို ရတယ်တဲ့၊ ဒါဟာ ဗုဒ္ဓဘာသာ တွေရဲ့ ယုံကြည်ချက်ပါ။

## အတည်ပြုပုံ အစီပွာယ်

ပြီးတော့ သီလပေးဆရာတော်က "သရဏဂမန်-သရဏဂုံ ဆောက်တည်ဆည်းကပ်ခြင်းသည်၊ ပရိပုဏ္ဏံ-ပြီးပြည့်စုံပြီလော" လို့ မေးတော်မူပါတယ်။

ဒီတော့ ပရိသတ်များက အတည်ပြုတဲ့အနေနဲ့ "အာမ ဘန္တေ=ဘန္တေ - အရှင်ဘုရား၊ အာမ - ပြော် အရှင်ဘုရား မိန့်ကြားသည့်အတိုင်း ပြီးပြည့်စုံပါပြီဘုရား"လို့ ဆိုကြရပါ တယ်။

ကဲ အဲဒါကိုလည်း ဆရာ ဒါယကာ အတိုင်အဖောက် သရဏဂုံ ယုံကြည်ချက်ဆောက်တည် မိဋ္ဌာန်မှု ပြီးပြည့်စုံကြောင်းကို ပါဠိ လို ဆက်လက်တင်သွင်း အတည်ပြုကြရအောင်ပါ။

**ရဟန်းတော်။** ။သရဏဂမနံ ပရိပုဏ္ဏံ။

**ပရိသတ်များ။** ။အာမ ဘန္တေ။

## ငါးပါးသီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

** သက်ရှိသတ္တဝါ, မသတ်ပါ, သိက္ခာကျင့်ပါမည်။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

** သူပိုင်ဥစ္စာ, မခိုးပါ, သိက္ခာကျင့်ပါမည်။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

** သူ့သားအိမ်ရာ, မမှားပါ, သိက္ခာကျင့်ပါမည်။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

** မုသားလိမ်ညာ, မပြောပါ, သိက္ခာကျင့်ပါမည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

** မူးယစ်သေစာ, မသုံးပါ, သိက္ခာကျင့်ပါမည်။

## တရားဥပဒေ လိုက်နာရသလို

ဒါကမှ သီလဆောက်တည်တာဘဲ၊ လောကလူသားတွေ ငြိမ်းချမ်းစွာ နေနိုင်ရေးအတွက် နိုင်ငံတိုင်းရဲ့ အစိုးရများက ဥပဒေပြဋ္ဌာန်းပြီး အုပ်ချုပ်ရပါတယ်။

အဲဒီ နိုင်ငံရဲ့ ဥပဒေကို မလွန်ကျူးဘဲ လိုက်နာသူများဟာ ငြိမ်းချမ်းစွာပင် မိမိတို့ လိုအပ်ရာ လုပ်ငန်းများကို လုပ်ဆောင်နိုင်ကြတယ်၊ ချမ်းသာကြီးပွားကြပါတယ်။

မလိုက်နာ ကျူးလွန်သူများအား တရားဥပဒေအရ ဖမ်းဆီးချုပ်နှောင်ပြီး အပြစ်ပေးခံရပါတယ်၊ ငွေဒဏ်, ထောင်ဒဏ်, သေဒဏ်အထိ ကျရောက်ခံကြရပါဘယ်၊ ဆင်းရဲဒုက္ခရောက်ကြရပါတယ်။

ဒါလိုပါဘဲ၊ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ ဒေသနာတော် လောကတွင်လည်း ဒီငါးပါးသီလ ဥပဒေဟာ အလွန်အရေးပါ အရာရောက်လှပါတယ်။

လိုက်နာကျင့်သုံးသူများဟာ—

၁။ "ငါလူဆိုးပဲ"လို့ ကိုယ့်ကိုယ်ကို စွပ်စွဲတဲ့ အတ္တာနုဝါဒဘေးမှ ကင်းငြိမ်းချမ်းသာပါတယ်။

၂။ "ဒီကောင်လူဆိုးပဲ"လို့ ပတ်ဝန်းကျင်ရဲ့ စွပ်စွဲကဲ့ရဲ့တဲ့ ပရာနုဝါဒဘေးမှလည်း ကင်းငြိမ်းချမ်းသာပါတယ်။

၃။ လျော်ကြေး, ငွေဒဏ်, ရိုက်နှက်ငြိမ်ဒဏ်, သေဒဏ်ပေးတဲ့ ဒဏ္ဍဘေးမှလည်း ကင်းငြိမ်းချမ်းသာရပါတယ်။

၄။ မတွေ့မဝေ သေလွန်လေလည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံသို့မရောက်ဘဲ အပါယ် ဆင်းရဲမှလည်း ကင်းငြိမ်းချမ်းသာနိုင်ပါတယ်၊ လူ, နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကိုလည်း ရရှိနိုင်ပါတယ်။

မလိုက်နာဘဲ ကျူးလွန်သူများမှာမူ အဲဒီ ဘေးလေးမျိုးနဲ့ ဘဝများစွာတိုးပြီး ဆင်းရဲအမျိုးမျိုးကို ခံရမြဲဖြစ်ကြပါတယ်၊ ငါးပါးသီလ တစ်ပါးစီ တစ်ပါးစီရဲ့ အကျိုးကိုဘော့ နောက်မှ သီးခြား ဖော်ပြပါမယ်။

ဒီငါးပါးသီလဟာ ဗုဒ္ဓဘာသာများသာမက ဘာသာမရွေး လူမျိုးမရွေး လိုက်နာကျင့်သုံးသင့်လှပါတယ်၊ လိုက်နာကျင့်သုံး ရပါမယ်။

၁။ အတ္တာနုဘေး, ပရာဘေး, ဒဏ်ဘေး ပါယ်ဘေးပါ။

၂။ ငါးပါးသီလ, ကျင့်သုံးက, ကင်းပငြိမ်းချမ်းသာ။

၃။ မကျင့်သုံးက, လူတိုင်းပ, ဒုက္ခဆင်းရဲမှာ။

## ဆုတောင်းဦးတည်ချက်

ဒီလို သီလဆောက်တည်ပြီးတဲ့အခါ ဗုဒ္ဓဘာသာ ဥပါသကာ တို့ရဲ့ သီလကျင့်သုံးရေးလမ်းစဉ် ဦးတည်ချက်ကို သီလပေးဆရာ တော်က ပို့ချပေးပါတယ်၊ ဒါကိုဆုံတောင်းလို့လဲ ခေါ်ပါတယ်။ ကဲ ဆိုကြည့်ရအောင်ပါ။

ဣဒံ မေ သီလံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

စောင့်ထိန်းဆောက်တည်, သီလသည်, ရွှေပြည်နိဗ္ဗာန်ရောက် စေသား။

''တပည့်တော်၏ ဆောက်တည် စောင့်ထိန်းရတဲ့ ဤသီလ သည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေ သတည်း''တဲ့။

ဒါဟာ သီလခံယူမှု စောင့်ထိန်းသူ ဗုဒ္ဓဘာသာသူတော်စင်တွေရဲ့ ဦးတည်ချက်ဆုတောင်းပါဘဲ။

## စခန်းသိမ်းအမှာစကား

နောက်ပြီးတော့ သီလပေးဆရာတော်က သီလဆောက်တည်ကျင့်သုံးရေး, ဥပဒေပြဋ္ဌာန်းရေး, ခံယူကျင့်သုံးမှု, ကတိပြုပွဲကြီးအပြီးမှာ ဒီလိုအရေးကြီးတဲ့ အမှာစကားကိုလဲ လူမင်း,နတ်မင်း, ဗြဟ္မာမင်းတို့ရဲ့မင်း မင်းဥက္ကဋ္ဌ မင်းမြတ်သရဖူ သယမ္ဘူမြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒအတိုင်း မိန့်ကြားမှာထားလိုက်ပါသေးတယ်။

ရဟန်းတော်။ ။တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

သာဓဝေါ - နှလုံးပျော့ပျောင်း အို...သူတော်ကောင်းတို့၊ တုမှေ့-ဘုရား,တရား,သံဃာ ရတနာသုံးပါး အားထားကြည်ယုံသရဏဂုံ,သီလ ဆောက်တည်ကြကုန်သော အသင်တရားချစ်ခင်သူတော်စင်တို့သည်၊ တိသရဏေန - အမြတ်ဆုံး ဘုရားရတနာ, အမြတ်ဆုံး တရားရတနာ, အမြတ်ဆုံး သံဃာရတနာ တည်းဟူသော အားထား ကိုးကွယ် ဆည်းကပ်ရာ သရဏဂုံ သုံးပါးနှင့်၊ သဟ - နှလုံးအိမ်စံကျောင်း ကိန်းအောင်းနိစ္စ အတူတကွ၊ ပဉ္စသီလံ - ဘုရားတပည့် အရိယာသူတော်စင်တို့ ဇီဝါအသက် မငဲ့ကွက်ဘဲ အသက်နှင့်လဲထုံး ကျင့်သုံးနိစ္စ ငါးပါးသော သီလကို၊ သာဓုကံ ကတွာ - မညှိုးမခြောက် မကျိုးမပေါက် မပြောက်ကြားရအောင် လေးစားထူးချွန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်သမှု မြဲစွာပြု၍၊ အပ္ပမာဒေန - မမေ့ မလျော့မပေါ့မဆကြောင်းဖြစ်တဲ့ အပ္ပမာဒ သတိတရားဖြင့်၊ အပ္ပမာ-ဒေန - အကုသိုလ် တရားတွေကို ရှောင်ရှားရမှာ မမေ့ခြင်း, ကုသိုလ်တရားတွေကို ပွားများ အားထုတ်ရမှာ မမေ့ခြင်းဆိုတဲ့

အသိတရားဖြင့်၊ အပ္ပမာဒေန - သွားရာမှာလဲမမေ့၊ ရပ်ရာမှာလဲ မမေ့၊ထိုင်ရာမှာလဲ မမေ့ခြင်းဆိုတဲ့ သတိတရားဖြင့်၊အပ္ပမာဒေန- မြင်ရာမှာလဲ မမေ့၊ ကြားရာမှာလဲ မမေ့၊ နံရာ စားရာ တွေ့ထိရာ စိတ်ကူးစဉ်းစားရာမှာလဲ မမေ့ခြင်းဆိုတဲ့ သတိတရားဖြင့်၊ သမ္ပာဒေထ - ပြီးစီးပြည့်စုံအောင် ကြိုးစားအားထုတ်ကြကုန်လော့၊ သမ္ပာဒေထ - သီလတွင်မရပ်မနားဘဲ စိတ်တည်ကြည်ကြောင်း သမာဓိကောင်းတရား အမှန်မြင်ကြောင်း ပညာအကျင့်ကောင်း တရားတွေကို ဆက်လက်ကြိုးစား သတိထား၍ ကျင့်ပွားဥဿုံ ပြီးပြည့်စုံကြစေကုန်လော့။

ပရိသတ်။ ။အာမဘန္တေ၊ (အမိန့်ရှိတော်မူတဲ့အတိုင်းလိုက်နာ ကျင့်သုံးကြပါမည်ဘုရား။)

၁။ ခံယူပြီးသား, သီလငါး, မများကျင့်သုံးရာ။

၂။ သီလတည်လျက်, သမာဓိဆက်, တိုးတက်ကျင့်ပွား မြတ်ပညာ။

၃။ ကျင့်သုံးတိုင်းမှာ, သတိပါ, ချမ်းသာပြည့်စုံရာ။

## ရှစ်ပါးသီလဆောက်တည်ပုံ

### သီလတောင်း

ပရိသတ်များ။ ။အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

* တပည့်တော်အား, စဉ်သနား, ရှစ်ပါးသီလ ပေးပါဘုရား။

**ရဟန်းတော်။** ။ယမဟံ ဝဒါမိ တံ ဝဒေထ။

**ပရိသတ်များ။** ။အာမ ဘန္တေ။

## ဘုရားရှိခိုး

**ရဟန်းတော်။** ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပရိသတ်များ။** ။နမော တဿ (သုံးခေါက်ဆိုပါ)။

* ပူဇော်ထိုက်ငြား, သိညာဏ်ပွား, ထိုဘုရား ရှိခိုးပါ၏ဘုရား။

## သရဏဂုံ ဆောက်တည်ပုံ

**ရဟန်းတော်။** ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

**ပရိသတ်များ။** ။(လိုက်ဆိုပါ)

**ရဟန်းတော်။** ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

**ပရိသတ်များ။** ။(လိုက်ဆိုပါ)။

ရဟန်းတော်။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

ပရိသတ်များ။ ။(လိုက်ဆိုပါ။)

* မြတ်ဘုရားကို, အားထားခို, ကြည်ညို ဆည်းကပ်ပါ၏ဘုရား။
* မြတ်တရားကို, အားထားခို, ကြည်ညို ဆည်းကပ်ပါ၏ဘုရား။
* မြတ်သံဃာကို, အားထားခို, ကြည်ညို ဆည်းကပ်ပါ၏ဘုရား။

ရဟန်းတော်။ ။သရဏဂမနံ ပရိပုဏ္ဏံ။
ပရိသတ်များ။ ။အာမ ဘန္တေ။

## ရှစ်ပါးသီလ ဆောက်တည်ပုံ

မှတ်ချက်။ ။ဤမှရှေ့၌ ဆောက်တည်ရမည့် သီလရှစ်ပါးကို ရဟန်းတော်က တစ်ပိုဒ်စီ ရှေ့မှ ချပို့ပေး၍ နောက်မှ ပရိသတ်များက လိုက်ဆိုကြရပါမည်။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
** သက်ရှိသတ္တဝါ, မသတ်ပါ, သိက္ခာကျင့်ပါမည်။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
** သူပိုင်ဥစ္စာ, မခိုးပါ, သိက္ခာကျင့်ပါမည်။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
** မေထုန်ယုတ်မာ, မပြုပါ, သိက္ခာကျင့်ပါမည်။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
** မုသားလိမ်ညာ, မပြောပါ, သိက္ခာကျင့်ပါမည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** မူးယစ်သေစာ, မသုံးပါ, သိက္ခာကျင့်ပါမည်။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** နေလွဲညစာ, မစားပါ, သိက္ခာကျင့်ပါမည်။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** က,ပွဲသဘင်,အလှပြင်, ရှောင်ကြဉ်သိက္ခာကျင့်ပါမည်။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** မြင့်မြတ်နေရာ, မနေပါ, သိက္ခာကျင့်ပါမည်။

**ရဟန်းတော်။** ။ဣမာနိ မေ သီလံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

**ပရိသတ်များ။** ။(လိုက်ဆိုပါ။)

** စောင့်ထိန်းဆောက်တည်, သီလသည်, ရွှေပြည်နိဗ္ဗာန် ရောက်စေသား။

**ရဟန်းတော်။** ။တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ သာဓုကံ ကတွာ မမ္ပံ အပ္ပမာဒေန သမ္ပာဒေထ။

**ပရိသတ်များ။** ။အာမ ဘန္တေ။

ဗုဒ္ဓဘာသာ က-ကြီး၊ ခ-ခွေး
သြကာသကန်တော့ခန်းနှင့်
သီလပေး တရားတော် ပြီးပါပြီ။

# ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်

## စကားဦး

ယခုဟောကြားမည့်တရားတော်ကတော့ ဒီဃနိကာယ် မဟာဝဂ္ဂ မဟာသတိပဋ္ဌာန သုတ်တော်နှင့် အဋ္ဌကထာ အဖွင့်များကို အခြေခံပြီး ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ယူဆပုံ ယူဆနည်း အတိုင်း ဟောကြားမည့် "ငိုကြွေးကင်းရန် သတိပဋ္ဌာန် တရားတော်" ဖြစ်ပါတယ်။

### ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ပူဇော်ထိုက်ငြား, သိညာဏ်ပွား, ထိုဘုရားရှိခိုးပါ၏ဘုရား။

### သုတ်တော်နိဒါန်း

အခါတစ်ပါး၌ မြတ်စွာဘုရားဟာ ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံးရွာကြီး၌ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီတုန်းက မြတ်စွာဘုရားဟာ ရဟန်းများအား ဒီတရားတော်ကို ဟော ကြားတော်မူပါတယ်။

### တရားကြေညာချက်

ဟောကြားတော် မူပုံက ဒီလိုပါ၊—

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိ-ပဋ္ဌာနာ"တဲ့။

၁။ ရဟန်းတို့....လေးပါးသော သတိပဋ္ဌာန် တရားဆိုတာ ရှိတယ်၊ အဲဒီ သတိပဋ္ဌာန် အကျင့်လမ်းဟာ အားလုံးသော သတ္တဝါအပေါင်းတို့၏ ကိလေသာစိတ်အညစ်အကြေးကင်းဝေး စင်ကြယ်ခြင်းငှာ တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်တယ်။

၂။ စိုးရိမ် ပူဆွေးမှု သောကတွေကို လွန်မြောက်ခြင်းငှာ တစ်ကြောင်းတည်းသော လမ်းဖြစ်တယ်။

၃။ ငိုကြွေးတမ်းတရခြင်း ပရိဒေဝတို့ကို လွန်မြောက်ခြင်းငှာ တစ်ကြောင်းတည်းသော လမ်းဖြစ်တယ်။

၄။ ကိုယ်ဆင်းရဲခြင်း ဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းငှာ တစ်ကြောင်းတည်းသော လမ်းဖြစ်တယ်။

၅။ စိတ်ဆင်းရဲခြင်း ဒေါမနဿတို့၏ ချုပ်ငြိမ်းခြင်းငှာ တစ်ကြောင်းတည်းသော လမ်းဖြစ်တယ်။

၆။ အရိယမဂ်ကို ရခြင်းငှာ တစ်ကြောင်း တည်းသော လမ်းဖြစ်တယ်။

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ တစ်ကြောင်းတည်းသော လမ်းဖြစ်တယ်။

ဒီလို မြတ်စွာဘုရားက ဒီသတိပဋ္ဌာန် အကျင့်တရားကို ကျင့်ပွားယင် ဒီအကျိုး ခုနစ်မျိုးကို ရနိုင်ကြောင်းကို ကြေညာ မိန့်ကြားတော်မူပါတယ်။

ယခုဟောကြားမည့် "ငိုကြွေးကင်းရန် သတိပဋ္ဌာန် တရားတော်"ဟာ ဒီသတိပဋ္ဌာန်အကျိုး ခုနစ်မျိုးထဲက တတိယ အကျိုးပြတရားတော်ဖြစ်ပါတယ်။

## ငိုကြွေးမှုပရိဒေဝဆိုတာဘာလဲ

ဒီနေရာမှာ ငိုကြွေးမှုပရိဒေဝနှင့် ပတ်သက်ပြီး "ငိုကြွေးမှုပရိဒေဝဆိုတာ ဘာလဲ"ဆိုတဲ့ ဒီမေးခွန်းရဲ့ အဖြေကို မြတ်စွာ

ဘုရား ဟောကြားတော်မူတဲ့ မဟာသတိပဋ္ဌာနသုတ် ဓမ္မာနုပဿနာ ဒုက္ခသစ္စာပိုင်းက ပရိဒေဝ အကြောင်းကို ထုတ်ပြလိုက်ယင် သိသာ ရှင်းလင်းသွားမှာပါဘဲ၊ မြတ်စွာဘုရားက အဲဒီ ပရိဒေဝ အကြောင်းကို ဒါလို ဟောကြားတော်မူပါတယ်။

## ဘုရားဟောပါဠိတော်

ကတမော စ ဘိက္ခဝေ ပရိဒေဝေါ၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

အဓိပ္ပာယ်စကားပြေ လိုရင်းကတော့ ''ရဟန်းတို့....ငိုကြွေးမြည်တမ်းခြင်းဟာ ဘာလဲဆိုယင် ဗျသန - ပျက်စီးခြင်း တရားတစ်ပါးပါးနှင့် တွေ့ကြုံရသူ့ဆင်းရဲကြောင်း ဝတ္ထု အမှု အာရုံတစ်ခုခုနှင့် တွေ့ကြုံရသူ့ အဲဒီလို တွေ့ကြုံရသူရဲ့ ပျက်စီးတဲ့ပုဂ္ဂိုလ်ဝတ္ထုတစ်စုံတစ်ခုကို ရည်စူး၍ တစ်မျိုး၊ ဂုဏ်ကျေးဇူးကို ပြောဆို၍ တစ်ဖုံ၊ အဲဒီလို အမျိုးစုံ ငိုကြွေးမြည်တမ်းခြင်းကို ပရိဒေဝ ဒုက္ခ-ငိုကြွေးမြည်တမ်းခြင်း ဆင်းရဲလို့ ခေါ်ဆိုပါတယ်''တဲ့။

## ဗျသနကြောင့် ငိုရတယ်ဆိုတာ

၁။ သွေးသားတော်စပ်တဲ့ ဆွေမျိုးဉာတိ ပျက်စီးယင်လဲ ငိုရမြဲပါဘဲ။

၂။ စည်းစိမ်ဘောဂ ပျက်စီးယင်လဲ ငိုရမြဲဘဲ။

၃။ ခန္ဓာကိုယ်မှာ အနာရောဂါနှိပ်စက်လာယင်လဲ ငိုရမြဲဘဲ။

၄။ သီလအကျင့်ကို မြတ်နိုးသူများဟာ မိမိသီလကျိုးပျက်ယင်လဲ ငိုရမြဲဘဲ။

၅။ အယူဝါဒကို မြတ်နိုးသူများဟာ မိမိအယူဝါဒပျက်စီးယင်လဲ ငိုရမြဲဘဲ။

ဒါဟာ ဗျာသနတရားတစ်ပါးပါးနှင့် တွေ့ကြုံတဲ့အခါ ငိုရတယ်ဆိုတာနှင့်စပ်ပြီး သိမှတ်ဖွယ်ရာ အကျဉ်းချုပ် သရုပ်ပါဘဲ၊ ဒါလောက်ဆိုယင် သိသာထင်ရှားလောက်ပါပြီ။

**ဒုက္ခဓမ္မကြောင့်ငိုရတယ်ဆိုတာ**

ဒုက္ခဓမ္မ - ဆင်းရဲကြောင်း ဝတ္ထု အမှု အာရုံဆိုတာကတော့ အများသားဘဲ၊ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ ဖွင့်ပြချက်အရအားဖြင့် သတ်ခြင်း, နှောင်ဖွဲ့ခြင်း အစရှိတဲ့ ဘေးဒုက္ခနှင့်ကြုံရတဲ့အခါ ငိုရတာကို ဒုက္ခဓမ္မဆင်းရဲကြောင်း ဝတ္ထုအမှုအာရုံနှင့် တွေ့ရလို့ ငိုရတာတဲ့။

ဟုတ်ပါတယ်၊ ဒါကတော့ မိမိနှင့်ပတ်သက်ပါတယ်၊ မိမိမှာအမှုရောက်လာလို့ ဖြစ်စေ, တစ်စုံတစ်ဦးက အပြစ်ရှာလို့ဖြစ်စေ, သတ်မယ် ဖြတ်မယ်ဆိုပြီး နှောင်ကြိုးဟည်းခြင်း, လက်ထိတ်ခတ်ခြင်း, ရိုက်နှက်ခြင်း, ကျင်စက်နဲ့တို့ခြင်း စတဲ့ ညှဉ်းဆဲနှိပ်စက်မှုမျိုးတွေကို ပြုခံရယင်လဲ ငိုရမြဲဘဲ၊ ဒီဒုက္ခမျိုးကြောင့် ငိုကြရပုံကိုတော့ အထူးသာဓကဆောင်ပြီး ပြဖွယ်ရာပင် မလိုလှပါဘူး၊ ကိုယ်တွေ့မျက်မြင် ကြုံဆုံကြဖူးသူတွေ များပါလိမ့်မယ်။

နောက်ပြီးတော့ ချစ်စရာတွေနှင့် ကွဲရ ကွာရတဲ့ အခါများမှာလဲ ငိုကြရပါတယ်၊ မုန်းစရာတွေနှင့်ယှဉ်ရ တွဲရတဲ့အခါလဲ ငိုကြရပါဘယ်၊ ဗျာသနတရားငါးမျိုးမှ ?လွဲပြီး အခြားဆင်းရဲကြောင်း ဝတ္ထုအမှုအာရုံတွေနှင့် တွေ့ကြုံရတဲ့အခါ ငိုရတာ မှန်သမျှကို ဒီနေရာမှာ လိုအပ်ပါတယ်။

ယခု ဟောပြချက်များဟာ ဘာကြောင့် ငိုရသလဲဆိုတဲ့ အချက်ကို ဖော်ပြတဲ့ ဟောပြောချက်ပါဘဲ၊ ဒါလောက်ဆိုယင် ငိုရခြင်းရဲ့အကြောင်းကို သိသာထင်ရှားလောက်ပါပြီ။

**ဘယ်လိုငိုကြသလဲ**

အဲဒီ အကြောင်းတွေကြောင့် ငိုကြတဲ့အခါ ဘယ်လိုငိုကြသလဲဆိုတာကို သိသာအောင် ပြောပြပါဦးမယ်။

ဒီလိုပုံနှင့် ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဟောကြားထားကြောင်းကို စောစောကပြခဲ့ပါပြီ၊ ပါဠိ ဝေါဟာရနှင့် ဆိုယင်–

၁။ အာဒေဝေါ၊ ၄။ ပရိဒေဝနာ၊
၂။ ပရိဒေဝေါ၊ ၅။ အာဒေဝိတတ္တံ၊
၃။ အာဒေဝနာ၊ ၆။ ပရိဒေဝိတတ္တံ

လို့ ခြောက်မျိုးပြထားပါတယ်။

## ၁။ အာဒေဝေါ

အာဒေဝေါ – ပျက်စီးသော ပုဂ္ဂိုလ်, ဝတ္ထု တစ်စုံတစ်ခုကို ရည်စူးပြီး ငိုကြွေးမြည်တမ်းတယ်တဲ့။

ဥပမာအားဖြင့် ''အမယ်လေး....ငါ့သားလေးမှ သေရလေခြင်း၊ သေချိန်မရောက်သေးဘဲနဲ့ သေရရှာတယ်၊ ငါ့လင်ယောကျ်ားမှ သေရလေခြင်း၊ ငါ့ဇနီးမယားမှ သေရလေခြင်း၊ ချစ်စ, ခင်စ, ကြင်နာစရှိသေးတယ်၊ ငါ့ပစ္စည်းမှ ပျက်စီးရလေခြင်း၊ အခိုးခံရလေခြင်း၊ အလုအယက်ခံရလေခြင်း၊ ငါ့မှာမှ ဒီရောဂါစွဲကပ်လေခြင်း၊ ငါ့သီလအကျင့်တော့ ပျက်စီးပါပြီ၊ ငါ့စိတ်ငါမထိန်းနိုင်လို့ ငါမိုက်မှားမိတယ်၊ ငါတော့အဖမ်းခံရပြီ၊ ဒီအမှုကတော့ သေစားသေရမှာဘဲ၊ ငါ့အယူဝါဒတော့ ပျက်စီးရပြီ'' စသည်ဖြင့် ပျက်စီးတဲ့ ပုဂ္ဂိုလ် ဝတ္ထု အမှု အာရုံကို အကြောင်းပြုပြီး ငိုယိုကြတာပါဘဲ။

## ၂။ ပရိဒေဝေါ

ပရိဒေဝေါ – ပျက်စီးတဲ့ ပုဂ္ဂိုလ် ဝတ္ထု တစ်စုံတစ်ခုရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြီး ငိုကြွေးမြည်တမ်းတယ်တဲ့။

ဥပမာအားဖြင့် ''အမယ်လေး....အလိမ္မာသားလေးမှ သေရတယ်၊ ငါ့သားလေးဟာ အရိပ်သုံးပါးနားလည်တယ်၊ အလိုက်

သိတတ်တယ်၊ အဖေအမေလုပ်ငန်း ပင်ပန်းနေယင် ကူညီဆောင်ရွက်တတ်တယ်၊ အမေအဖေ ညှိုးငယ်နေယင် အားပေးစကားပြောကြားတတ်တယ်၊သူစာမေးပွဲအောင်လို့ အလုပ်ရယင် ဦးဆုံးရတဲ့ လခနဲ့ မိဘကိုကျေးဇူးဆပ်မယ် လို့ ပြောခဲ့တယ်၊ အခုသူသေမှ အလုပ်ခန့်စာရောက်လာပြီ၊ ငါ့သားကြီး မင်းအမေကို ထ မကြည့်တော့ဘူးလား''စသည်ဖြင့် လူလားမြောက်စ သားတစ်ယောက် သေသွားတာကို အကြောင်းပြုပြီး မိခင်ကငိုတယ်။

''အမယ်လေး....အရိပ်ကောင်းတဲ့ သစ်ပင်ကြီး လဲပြိုသွားသလို အနန္တဂုဏ်အင် ကျေးဇူးရှင်ဆရာတော်ဘုရားဟာ ပျံလွန်တော်မူသွားရပြီ၊ ယခုတော့ ကျန်ရစ်တဲ့တပည့်တွေမှာ အရိပ်ကောင်း မခိုရတဲ့ ငှက်အပေါင်းပမာ ပူဗျာပါပွားပြီး တရားအရိပ်ကင်းကြပြီဘုရား၊ အို ဆရာတော်ဘုရား ယခုခဏ ပလ္လင်ပေါ်ကြွပြီး တရားမဟောတော့ဘူးလားဘုရား''စသည်ဖြင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူယင် တပည့်တွေက တမ်းတပြီး ဂုဏ်ကိုဖော်ကာ ငိုကြတယ်။

## ၃။ အာဒေဝနာ

အာဒေဝနာ - ရည်စူးပြီး ငိုကြွေးမြည်တမ်းပုံ အမူအရာဆိုတာကတော့ အဝတ်အစား ကပိုကရို ဆံပင်ဖွားလျားနဲ့ ရင်ပတ်စည်တီးကာ မျက်ရည်ပေါက်များ ယိုစီးကျကာ ငိုယိုကြပုံမျိုးပါဘဲ။

## ၄။ ပရိဒေဝနာ

ပရိဒေဝနာ - ဂုဏ်ကျေးဇူးကို ပြောဆိုငိုကြွေး မြည်တမ်းခြင်း အမူအရာဆိုတာလဲ လက်ဟန်ခြေဟန်နှင့် စကားတန်ဆာတွေကို သရုပ်ပြပြီး ငိုယိုကြတဲ့ ပုံမျိုးပါဘဲ။

ဥပမာအားဖြင့် ဘုန်းကြီးပျံတွေမှာ မြေနန်း, လောင်တိုက်, မြှာသာဒ် စသည်တွေပြင်ဆင်ပြီး ဆရာတော်ရဲ့ အတ္ထုပ္ပတ္တိသရုပ်

ဖော် ပန်း၊ချီဇာတ်လမ်း စသည်တွေနှင့် သိုက်မြိုက်စွာ ပြသငိုယို ကြတာတွေမျိုးများလဲ ပရိဒေဝနာ ငိုချင်းလို့ ဆိုရမှာပါဘဲ။

၅။ အာဒေဝိတတ္တံနှင့် ၆။ ပရိဒေဝိတတ္တံ

အာဒေဝိတတ္တံ - ရည်စူး၍ ငိုကြွေးမြည်တမ်းသည်၏အဖြစ်၊ ပရိဒေဝိဘတ္တံ - ဂုဏ်ကျေးဇူးကို ပြောဆိုငိုကြွေး မြည်တမ်းသည်၏ အဖြစ်ဆိုတာတွေကတော့ သဒ္ဒါပရိယာယ်မျှပါဘဲ။

## ငိုကြွေးမှုကို လွန်မြောက်လို

ဒီလို ငိုကြွေးမှု ဆင်းရဲဒုက္ခတွေကို လွန်မြောက်ချင်သူဟာ သတိပဋ္ဌာန်တရားကိုသာ ကျင့်ပွားပါ။

ဟုတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ''အယံမဂ္ဂေါ- ဤသတိပဋ္ဌာန်လမ်းမ တော်သည်၊ သတ္တာနံ-ဘုရား, ပစ္စေက ဗုဒ္ဓါ, အရိယာသာဝကအလောင်း အားလုံးသော သတ္တဝါ အပေါင်းတို့၏၊ သောကပရိဒေဝါနံ-စိုးရိမ်မှုသောက ငိုကြွေးမှု ပရိဒေဝတို့ကို၊ သမတိက္ကမာယ - ကောင်းစွာကျော်နင်း လွန် မြောက်ခြင်းငှာ၊ မဂ္ဂေါ - တစ်ကြောင်းတည်းသော လန်းမှန် အစစ် ဖြစ်ပါပေသတည်း။

သာဓု... သာဓု... သာဓု...။

အဲဒါကို ဆောင်ပုဒ်စီထားပါတယ်၊ ဆောင်ပုဒ်က–

၁။ ''ငိုကြွေးမှုကို, ကင်းစေလို့, အယ်လမ်းစဉ်ကို လိုက် ရမယ်။

၂။ ငိုကြွေးမှုကို, ကင်းစေလို့, သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ရမယ်''တဲ့။

## ဝိပဿနာရှုနည်း

ငိုကြွေးမှု ဒုက္ခကို လွန်မြောက်အောင် သတိပဋ္ဌာန်ဝိပဿနာ တရားကို ရှုပွားရတယ်ဆိုတာ ဒွါရနှင့်အာရုံဆိုတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုမှတ်ရပါတယ်။

ငိုကြွေးမှုဒုက္ခကို အပြီးအပြတ် ပယ်နိုင်တာက အနာဂါမိ မဂ်ဉာဏ်ကသာ ပယ်နိုင်ပါတယ်၊ အဲဒီလို ငိုကြွေးမှု ဒုက္ခကို အပြီးအပြတ် သမုစ္ဆေဒပဟာန်နဲ့ ပယ်နိုင်တဲ့ အနာဂါမ် မဖြစ် သေးယင်လဲ ဒီသတိပဋ္ဌာန် ဝိပဿနာတရားကို ထိထိ ရောက် ရောက် ရှုပွားနိုင်ယင် တဒင်္ဂအားဖြင့်တော့ ငြိမ်းပါတယ်။

သတိပဋ္ဌာန် ဝိပဿနာတရားကို အားကောင်းစွာ ကြိုးစား အားထုတ်ထားသူဆိုယင် ငိုလောက်အောင် ပျက်စီးမှုတစ်ခုခုနှင့် တွေ့ဆုံလို့ ငိုချင်စိတ်ပေါ်လာကတည်းက "ငိုချင်တယ်, ငိုချင် တယ်" လို့ ရှုမှတ်နေယင် ငိုချင်စိတ် ပျောက်ငြိမ်းသွားပါတယ်၊ ငိုချင်စိတ်ပင် ပျောက်ငြိမ်းသွားပါက ငိုကြွေးသည်အထိ မဖြစ် ပေါ်တော့ပါ၊ ငိုကြွေးမိယင်လဲ "ငိုကြွေးတယ်, ငိုကြွေးတယ်" အကြိမ်များစွာ ရှုမှတ်က ငိုကြွေးမှုရပ်သွားပါတယ်၊ ဒါဟာ သတိပဋ္ဌာန်ဝိပဿနာဉာဏ်နဲ့ တဒင်္ဂအားဖြင့် ပယ်ပုံပါဘဲ။

## သတိပဋ္ဌာန်ပွား၍ ငိုကြွေးကင်းခဲ့သူ

သတိပဋ္ဌာန်တရားကို ကျင့်ပွား၍ ငိုကြွေး ကင်းသူတွေဟာ ဘုရားလက်ထက်က များစွာရှိခဲ့ပါတယ်၊ သတိပဋ္ဌာန် ရှုပွားလို့ ငိုကြွေး ဆင်းရဲ ကင်းခဲ့သူများတွင် ဒီ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ပဋာစာရာဝတ္ထုကိုသာ သာဓက ပြထားပါတယ်။

သောကပရိဒေဝါနံ သမတိက္ကမာယာတိ သောက-ဿ စ ပရိဒေဝဿ စ သမတိက္ကမာယ ပဟာနာယာတိ အတ္ထော။

**သောကပရိဒေဝါနံ သမတိက္ကမာယာတိ**-သောကပရိဒေဝါနံ သမတိက္ကမာယ ဟူသည်ကား၊ သောကဿ စ - စိုးရိမ်ခြင်း သောကကိုလည်းကောင်း၊ ပရိဒေဝဿ စ - ငိုကြွေးခြင်း ပရိဒေဝကိုလည်းကောင်း၊ သမတိက္ကမာယ - ကောင်းစွာ လွန်မြောက်ခြင်းငှာ၊ ပဟာနာယ - ပယ်ခြင်းငှာ၊ အယံမဂ္ဂေါ- ဤသတိပဋ္ဌာန် အကျင့်လမ်းသည်၊ ဧကာယနော-တစ်ကြောင်းတည်းသော လမ်းမှန်ပေတည်း၊ ဣတိအယံ - ဤသည်ကား၊ အတ္ထော-မြတ်စွာဘုရားဟောကြားတော်မူခြင်း၏ လိုရင်းအနက်ပေတည်း။

ဒီသတိပဋ္ဌာန် အကျင့်တရားကိုကျင့်ပွားယင် စိုးရိမ်သောကကိုလဲ လွန်မြောက်နိုင်တယ်၊ ငိုကြွေးမှုပရိဒေဝကိုလဲ လွန်မြောက်နိုင်တယ်လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်တဲ့။

> အယဉ္စ မဂ္ဂေါ ဘာဝိတော သန္တတိ မဟာမတ္တာဒီနံ ဝိယ သောက သမတိက္ကမာယ ပဋာစာရာဒီနံ ဝိယ ပရိဒေဝ သမတိက္ကမာယ သံဝတ္တတိ၊ တေနာဟ "သောကပရိဒေဝါနံ သမတိက္ကမာယာ"တိ။

ဟိသစ္စံ-ထိုစကားသည်မှန်၏၊ ဘာဝိတော-ဒွါရနှင့် အာရုံဆုံတိုင်း မဆိုင်းပေါလတ် ရုပ်နာမ်နှစ်ရပ်ကို ပြေတ်ရှုမှတ်ပွားစေအပ်သော၊ အယံမဂ္ဂေါ-ဤသတိပဋ္ဌာန် အကျင့်လမ်းသည်၊ သန္တတိမဟာမတ္တာဒီနံ - သန္တတိ အမတ်ကြီး စသည်တို့၏၊ သောကသမတိက္ကမာယ-စိုးရိမ် ပူဆွေးခြင်းကို လွန်မြောက်ခြင်းငှာ၊ သံဝတ္တတိဝိယ-ဖြစ်သကဲ့သို့လည်းကောင်း၊ ပဋာစာရာဒီနံ-ပဋာစာရီစသည်တို့၏၊ ပရိဒေဝသမတိက္ကမာယ - ငိုကြွေးခြင်းကို လွန်မြောက်ခြင်းငှာ၊ သံဝတ္တတိဝိယ-ဖြစ်သကဲ့သို့လည်းကောင်း၊ သောကပရိဒေဝါနံ - သောကပရိဒေဝတို့ကို၊ သမတိက္ကမာယ-လွန်မြောက်ခြင်းငှာ၊ သံဝတ္တတိ-ဖြစ်၏၊ တေန-ထို့ကြောင့်၊

သောကပရိဒေဝါနံ သမတိက္ကမာယာတိ - သောကပရိဒေဝါနံ သမတိက္ကမာယ-ဟူ၍၊ အာဟ-မြတ်စွာဘုရားက ဟောကြားတော်မူပါပေ၏။

မှန်ပါပေတယ်၊ ဒွါရအာရုံဆုံတိုင်း မြင်တယ်, ကြားတယ် စသည်ဖြင့် ပေါ်တိုင်းမပြတ် ရှုပ်နာမ်နှစ်ရပ်ကို ရှုမှတ်ပွားများအပ်သော ဒီသတိပဋ္ဌာန် အကျင့်လမ်းဟာ သန္တတိအမတ်ကြီး စသူတို့၏ သောကကိုလွန်မြောက်ဖို့ရာဖြစ်သလို ပဋာစာရီ စသူတို့၏ ပရိဒေဝကို လွန်မြောက်ဖို့ရာဖြစ်သလို သောကနှင့်ပရိဒေဝတို့ကို လွန်မြောက်ဖို့ရာ ဖြစ်ပါတယ်တဲ့။

ဒါကြောင့်လဲ မြတ်စွာဘုရားက "ဒီသတိပဋ္ဌာန် အကျင့်လမ်းဟာ သောကပရိဒေဝတို့ကို လွန်မြောက်ဖို့ရာတစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်တယ်" လို့ ဟောတော်မူတာပါတဲ့။

### ပဋာစာရာဝတ္ထု
### ( ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၃၇ )
### ဇေတဝန်တရားပွဲ

ဂေါတမနွယ်ဖွား မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်တော်ကြီးဝယ် ပရိသတ်အလယ်၌ ထိုင်နေတော်မူလျက် တရားဟောကြားတော်မူစဉ် ကမ္ဘာတစ်သိန်းကာလပတ်လုံးပါရမီဖြည့်ခဲ့၍ ဆုတောင်းပြည့်ဝသူ သူဌေးသမီးတစ်ယောက် တရားပွဲဆီကို ဦးတည်ရောက်လာတာကို မြင်တော်မူရပါတယ်။

### ဆုထူးပန် ပါရမီရှင်မလေး

အဲဒီ အမျိုးသမီးဟာ လွန်ခဲ့တဲ့ ကမ္ဘာ တစ်သိန်းကာလ ပဒုမုတ္တရ မြတ်ဗုဒ္ဓ လက်ထက်တော်တုန်းက အမျိုးကောင်းသမီးကလေး တစ်ဦးဖြစ်ခဲ့တယ်၊ အဲဒီ အမျိုး**ကောင်းသမီးလေးဟာ**

ပရိသတ်ဗိုလ်ပုံအလယ်တွင် ပဒုမုတ္တရဘုရားရှင်က ဘိက္ခုနီထေရီမယ် တစ်ဦးအား ဗုဒ္ဓဉပဒေဝိနည်းဆောင် ဘိက္ခုနီတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး ပေးသနားချီးမြှောက်တော်မူတာကို တွေ့မြင်ရတော့ ''အို ရှင်တော်ဗုဒ္ဓ....ဘုရားတပည့်တော်မလဲ ရှင်တော်မြတ် ဘုရားများကဲ့သို့သော ဘုရားမြတ်ဘစ်ဆူရဲ့ အထံတော်မှာ ဗုဒ္ဓဉပဒေဝိနည်းဆောင် ဘိက္ခုနီတို့တွင် အမြတ်ဆုံး ရာထူးဆုကို ရလိုလှပါတယ်ဘုရား''လို့ လွန်ကဲထူးချွန် ဆုမြတ်မွန်ကို ပန်ဆင်တောင့်တခဲ့သူကလေးပါ။

ထိုစဉ်အခါက ပဒုမုတ္တရရှင်တော်ဗုဒ္ဓက ရှေ့ဖြစ်မှန်းကိုသိစွမ်းတော်မူနိုင်တဲ့ အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူရာ''နောင်အနာဂတ်ကမ္ဘာတစ်သိန်းလွန်သောကာလ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် သင့်ဆုတောင်း ပြည့်လိမ့်မည်''လို့ ဗျာဒိတ်စကားကို မိန့်ကြားတော်မူပါတယ်။

## ဘုရားမြတ်က လာစေချင်

ဒီလို ပဒုမုတ္တရမြတ်ဗုဒ္ဓလက်ထက်တော်ကပင် ဆုတောင်းခဲ့လို့ ယခုအခါ ဆုတောင်းပြည့်စုံပြီး သာသနာ့အေးရိပ်မြုံကို ခိုလှုံနိုင်မည့် အမျိုးသမီးကလေးတစ်ယောက် အဝေးကလာနေပုံကို မြင်တော်မူရတဲ့ ဂေါတမမြတ်စွာဘုရားက''ဒီအမျိုးသမီးငယ်ဟာ ငါဘုရားကိုထားပြီး တခြားသော အားထား ကိုးကွယ်ရမည့်သူ မရှိပါချေတကား''လို့ ဆင်ခြင်တော်မူပြီး ထိုအမျိုးသမီးကလေးကို တရားပွဲရှိရာ ကျောင်းတော်သို့ ရှေးရှု ရောက်လာအောင် အဓိဋ္ဌာန်ပြုတော်မူပါတယ်။

ဒီ ဆုထူးပန်ဆင် ပြည့်စုံလင်ခဲ့သူ သူဌေး သမီးကလေးဟာ တရားရပြီး ကျွတ်တမ်းဝင်မည့် ယခုဘဝမှာ သားသေ လင်ဆုံး ဆွေမျိုးပါပြုတ်ပြုတ်ပြုန်းလို့ ယူကျုံးမရဘဲ စိတ်နှလုံးဖောက်ပြန်တဲ့ မူမမှန်သူ အရူးမလေးဖြစ်နေရှာတယ်၊ ဘယ်လောက်အထိ

ရှုးသလဲဆိုယင် သူမရဲ့ကိုယ်တွင် အဝတ်ပင် မကပ်အောင် ရှုးနေ ရှာသူလေးပါ။

အဲဒီအရူးမလေးဟာ သူမလေးရဲ့ ပါရမီကလဲ ရင့်ကျက်လို့ ကျွတ်ချိန်တန့်, ဘုရားရှင်ကလဲ တရားပွဲသို့ရောက်အောင် မိဋ္ဌာန် ပြုတော်မူတာမို့ တရားပွဲအနီးကို ရောက်လာပါတယ်။

## တရားနာသူတွေက မလာစေချင်

တရားနာပရိသတ်များဟာ အဲဒီ သူဌေးသမီးအရူးမလေးကို မြင်လျှင်မြင်ခြင်း "ဒီအရူးမကို ဘုရားရှင်ရှိရာသို့ လာခွင့်မပေး ကြနဲ့"လို့ ပြောဆိုကြပါတယ်။

## ဘုရားထံရောက်တော့ အရူးပျောက်

အဲဒီအခါ မြတ်စွာဘုရားက "အပေထ မာ နံ ဝါရယိတ္ထ- အို ပရိသတ်အပေါင်းတို့.... သနားစဖွယ် အပူသယ် အရူးမလေး ကို ဒီမလာစေကြောင်း မကြိမ်းမောင်း မတားမြစ်ကြပါနဲ့၊ သင်တို့ ဟာ သူလာဖို့ရာ လမ်းဖယ်ပေးလိုက်ကြ"လို့ မိန့်ကြားသတိပေး တော်မူပါတယ်။

ဒါနဲ့ ပရိသတ်များကလဲ လမ်းဖယ်ပေးလိုက်ကြတော့ အရူးမ လေးဟာ ဘုရားအနီးသို့ ရောက်လာရှာပါတယ်၊ ဒီတော့ မြတ်စွာဘုရားက–

"သတိ ပဋိလဘ ဘဂိနိ–အို...နှမအရှယ် အပူသယ်နှမငယ်၊ သင်ဟာ လူကောင်းလိုသိ စိတ်ကောင်းသတိကို ရပါစေလော့" လို့ သတိပေးလိုက်ပါတယ်။

အဲဒီအခါ အဲဒီအရူးမလေးဟာ ချက်ချင်းပင် မြတ်စွာဘုရား ရှင်ရဲ့ မေတ္တာဘုန်းတန်ခိုး စွမ်းအားတော်ကြောင့် သတိမှန်ရပြီး အရူးပျောက်သွားပါတယ်။

အဲဒီအခါ အဲဒီအမျိုးသမီးလေးဟာ မိမိကိုယ်မှာ အဝတ် မပါတာကို သတိပြုမိတော့ ရှက်တာနဲ့ မိမိကိုယ်ကို မြေမှာ ဝပ်ပြီး ထိုင်ချလိုက်ရှာတယ်။

ဒီအခါတွင် တရားနာပရိသတ်ထဲက အမျိုးသားတစ်ယောက် က အပေါ်ရုံပုဆိုးတစ်ထည်ကို လှမ်းပစ်ပေးလိုက်ပါတယ်၊ အဲဒီ အမျိုးသမီးလေးဟာ အဲဒီ အပေါ်ရုံပုဆိုးကို အရှက်လုံအောင် ဝတ်ဆင်ပြီး မြတ်စွာဘုရားထံပါး ချဉ်းကပ်ကာ ခြေတော်တို့၌ ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးလျက် ဒါလို လျှောက်ထားပါ တယ်။

ဘုရားတိုင် လျှောက်လွှာ

ဘန္တေ အဝဿယော မေ ဟောထ၊ ပတိဋ္ဌာ မေ ဟောထ- အို မြတ်စွာဘုရား ... မြတ်စွာဘုရားများဟာ တပည့်တော်မ၏ အားကိုးရာ ဖြစ်တော်မူပါဘုရား၊ အို ရှင်တော်မြတ်ဘုရား.... ရှင်တော်မြတ်ဘုရားဟာ တပည့်တော်မရဲ့ အမှီကောင်းဖြစ်တော် မူပါဘုရား။

ငိုချင်းရှည် ကိုယ်ရေး ရာဇဝင်

ဥဘော ပုတ္တာ ကာလင်္ကတာ၊
ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာ စ ဘာတာ စ၊
ဧကစိ တမှိ ဒယှရေ။

သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင်ထား အို ရှင်တော်မြတ်ဘုရား.... တပည့်တော်မရဲ့ ဇာတ်ကြောင်းကို ပြန်ပြောင်း လျှောက်ထား ဝံ့ပါသည်၊ ရွှေနားပန်ဆင်တော်မူပါ မြတ်စွာဘုရား။

အိမ်တွင်းပုန်း သူဌေးသမီး

တပည့်တော်မဟာ ဟိုယခင်ကဆိုယင် သာမည အမျိုးသမီး မဟုတ်ပါဘုရား၊ တပည့်တော်မဟာ သာဝတ္ထိမြို့တော်တွင်းက

သူဌေးမင်းကြီးနှင့် သူဌေးကတော်ကြီးတို့မှ မွေးဖွားလာပြီး ရှုမငြီးစရာ အိမ်တွင်းပုန်း သူဌေးသမီး ရတနာလေးပါဘုရား။

အိမ်တွင်းပုန်းရသူအဖြစ်နဲ့ အရွယ်ရောက်လာတဲ့အခါ ပုထုဇဉ် သဘာဝ ကိလေသာကာမရဲ့ဒဏ် မခံနိုင်လို့ အိမ်စေ ကျွန်ယောကျ်ားနှင့် ရည်ငံပြီး မိဘကို ခြေကန်လျက် သူနှင့်အတူ အိမ်မှ ထွက်ပြေးခဲ့ကြပါတယ်ဘုရား။

## အရေးကြီးတော့ သွေးနီးမှ

ထွက်ပြေးခဲ့ကြပြီး ရပ်တကျေးမှာ ပျော်ရွှင်စွာ လယ်ယာ လုပ်ကိုင် အသက်မွေးကြရင်းက သားဦးကလေး သန္ဓေရစဉ်က ပင် မီးဖွားခါနီးမှာ "ခလုတ်ထိမှ အမိတ၊ အရေးကြီးတော့ သွေးနီးမှ"ဆိုတာလို မိဘရပ်ထံ လင်မသိအောင် ပြန်လာခဲ့ရာ လမ်းခရီးမှာ မီးဖွားစဉ် လင်ယောကျ်ားလိုက်လာတွေ့ပြီး ပြန်ခေါ်လို့ မိဘထံမရောက်တော့ဘဲ တောရပ်ကျေးရွာကိုပင်ပြန်၍ နေမြဲပျော်မြဲ နေခဲ့ပျော်ခဲ့ရပြန်ပါတယ်ဘုရား။

ဒီလိုနဲ့ ဒုတိယကလေး မွေးဖွားခါနီးပြန်တော့ ရှေးနည်းအတူ သားငယ်ကိုလက်ဆွဲပြီး လင်မသိအောင်ပင် တောရွာမှ ထွက်ပြေးခဲ့ပြန်ရာ လမ်းခရီး တောကြီးမှောင်မည်းထဲမှာ မိုးသဲလေသဲ တုန်းပြုန်းဆို ဒုတိယကလေးကို မွေးဖွားရပြန်ပါတယ်ဘုရား။

## လင်သေ သားဆုံး

ဒီအခါမှာလဲ လင်ယောကျ်ားလိုက်လာပြီး တွေ့ကြုံစဉ် လင်ယောကျ်ားခမြာ မိုးဒဏ်လေဒဏ်ကြောင့်လဲအေး၊ သွေးသားနုလို့ လဲအေး၊ ဒီလိုအေးလွန်းလှပြီးဒုက္ခဖိစီးနေတဲ့ တပည့်တော်မအား မီးဖိုပေးဖို့ရာ ထင်းရှာရင်း မြွေခဲလို့ သေပွဲဝင်ခဲ့ရရှာပါတယ် ဘုရား။

ဒါနဲ့ တပည့်တော်မလဲ သားကြီး သားငယ် ထိုနှစ်သွယ်နှင့် အတူ ဝမ်းနည်းအားငယ်ပိုကာ ငိုငိုယိုယိုနဲ့ မိဘရှိရာ သာဝတ္ထိ

မြို့သို့ ခရီးဆက်ခဲ့ရာ လမ်းခုလတ်မှာ မိုးရေစီးတဲ့ ချောင်းကြီးကို တွေ့ရတော့ ရေစီးသန်တဲ့ချောင်းကို ကူးဖို့ရာ သားနှစ်ယောက်လုံးကို တစ်ပြိုင်နက် မနိုင်တာနဲ့ သားကြီးကိုဒီမှာဘက်မှာ ခဏထားခဲ့ပြီး သားငယ်ကိုပွေ့ချီလျက် ဟိုဘက်ကမ်းကို ကူးခဲ့ပါတယ်ဘုရား။

ဟိုဘက်ကမ်းအရောက်တွင် သားငယ်ကိုချုံကြားမှာ ခဏထားခဲ့ပြီး သားကြီးကိုပြန်လည်အခေါ်တွင် ချောင်းလယ်သို့ တပည့်တော်မ အရောက်တွင် ချုံကွင်းကသားငယ်ကို စွန်ငှက်ကြီးက ချီယူတာကိုမြင်ရသဖြင့် လက်ခုပ်တီးကာ စွန်ကိုခြောက်လှန့်တော့ စွန်က မကြောက်ဘဲ ဆက်လက်ချီယူသွားပါတယ်ဘုရား၊ ထိုအခိုက်တွင် ဒီဘက်ကမ်းက သားကြီးက သူ့ကိုလက်ခုပ်တီးပြီး ခေါ်တယ်အထင်နဲ့ ချောင်းရေထဲဆင်းလာလို့ ရေမျောသေဆုံးရရှာပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်မဟာ လင်သေ သားဆုံးလို့ ယူကျုံးမရ ငိုကြွေးရင်း မိဘရှိရာ သာဝတ္ထိသို့သာ အားကိုးတကြီးနဲ့ ပြန်ခဲ့ရပါတယ်ဘုရား။

## မိဘနှင့်မောင်ရင်း သေကြပြန်ခြင်း

ဒီလိုနဲ့ သာဝတ္ထိမြို့တော်ကို ရောက်ပြန်တော့ မိဘကိုအားကိုးမည်အကြံနဲ့ တိုက်အိမ်ဆီ လာခဲ့ပြန်ရာ သားရောလင်ပါသေရှာမြန်းအောင် ပြင်းထန်စွာ ရွာသွန်းတိုက်ခိုက်ခဲ့တဲ့ လေမိုးဒဏ်ကြောင့် တိုက်အိမ်ကြီးလဲ ပြိုလဲပျက်စီးနေတာကို တွေ့ရပြန်ပါတယ်ဘုရား။

ဒါနဲ့ မိဘနဲ့ မောင်များအကြောင်းကို မေးမြန်းစုံစမ်းကြည့်ပြန်တော့ လုလင်တစ်ယောက်က ရွာအစွန် သုသာန်ဆီသို့ လက်ညှိုးညွှန်ပြပြီး ''အဲဒီမီးခိုးဟာ မနေ့ညက တိုက်အိမ်ပြိုပိလို့ သေကြတဲ့ သင့်မိဘ မောင်များကို ထင်းပုံတစ်ပုံထဲမှာ မီးသင်္ဂြိုဟ်ထားတဲ့ မီးခိုးဘဲ''လို့ ပြောသံလဲကြားရရော သားသေ လင်ဆုံး

ဆွေမျိုးပေါ်ပြုတ်ပြုတ်ပြုန်းလို့ ယူကျုံးမရ အပူလုံးကြွရတဲ့ တပည့်တော်မဟာ ပူဗျာပါပွားစီး ငိုကြွေးရင်းက အရှူးမကြီးဖြစ်ရတော့တာပါဘဲဘုရား၊ အရူးမကြီးဘဝနဲ့ သတိလစ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေခဲ့ရတာ ယခုမြတ်စွာဘုရားထံရောက်မှပင် သတိပြန်ရပါတယ်ဘုရား။

တပည့်တော်မဟာ ဘယ်အထိ ရူးခဲ့ရသလဲဆိုယင် ယခုနကမြင်တော်မူတဲ့ အတိုင်းပင် ကိုယ်ခန္ဓာမှာ အဝတ်မကပ်ဘဲ ဟိုသည် ပြေးသွားနေတာကို မြင်ကြရသူများက "အဝတ်မပါဘဲပြေးလွှားနေသူ မယ်ပဋ္ဌာစာရာ" လို့ပင် နာမည်အပေးခံရသည်အထိ ရူးခဲ့ရပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်မဟာ ရက်လများစွာ ဒီငိုချင်းကဗျာသီဆိုပြီး ဒီလိုငိုခဲ့ရပါတယ်ဘုရား။

### ငိုချင်းကဗျာ

* လင်ယောကျ်ားလဲ, မြွေခဲသေတယ်၊
သားကြီးရေမြုပ်, စွန်သုတ်သားငယ်။
မိဘ မောင်ဆုံး, အားလုံးသေတယ်၊
အားကိုးမဲ့, အားနွဲ့ဒုက္ခသယ်။

### ကယ်တင်တော်မူပါဘုရား

ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော် မူသော မြတ်စွာဘုရား....မဟာကရုဏာသခင် ရှင်တော်ဘုရားသည် အားကိုးမဲ့လှစွာသော တပည့်တော်မရဲ့ အားကိုးရာစင်စစ် ဖြစ်တော်မူကြပါကုန်ဘုရား၊ သံသာဇာလုပ် ဝဋ်ဒုက္ခမှာ မြုပ်မျောပါရ တပည့်တော်မရဲ့ ဒုက္ခမှ လွတ်မြောက်အောင် ထောက်ရာတည်ရာ သာယာဝေရှိန်း သောင်ကျွန်းပမာ ဖြစ်တော်မူကြပါကုန်ဘုရား။

တပည့်တော်မမှာ အားကိုးစရာ လင်ယောကျ်ားလဲ မြွေခဲသေခဲ့ပါပြီဘုရား၊ သားကြီး သားငယ် ထိုနှစ်သွယ်လုံး ရေမြုပ်

စွန်ချီ သေကုန်ကြပါပြီဘုရား၊ မိဘနှင့် မောင်ရင်းများလဲ လေမိုးဒဏ်ထိ တိုက်အိမ်ပြိုပိလို့ စိစိညက်ကြေ သေကုန်ကြပါပြီဘုရား၊ ဒါကြောင့် တပည့်တော်မမှာ အားကိုးစရာဆိုလို့ ဘာဆိုဘာမျှ မရှိကြတော့ပါဘုရား၊ ဒါကြောင့် တပည့်တော်မဟာ သားသေ လင်ဆုံး မိဘဆွေမောင်ပါ ပြုတ်ပြုတ်ပြုန်းလို့ ဥစာစ်လုံး ငှက် ပမာ အထီးကျန် တစ်ကောင်ကြွက်မပါဘုရား။

ယခုနေအခါမှာ တပည့်တော်မရဲ့ အားကိုးစရာဟာ မြတ်စွာဘုရားကိုထားပြီး တခြားမရှိပါဘုရား၊ ဒါကြောင့် သေချာ မြတ်ဗုဒ္ဓါအနေနဲ့ တပည့်တော်မအား သနားမြော်မြင် ကယ်တင်တော်မူပါဘုရား-လို့ လျှောက်ထားရှာပါတယ်။

## အင်္ဂုတိတ်ပါတော့

ထိုအခါမှာ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့ရဲ့ ကြည်ဖြူဝပ်တွား မှီခိုအားထားရာ စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားက ဒုက္ခသယ် မယ်ပဋာစာအား အားပေးစကားကို ဒီလို မိန့်ကြားတော်မူပါတယ်။

ပဋာစာရေ မာစိန္တယိ၊ တဝ တာဏံ သရဏံ အဝဿ
ယော ဘဝိတုံ သမတ္ထဿေဝ သန္တိကံ အာဂတာသိ။

"အို ချစ်သမီး ပဋာစာရာ.... သင်ဟာ အားကိုးမဲ့ပြီရယ်လို့ မကြံစည် မစိုးရိမ်ပါလင့်၊ သင့်အတွက် စောင့်ရှောက်ပေးမည့် အားကိုးရာ မှီခိုရာစင်စစ် ဖြစ်တော်မူတဲ့ ငါဘုရားထံတော်ပါးသို့ သင်ရောက်ရှိနေပြီ ချစ်သမီး" လို့ အားပေးစကားကို မိန့်ကြားတော်မူပါတယ်။

## သတိပေးဂါထာ

ထို့နောက်တစ်ခါ မြတ်စွာဘုရားက အင်္ဂုတိတ်ရေးသတိပေး ဂါထာကို ဒီလို ဟောကြားတော်မူပြန်ပါတယ်။

စတ္တာသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ,
တတော ဗဟုံ အဿုဇလံ အနပ္ပကံ၊
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ,
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။

အို ချစ်သမီး ပဋ္ဌာစာရာ... သမုဒ္ဒရာလေးစင်းတို့တွင် ရှိတဲ့ ရေဟာ နည်းလှသေးတယ်၊ ဘဝသံသရာတွင် ပျက်စီးဆုံးပါး ဆင်းရဲတရားနှင့် တွေ့ကြုံခဲ့ရတဲ့ သတ္တဝါရဲ့ စိုးရိမ်သောက ကြောင့် ငိုကြွေးတဲ့မျက်ရည်ဟာ ထိုသမုဒ္ဒရာလေးစင်းထဲက ရေ ထက် များပြားလှပေတယ်၊ အလွန်များပြားလှပေတယ်၊ အို ချစ်သမီး....သင်ဟာအဘယ်ကြောင့် သား, လင်, မိဘ, မောင် သေသမျှကို သောကပွားစီး အငိုကြီးငိုကာ မေ့လျော့နေပါ သလဲ-လို့ မိန့်တော်မူပါတယ်၊ အဲဒါကို အကျဉ်းချုပ် ကဗျာ ဖွဲ့ထားပါသေးတယ်။

## ငိုချင်းဘယ်ကြောင့်ကြာ

* ငိုမှုထန်သီး, သမီးပဋ္ဌာ၊
မျက်ရည်အိုင်ဖွဲ့, ငိုခဲ့သံသာ။
သမုဒ်လေးစင်း, ရေမင်းထက်သာ၊
သတိကင်း, ငိုချင်းဘယ်ကြောင့်ကြာ။

ဒီအခါမှာ မယ်ပဋ္ဌာလဲ ရင်ထဲအေးမြ စိတ်သက်သာရာရပြီး မျက်ရည်စတွေကို သိမ်းနိုင်လာပါတယ်၊ ''ငိုနေရုံနဲ့ ကိစ္စမပြီးဘူး၊ အငိုဆင်းရဲကင်းအောင် ကျင့်ဆောင်ရမည့်တရားကို ဘယ်လိုကျင့် ရပါမည်လဲ''လို့ ဆင်ခြင်ပြီးတော့ ဘုရားရှင်ဆက်လက် ဟော ကြားမည့်တရားတော်ကို မျှော်လင့်စောင့်စားလာပါတယ်၊ ပွင့် လုလု ကြာပဒုံဟာ နေအရုဏ်ရောင်ခြည် ကွန့်မြူးလာသလို တရား ကို လိုလားနေတဲ့ ကျွတ်ဘမ်းဝင်အုံ့ဆဲဆဲ မယ်ပဋ္ဌာအား မြတ်စွာ ဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

## ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင်ဂါထာ

န သန္တိ ပုတ္တာ တာဏာယ, န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာဓိပန္နဿ, နတ္ထိ ဉာတီသု တာဏတာ။
ဧတမတ္ထံ ဝသံ ဉတွာ, ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဂမနံ မဂ္ဂံ, ခိပ္ပမေဝ ဝိသောဓယေ။

ချစ်သမီးပဋာစာရီ.... သေမင်းသည် နှိပ်စက်သောသူအား အသေလွတ်အောင် စောင့်ရှောက်ကယ်တင်ခြင်းငှာ သားသမီးများ မတတ်နိုင်ကြပေ၊ မိဘများလဲမတတ်နိုင်ကြပေ၊ သွေးသား တော်စပ်သော ဆွေမျိုးတို့တွင်လည်း သေမင်းလက်က လွတ် အောင် စောင့်ရှောက်နိုင်ခြင်းသည် မရှိကြပေ။

ဤအကြောင်းစုံကို ဤအလိုကိုသိ၍ ပညာရှိဟာ သီလကို စောင့်ထိန်းလျက် နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကို လျင်မြန် စွာ သုတ်သင်ရမှာပါတယ်။

ဤဂါထာနှစ်ပုဒ်ကို နာကြားရ၍ ပဋာစာရာဟာ သောတာ ပန် ဖြစ်သွားပါတယ်၊ ဒီနောက် ဘုရားထံတောင်းပန်ပြီး ဘိက္ခုနီ ရဟန်းအမျိုးသမီး ပြုလုပ်လျက် တရားအားထုတ်ရာ သကဒါ ဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ်များကို ရ၍ ရဟန္တာဖြစ်သွားတယ်လို့ ဓမ္မပဒအဋ္ဌကထာတွင် ဖော်ပြထား ပါတယ်၊ အဲဒီတော့ ငိုကြွေးမှု ဒုက္ခတွေလဲ အကုန်ငြိမ်းသွားပါ တယ်၊ ဒီမှာတော့ အချိန်စေ့သွားပြီမို့ တော်ကြဦးစို့၊ နောက် "ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရား ဒုတိယပိုင်း" ကို ဆက်လက် ဟောတဲ့အခါ ဝိပဿနာရှုနည်းနှင့်တကွ သောကပရိဒေဝငြိမ်း ပုံ, သောတာပန်ဖြစ်ပုံ, ရဟန္တာဖြစ်ပုံများကိုပါ ဆက်လက်ဟော ကြားပါဦးမယ်။

## နိဂုံး

ဤပို့ကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်ကို ကြားနာရသောကြောင့် ဒီတရားတော်လာအတိုင်း ကျင့်ကြံကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

# ငိုကြွေးကင်းရန် သတိပဋ္ဌာန် တရားတော်

## ဒုတိယပိုင်း

### စကားဦး

ယခု ဟောကြားမည့်တရားတော်ကတော့ "ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်(ဒုတိယပိုင်း)"ဖြစ်ပါတယ်၊ ပထမပိုင်းတုန်းက သတိပဋ္ဌာန်ပွားယင် ငိုကြွေးကင်းကြောင်းဘုရားဟောပါဠိတော်နှင့် သတိပဋ္ဌာန်တရားကို နာကြားကျင့်ပွားပြီး သောတာပန်တည်ပုံအထိ ဟောကြားခဲ့ပါပြီ၊ ယခု အဲဒီပဋ္ဌာစာရာအား မြတ်စွာဘုရားဟောကြားတဲ့ တရားဂါထာကို နာကြားပြီး ဝိပဿနာဉာဏ်တွေ တိုးတက်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ဆိုက်ရောက်သွားပုံကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ပါဠိတော်နှင့် အဋ္ဌကထာဖွင့်ကို မှီးပြီး ယူဆဟောပြောပုံအတိုင်း ဆက်လက်ဟောပြပါဦးမယ်။

### ပဏာမ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

* ပူဇော်ထိုက်ငြား,သိဉာဏ်ပွား, ယိုဘုရားရှိခိုးပါ၏ဘုရား ။

ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင် ဂါထာ

န သန္တိ ပုတ္တာ တာဏာယ, န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာဓိပန္နဿ, နတ္ထိ ဉာတီသု တာဏတာ။

ဧတမတ္ထံ ဝသံ ဉတွာ, ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဂမနံ မဂ္ဂံ, ခိပ္ပမေဝ ဝိသောဓယေ။

ပဋ္ဌာစာရေ-မိဘမောင်ဖွား လင်နှင့်သားကို အားကိုးမှားပြီး အပူကြီးပူနေရတဲ့ အိုချစ်သမီးပဋ္ဌာစာရီ၊ အန္တကေန-ဇမွေးဖွား ဖြစ်လာ သတ္တဝါခပင်းကို သူ့ခံဇာတ်နင်းသို့ အတင်းမျိုသွင်း သေ ခြင်းသမုတ် သေမင်းယုတ်သည်၊ အမိပန္နသာ-သေချိန်ရောက်က နောက်မကျဘဲ မြမြထက်မြက် သေလက်နက်စုံ စွဲကိုင်ကုန်လျက် သတ်ဖြတ်နှိပ်စက်ခံရသောသူအား၊ တာဏာယ - သေမင်းလက် တွင်းမှ လွတ်ကင်းထွက်မြောက်အောင် စောင့်ရှောက် ကယ်တင် နိုင်ခြင်းငှာ၊ ပုတ္တာ-သံယောဇဉ်ကြီး ရှုမငြီးသည့် သားသမီး တို့သည်၊ န သန္တိ-ဘယ်ရပ်ဌာနီ ဘယ်ရွာပြည်နှင့် ဘယ်ဆီမှာမှ မရှိကြလေကုန်၊ ပိတာပိ-သားသမီး အပေါ်တွင် သံယောဇဉ် ကြီးမား မေတ္တာ, ကရုဏာပွားကြသည့် မိနှင့်ဘတို့သည်လည်း၊ န သန္တိ-မိမိတို့ရဲ့ သမီးသားများ သေမသွားအောင် တားဆီး စောင့်ရှောက်နိုင်သူ မိဘဟူ၍ မှုငွေ့လောက်မျှ မရှိကြလေ ကုန်၊ ဉာတီသု-သွေးသားစပ်လျက် ဆွေခုနစ်ဆက်, မျိုးခုနစ် ဆက်တို့တွင်လည်း၊ တာဏတာ- သေမင်းလက်တွင်းက လွတ် မြောက်ကင်းအောင် သွေးချင်း, သားချင်း, အချင်းချင်းပင် စောင့်ရှောက်ကယ်တင်နိုင်ခြင်းသည်၊ နတ္ထိ-ဘယ်ရပ်ဌာနီ ဘယ် ရွာပြည်နှင့် ဘယ်ဆီမှာမျှ မရှိကြလေကုန်။

ဧတမတ္ထံ - သတ္တဝါမှန်သမျှ မသေရဟု ဘယ်မှ မရှိပုံ အကြောင်းစုံကို၊ ဧတံ ဝသံ-ဖြစ်လျှင်ပျက်မြဲ မွေးပြန်လဲသေ အထွေထွေအနိစ္စ သဘာဝထိုထို ဤအလိုကို၊ ဉတွာ-သဘာဝ အကြောင်းအကျိုး အကောင်းအဆိုးကို မညှိုးမြင်သိ ပညာရှိ ပုဂ္ဂိုလ်သည်၊ သီလသံဝုတော - ကိုယ်ကြမ်းနှုတ်ကြမ်း မသရမ်း အောင် ကျင့်လမ်းဖြူဆွ မြတ်သီလကို နှုတ်ကရွတ်သည် ဆောက် တည် စောင့်ထိန်းလျက်၊ နိဗ္ဗာနဂမနံမဂ္ဂံ - ဆင်းရဲဝဋ်မှ ကျွတ် လွတ်ရာမှန် မြတ်နိဗ္ဗာန်သို့ ကောန်မစောင်း တစ်ကြောင်းလမ်းမှန် ဧကာယန သတိပဋ္ဌာန် လမ်းမတော်ခရီးကို၊ ခိပ္ပမေဝ-နက်ဖြန်

သန်ဘက် ရက်မရွှေဘဲ ယခုနေ့ယခု အမှုမကြာ ဆောလျင်စွာ သာလျှင်၊ ဝိသောဓယေ-အဟုတ်လျှင်လျှင် သုတ်သင်ရာပါ၏၊ ဝိသောဓယေ - သီလအစ သမာဓိအလယ် ပညာဝယ်အဆုံး ကောင်းခြင်းသုံးဖြာ ပြည့်စုံလာအောင် အာရုံဒွါရ ဆုံတွေ့ကြလျှင် ပေါ်သမျှရုပ်နာမ် ဖြစ်ချုပ်ဟန်ကို အဖန်ဖန်ကြိုးကုတ် မှန်အားထုတ်၍ ရှင်းလင်းသုတ်သင်ရာပါသတည်း။

သာဓု.... သာဓု.... သာဓု....။

## ဖြစ်လျှင်ပျက်မြဲ မွေးသေမြဲ

လင်သေသားဆုံး မိဘမောင်ပါဆုံးလို့ ယူကျုံးမရ ဖြစ်ကာ ငါ့မှာ အားကိုးစရာ မရှိတော့ပါဘူးဆိုပြီး အားကိုးမှားကာ အပူပွားနေရတဲ့ ချစ်ဆမီးပဋ္ဌာစာရီ....သင်သတိထားပါ၊ ဒါတွေဟာ သင်ရဲ့ အားကိုးရာစင်စစ် မဖြစ်ကြပေဘူး၊ သင့်အတွက် အားကိုးရာ စင်စစ်ဟာ လင်ယောကျ်ားလဲမဟုတ်ဘူး၊ သားသမီးလဲမဟုတ်ဘူး၊ မိဘမောင်ဖွားများလဲ မဟုတ်ဘူး။

အမှန်ကတော့ ဖြစ်တတ်တဲ့သဘော, ပွားစီးတတ်တဲ့သဘော, ပြုပြင်တတ်တဲ့သဘော, ပျက်တတ်တဲ့သဘောကို မပျက်စီးပါစေလင့်လို့ ဆုတောင်းသော်လဲ မရကောင်းဘူး၊ လိုရင်းကို ပြောရယင် ဖြစ်တတ်တဲ့သဘောကို မပျက်ပါစေလင့်ဟု ဆုတောင်းသော်လဲ မရစကောင်းဘူး၊ ဖြစ်လာတာဟာ ပျက်ဖို့ရာအမှန်ဘဲ၊ ဖြစ်ယင် ပျက်ရမယ်။

သတ္တဝါရယ်လို့ ဖြစ်လာရယင် ရှင်ကွဲ, သေကွဲ, ဘဝကွဲ, ဘုံကွဲ, ကွဲကြရစမြဲပါဘဲ၊ သမ္မုတိနယ်က စကားနဲ့ပြောရယင် မွေးဖွားလာသူမှန်သမျှ သေကြရတာဟာ ရှောင်လွှဲမရတဲ့ ဖြစ်မြဲတံထွာ မမှတာပါဘဲ၊ မွေးလာတာဟာ သေဖို့ရာ အမှန်ဘဲ၊ မွေးယင် သေရမယ်။

## ရှင်ကွဲ

သတ္တလောက စာရင်းဝင်တဲ့ လူ့လောကထဲမှာ လူလာဖြစ်သူတိုင်း သေကြရမြဲပါ၊ လူ့ဘဝလို့ခေါ်ရတဲ့ မွေးဖွားခြင်းနှင့်သေခြင်း၊ ပုခက်နှင့်ခေါင်းကြားမှာပင် လူလူချင်းလဲ အတူတူအသက်ရှင် နေကြပါလျက် အကြောင်း မညီညွတ်တဲ့အခါ ကွဲကွာကြရတယ်၊ အဲဒါကို ရှင်ကွဲ ကွဲတယ်လို့ ခေါ်ပါတယ်။

ဒီတရားကို မယ်ပဋ္ဌာ နာကြားရင်း သဘောကျတဲ့အခါ ''ဟုတ်ပေသားဘဲ၊ ငါဟာ ငါ့မိ ငါ့ဘ မောင်များနှင့် သေအတူရှင်မကွာ ၅၂၈-သွယ် မေတ္တာဖြင့် ချစ်ခင်စွာနေကြပါသော်လဲ ကိုယ့်အိမ်မှာ ခိုင်းစေတဲ့ ကျွန်ယောကျ်ားအပေါ်မှာ ၁၅၀၀-ကိလေသာနဲ့ ချစ်ခဲ့မိတယ်၊ ဒါလို မိဘ မောင်တွေနှင့် ခွဲပြီးကျွန်ယောကျ်ားနောက် ကောက်ကောက်ပါ လိုက်ခဲ့ဘာဟာ ရှင်ကွဲကွဲခြင်း ဓမ္မတာကို မလွန်ဆန်နိုင်လို့ပါလား'' လို့လဲ တွေးမိပေလိမ့်မယ်။

မတွေးမိပေဘူးလား ပရိသတ်များ။
(တွေးမိမှာပါ ဘုရား။)

## သေကွဲ

ဘုရားရှင်ရဲ့ တရားတော်ကို ပြန်ကောက်ကြရအောင်၊ မိမိရဲ့ကံအားလျော်စွာ လူ့ဘဝမှာ အသက်ရှင်နေကြရင်းက ကံချင်းမတူလို့ တစ်ဦးက မသေသေးသော်လဲ တစ်ဦးက အလျင်သေကွဲကွဲတယ်လို့ ခေါ်ပါတယ်၊ သေကံချင်းတူလို့ ပြိုင်တူသေကြတယ်ဆိုယင်လဲ အသက်ရှင်စဉ်က အတူနေနေကြသော်လဲ သေသောအခါ လူသတ္တဝါအသွင်သဏ္ဌာန်ပျောက်ပြီး မြေဩဇာအဖြစ်နဲ့ကွဲကြရတာလဲ သေကွဲ ကွဲရတာပါဘဲ။

ဒီတရားကို မယ်ပဋ္ဌာ နာကြားရင်း သဘောကျတဲ့အခါ ''ဟုတ်သားဘဲ၊ ငါဟာ ငါ့လင်၊ ငါ့သား၊ ငါ့မိဘများနှင့်

အိုးမကွာ၊ အိမ်မကွာ သဘောတူကြည်ဖြူစွာ နေချင်ပါသော်လဲ မသေခင်ကတည်းက မိဘမောင်များနှင့် ကွဲရသလိုပင် လင်သေ သားဆုံး မိဘမောင်ပါ သေကြေပျက်စီးကြပြန်တော့လဲ သူတို့နှင့် ငါဟာ သေကွဲ ကွဲကြရပြန်ပါပကော၊ ဒါလဲပဲ သေကွဲ ကွဲခြင်း ဓမ္မတာကို မလွန်ဆန်နိုင်လို့ဘဲ''လို့ တွေးမိပေလိမ့်မယ်။

မတွေးမိဘူးလား ပရိသတ်များ။

(တွေးမိမှာပါ ဘုရား။)

ဘုံကွဲ

ဘုရားရှင်ရဲ့ တရားတော်ကို ပြန်ကောက်ကြပါစို့၊ အဲဒီလို ကံအားလျော်စွာ သေကြရတဲ့အခါမှာလဲ ကံကိလေသာ မကုန်သေးလို့ ဘဝအသစ်ဖြစ်ကြရတဲ့အခါ မိမိတို့ပြုစုခဲ့ကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံအားလျော်စွာ အပါယ်ဘဝ၊ လူ၊ နတ်ဘဝ စသည် အလီလီ၊ အလာလာ ကွဲကွာပြီး ဖြစ်ကြရမှာကေန်ဘဲ၊ အဲဒါကိုတော့ ဘဝကွဲ ဘုံကွဲ ကွဲတယ်လို့ခေါ်ပါတယ်။

ဒီတရားတော်ကို မယ်ပဋာ နာကြားရင်း သဘောကျတဲ့အခါ "ဩော် ဟုတ်ပေသားဘဲ၊ မသေခင်မှာ ငါတို့ ဘယ်လို သံယောဇဉ် ကြီးကြပေမယ့် မသေခင်မှာ အတူတွဲနေကြရစေ ဦးတော့ သေတဲ့အခါမှာ ကံအားလျော်စွာ ကွဲကွာကြရမှာပါ ကလား" လို့လဲ တွေးမိပေလိမ့်မယ်။

မတွေးမိပေဘူးလား ပရိသတ်များ။

(တွေးမိမှာပါ ဘုရား။)

ကိလေသာသေမင်း

ဘုရားတရားတော်ကို ပြန်ဆက်ကြပါဦးစို့၊ အမှန်ကတော့ သတ္တဝါများအား ဖြစ်ပျက်မွေးသေ အထွေထွေ အရပ်ရပ် အထပ်ထပ် မပြတ်ရအောင် နှိပ်စက်တတ်တဲ့ ကိလေသာ မကင်းသေးသမျှ ဒုက္ခမကုန်သေးပါဘူး။

သတိပဋ္ဌာန်-၇

ဘဂအသစ် ဖြစ်ရခြင်းဆင်းရဲ, ရင့်ကျက်ယိုယွင်း အိုမင်းရခြင်းဆင်းရဲ, စုတိပြုတ်ကြွေ သေရခြင်းဆင်းရဲ, စိုးရိမ်ပူဆွေးရခြင်းဆင်းရဲ, ငိုကြွေးမြည်တမ်းရခြင်းဆင်းရဲ, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, စိတ်ဒုက္ခလွန်ကဲတဲ့ ဥပါယာသဆင်းရဲ,မုန်းစရာတွေနှင့် တွေ့ကြုံရတဲ့ဆင်းရဲ, ချစ်စရာတွေနှင့် ကွဲကွာရတဲ့ဆင်းရဲ, မရတာကို လိုချင်ခြင်းဆင်းရဲ, ခန္ဓာဖြစ်ပျက် ဆင်းရဲတွေနှင့်လဲ တွေ့ကြုံရမြဲပါဘဲ။

ကိလေသာ မကင်းသေးသူမှန်သမျှ သေစာရင်းမဖျက်ရသေးဘူး၊ သေကြရမှာချည်းဘဲ၊ သတ္တဝါမှန်သမျှကို သေခြင်းတရားသေမင်းများက အနိုင်ယူ သတ်ဖြတ် နေကြမှာဘဲ၊ ဒါကြောင့်မြတ်စွာဘုရားက "ပဋာစာရေ-မိဘမောင်ဖွား လင်နှင့်သားကိုအားကိုးမှားပြီး အပူကြီးပူနေရတဲ့ အိုချစ်သမီး ပဋာစာရီ၊ အန္တကေန-မွေးဖွားဖြစ်လာ သတ္တဝါခပင်းကို သူ့ခံတွင်းသို့အတင်းမျိုသွင်း သေခြင်းသမုတ်သေမင်းယုတ်သည်၊အဓိပန္နသာ-သေချိန်ရောက်က နောက်မကျဘဲ မြမြထက်မြက် သေလက်နက်စုံ စွဲကိုင်ကုန်လျက် သတ်ဖြတ်နှိပ်စက်ခံရသော သူအား"လို့ဟောကြားတော်မူပါတယ်။

## သားသမီးကလဲ မိဘကိုမကယ်နိုင်

အဲဒီလို သေချိန်ရောက်လို့ သေမင်းက ခေါ်လိုက်ပြီဆိုယင်လူနှင့်လူချင်း ဘယ်လောက်ပင် ချစ်ခင်ပေါင်းသင်း နေကြသော်လဲ တစ်ဦးကိုတစ်ဦး သေမင်းလက်တွင်း မသက်ဆင်းရအောင် ဘယ်သူ့ကို ဘယ်သူကမျှ မကယ်တင် မတားမြစ်နိုင်ကြပါဘူး၊ မိဘမသေအောင် ဘယ်သားသမီးကမှလဲ မကယ်တင်နိုင်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားက "တာဏာယ-သေမင်း လက်တွင်းမှ လွတ်ကင်းထွက်မြောက်အောင် စောင့်ရှောက် ကယ်တင်

နိုင်ခြင်းငှာ၊ ပုတ္တာ-သံယောဇဉ်ကြီး ရှုမငြီးသည့် သားသမီးတို့သည်၊ န သန္တိ ဘယ်ရပ်ဌာနီ ဘယ်ရွာပြည်နှင့် ဘယ်ဆီမှာမှ မရှိကြလေကုန်''လို့ ဟောတော်မူပါတယ်။

## မိဘကလဲ သားသမီးကို မကယ်နိုင်

သားသမီးကသာ မိဘကိုမသေအောင် မကယ်တင်နိုင်သေးတာ မဟုတ်ပါဘူး၊ မိဘကလဲ သားသမီးမသေအောင် မကယ်တင်နိုင်ကြပါဘူး၊ ဘယ်လောက်အချစ်ကြီးသူ, ဘယ်မျှ ပစ္စည်းရှိသူ မိဘပင်ဖြစ်ဖြစ် သေချိန်ရောက်တဲ့ သားသမီးကို ဘယ်မိဘကမျှ မသေအောင်မတတ်နိုင်ကြပါဘူး။

ဒါကြောင့် မြတ်စွာဘုရားက ''ပိတာပိ - သားသမီးအပေါ်တွင် သံယောဇဉ်ကြီးမား မေတ္တာ,ကရုဏာပွားကြသည့် မိနှင့်ဘတို့သည်လည်း၊ န သန္တိ-မိမိတို့ရဲ့ သမီးသားများ သေမသွားအောင် တားဆီးစောင့်ရှောက်နိုင်သူ မိဘဟူ၍ မြူငွေမျှလောက် မရှိကြလေကုန်''လို့လဲ ဟောကြားတော်မူတာဘဲ၊

## လင်နှင့်မယား ပေါင်းသင်းများလဲ အချင်းချင်းမကယ်နိုင်

နောက်ပြီးတော့လဲ မိသားစုချင်း ချစ်ခင်ကြတဲ့ ၅၂၈-သွယ် မေတ္တာထက် သာလွန်၍ လင်နှင့် မယား ချင်းချင်း ချစ်ကြတဲ့ ၁၅၀၀-ကိုလေသာ အင်အားဖြင့် အချစ်ပွားကြသူ လင်နှင့် မယားလဲ သေချိန်ရောက်ယင် တစ်ဦးကိုတစ်ဦး မသေရအောင် မတားမြစ် မကယ်တင်နိုင်ကြပါဘူး၊ သေမင်းကျတော့ လက်နက်ချကြရတာချည်းပါဘဲ။

''ချစ်သူထက်ပင် အပေါင်းအသင်း သူငယ်ချင်းများကို ပိုပြီး ချစ်ခင်ကြင်နာ သံယောဇဉ်တွယ်တာပါတယ်''ဆိုသူများလဲ တစ်ဦးသေမှာကို တစ်ဦးက မသေအောင် ကယ်တင်နိုင်ကြယင်လဲ

တစ်ခဏတာမျှ ပါဘဲ၊ တကယ် သေချိန် ရောက်ယင်တော့ လက်လျှော့လိုက်ရတာချည်းပါဘဲ။

ဒါကြောင့် မြတ်စွာဘုရားရှင်က "ဗန္ဓဝါပိ – ချစ်လှန်း ခင်လှန်း ကြင်နာလှန်းသည့် အဆွေခင်ပွန်းဆိုသူတို့သည်လည်း၊ နသန္တိ – ငြိတွယ်စွဲလမ်း ခင်ပွန်းချစ်ဆွေ မသေရအောင် စွမ်း ဆောင်နိုင်သူ အဆွေခင်ပွန်းဟူ၍လည်း မြူငွေလောက်မျှ မရှိကြ လေကုန်" လို့လဲ ဟောကြားတော်မူပါတယ်။

## ဆွေမျိုးချင်းလဲ မကယ်နိုင်

ဒီမျှလဲ မကသေးပါဘူး၊ မိဖက် ဘဖက် နွယ်လာဆက်တဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဆိုသူတွေလဲ သေချိန်ရောက်လို့ သေကြရမည့်အခါ မသေကြရအောင် ဘယ်သူ့ကိုမျှ ဘယ်သူ ကပင် မကယ်ဘင်နိုင်ကြပါဘူး၊ "ဝိညာဉ်ထင်လင်း, သက်ရှည် ခြင်းကား, သေခြင်းနောက်ဆုံး ရှိချေသည်" လို့သာ နှလုံးသွင်း ဆင်ခြင်ကြရစမြဲပါဘဲ။

ဒါကြောင့်လဲ မြတ်စွာဘုရားရှင်က "ဉာတိသု – သွေးသား စပ်လျက် ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်တို့တွင်လည်း၊တာဏတာ- သေမင်းလက်တွင်းက လွတ်မြောက်ကင်းအောင် သွေးချင်း သား ချင်း အချင်းချင်းပင် စောင့်ရှောက် ကယ်တင်နိုင်ခြင်းသည်၊ နတ္ထိ – ကေန်တိတိ အဟုတ် မရှိပါချေ၊ နတ္ထိ – ဘယ်ရပ်ဌာနီ ဘယ်ရွာပြည်နှင့် ဘယ်ဆီမှာမှ မရှိကြပါချေ" လို့ ဟောကြား တော်မူပါတယ်။

ဒီအဓိပ္ပာယ်များကို အကျဉ်းချုပ် မှတ်သားရအောင် ဒီရှစ် လုံးဘွဲ့ မြန်မာကဗျာလေးကို ဆိုကြည့်ကြပါဦးစို့။

## သေမင်းခေါ်လျှင် မြန်မာကဗျာ

ကိလေမကင်း, သေမင်းခေါ်လျှင်၊
ဆွေမျိုးသားချင်း, မိရင်းဖခင်။
ခင်ပွန်းသားသမီး, တားဆီးကယ်တင်၊
မရဘဲ, သေမြဲသေရိုးပင်။

## ကိုယ့်လမ်းကိုယ်ပြင် နိဗ္ဗာန်ဝင်ရန်

အို ချစ်သမီး ပဋာစာရီ .... သတ္တဝါမှန်သမျှ မသေရဟု ဘယ်မှမရှိပုံ ဒီအကြောင်းစုံနဲ့ ဖြစ်လျှင်ပျက်မြဲ မွေးပြန်လဲသေ အထွေထွေအနိစ္စ သဘာဝထိုထို ဤအလိုကို ဝေဖန်ပိုင်းခြား အသိဉာဏ်ပွားကြတဲ့ သူတော်ကောင်း ပညာရှိဟာ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကိုကျင့်ပြီး နိဗ္ဗာန် ခရီး သတိပဋ္ဌာန်လမ်းမတော်ကြီးကို ရေးကြီးသုတ်ပျာ လျင် မြန်စွာ သုတ်သင်ပြင်ဆင်က နိဗ္ဗာန်ချမ်းသာ မြို့တော်အမတာ သို့သာ ဝင်ရောက်ရပေတယ်။

သင်ချစ်သမီးလဲ အမှန်သိမြင် ပညာရှင်အဖြစ်နဲ့ ကိုယ့်လမ်း ကို ကိုယ်ပြင်ပြီး ငြိမ်းချမ်းရာ နိဗ္ဗာန်ကို အမြန်ဝင်ပါတော့၊ သင့်ရဲ့အားကိုးရာဟာ သင့်လင်လဲ မဟုတ်ဘူး၊ သင့်မိ, သင့်ဘ, သင့်မောင်, သင့်မိတ်ဆွေများလဲ မဟုတ်ကြလေဘူး။

သင့်ရဲ့အားကိုးရာ အစစ်ဟာ သင်သာဖြစ်တယ်၊ ငါဘုရား ညွှန်ကြားတော်မူတဲ့ နိဗ္ဗာန်လမ်းခရီးကို အပြီးတိုင် မြန်မြန်သုတ် သင် ပြင်ဆင်ပါ ချစ်သမီးပဋာစာရီလို့ ဘုရားမြတ်စွာက ဆက် လက် မိန့်ကြားတော်မူတာဖြစ်ပါတယ်။

ဒီတရားတော်ကို ဆက်လက်နာကြားရသူ ပဋာစာရီဟာ ''မြတ်စွာဘုရား ဟောကြားတော်မူတာဟာ မှန်ပါပေတယ်၊ မိဘဆွေမျိုး သားသမီး ခင်ပွန်းလင်စတဲ့ သူတစ်ပါးဟာ ငါ့ရဲ့

အားကိုးရာမဖြစ်ကြဘူး၊ အားကိုးရလောက်အောင် ကျင့်လျှင် မိမိကိုယ်သာလျှင် မိမိရဲ့ အားကိုးရာစင်စစ် ဖြစ်ပေတယ်၊ ငါ သွားမည့် နိဗ္ဗာန်လမ်းကို ငါကိုယ်တိုင်ပင် လျှင်မြန်စွာ ရှင်းလင်း သုတ်သင်ရမယ်''လို့လဲ သဘောပေါက်ပါတယ်။

## ညစ်ညမ်းသော လမ်းကိုမြင်ရာ

ဒါကြောင့် မယ်ပဋ္ဌာဟာ တရားနာကြားရင်းကပင် ''သြော် ငါသွားမည့် နိဗ္ဗာန်လမ်းမှာ ကိုယ်ကြမ်း, နှုတ်ကြမ်းနဲ့ သရမ်း ခဲ့တဲ့ လွန်ကျူးမှု ကိလေသာတွေလဲ ငါ့သန္တာန်မှာအညစ် အကြေး တင်နေပါကလား။

ဒီလို ကိုယ်ကြမ်း နှုတ်ကြမ်းဖြစ်အောင် တွန်းအားပေးနေတဲ့ စိတ်ညစ် စိတ်ကြမ်း စိတ်သရမ်းခဲ့တဲ့ ထကြွသောင်းကျန်းမှု ကိလေသာတွေကလဲ ငါ့သန္တာန်မှာ ညစ်ကျုံ နောက်ကျိနေပါ ကလား။

ဒီကိုယ်ကြမ်း နှုတ်ကြမ်း စိတ်သရမ်းတို့ ဖြစ်ပေါ်စရာ မမြင် ရတဲ့ ကိလေသာ ထုထည်ကြီးကလဲ သံသရာဘဝါဘဝမှ ယနေ့ ကျအောင် ငါတို့ခန္ဓာအစဉ်မှာ လျှို့ဝှက်စွာကိန်းအောင်းလိုက် ပါပြီး ညစ်ညမ်း ပေတေနေပါကလား''လို့လဲ သိမြင် ဆင်ခြင် မိပါလိမ့်မယ်။

## သီလရေနဲ့ဆေး

ဒါကြောင့် မယ်ပဋ္ဌာဟာ ကိုယ်နှုတ်နဲ့ လွန်ကျူးခဲ့ပုံများကို အပြစ်မြင်ပြီး ရှေ့ဆက်ကာ လွန်ကျူးမှုကိလေသာ နောက် ထပ် မဖြစ်ရအောင်လဲ သီလရေစင် ရေကောင်းနဲ့ ဒီလို ဆေး ကြော သုတ်သင်ပါတယ်။

''ငါဟာ သံသရာဘဝါဘဝကလဲ သူတစ်ပါးအသက်တွေ ကို သတ်ခဲ့ဖူးပေလိမ့်မယ်၊ ယခုဘဝမှာလဲ ငယ်စဉ်ကာတည်းက

ပိုးကောင် မွှားကောင်ကလေးတွေကိုလဲ သတ်ခဲ့မိပေလိမ့်မယ်၊ အရွေးဘ၀ ရောက်ရပြန်တော့လဲ သူများကလေးတွေကို ကိုယ့်ကလေးလို့ ထင်မှားပြီး အရူးကြမ်းကြီးအဖြစ်နဲ့ ဆွဲလား ရမ်းလားလုပ်လို့ တချို့ကလေးများလဲ သေကြမယ်။

သူတစ်ပါး ပစ္စည်းဥစ္စာများကိုလဲ သိအောင်ရော မသိအောင်ပါ အရူးကြမ်းကြီးအဖြစ်နဲ့ ခိုးယူလုယက် ဖျက်ဆီးမိမယ်။

ရူးကလဲရူး တဏှာကလဲပူးတော့ မြင်မြင်သမျှ ယောကျ်ားတွေကို ငါ့ယောကျ်ားပဲလို့ မြူဆွယ်မိုက်မှားမိမှာ ဖြစ်သလို လူမသမာတွေကလဲ ဆိတ်ကွယ်ရာမှာ လွန်ကျူးကြမှာဘဲ၊ ငါကလဲ ရူးရူးမိုက်မိုက်နဲ့ လိုက်လျောမိခဲ့မှာဘဲ။

ငါ့ရဲ့ နှုတ်အမူအရာကလဲ တောင်စဉ်ရေမရ ပေါက်ကရ ပြောကြားပုသားဆိုခဲ့မိတာကတော့ အခါခါဘဲ၊ ပတ်ဝန်းကျင်ကို ထင်သလိုကြဲပြီး ဆိုဆဲခဲ့တာကတော့ ကျော်မကောင်း ကြားမကောင်းပါဘဲ၊ ဒါတွေဟာ ဝစီကံသောင်းကျန်းမှုတွေပေါ့။

ငါဟာ ရူးတိရူးနှမ်းနဲ့ ရေမှန်းမသိ အရက်မှန်းမသိ သောက်မိသောက်ရာ သောက်ခဲ့သလို မရိုးသားသူ လူယုတ်မာများ လှည့်စားလိုက်တဲ့ အရက်ကို သောက်မိပြီး သူတို့နှင့်လဲ ယှဉ်တွဲဖောက်ပြန်မိခဲ့မယ်ထင်တယ်။

ဒီအမူအရာအားလုံးဟာ ငါ့အတွက် ငါးပါးသီလပျက်ပြယ်ခဲ့တဲ့ ကျူးလွန်မှုတွေပါဘဲ။

ယခုအချိန်မှစပြီး ဒီလို သီလပျက်ကျိုးမှုမျိုးကို ရှောင်ကြဉ်ပြီး အမြဲတမ်းပင် သီလကိုဆောက်တည် စောင့်ထိန်းတော့မယ်၊

"နိဗ္ဗာန်လမ်းကို သီလရေစင် ရေကောင်းနဲ့ ဆေးကြောသုတ်သင်တော့မယ်"လို့လဲ ဆုံးဖြတ်ပြီး သီလကို ဆောက်တည်ရှာပါတယ်။

ဒီအခါမှစပြီး မယ်မဋ္ဌာမှာ သီလသာသနာတည်ပြီး သီလဝိသုဒ္ဓိဖြစ်ပါတယ်၊ သူသွားမည့်နိဗ္ဗာန်လမ်းကို သီလရေစင်နဲ့ ဆေးကြောလိုက်တဲ့ သဘောပါဘဲ။

## သမာဓိလေအေးနဲ့ ဖယ်ရှား

ပြီးတော့ မြတ်ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရင်းက— "ဩော်-ငါဟာ ဘုရားရှင်နဲ့တွေ့လို့သာ ဆင်းရဲရှုပ်ထွေး သံသရာချောက်ကမ်းပါးတွင်းမှ လွတ်ကင်းရတော့မှာပါ ကလား၊ ဒီလိုဘုရားရှင်ရဲ့ တရားတော်ကို နာကြားရတာဟာ ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့ ကောင်းကျိုးကို ရရှိနေတာပါကလား" လို့လဲ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ပါတယ်။

ဒီအခါမှာ ဝမ်းသာတဲ့ ပီတိကိုလဲ "ဝမ်းသာတယ်, ဝမ်းသာတယ်"လို့ ရှုမှတ်သိမြင်ပါလိမ့်မယ်။

ဘုရားရှင်ရဲ့တရားတော်သံကိုလဲ သူ့နားနဲ့တိုက်ဆိုင်တဲ့အခါ "ကြားတယ်, ကြားတယ်"လို့ ရှုမှတ်သိမြင်ပါလိမ့်မယ်။

တရားနာကြားရင်း ဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်တွင်းမှ ပူအေးလှုပ်ရှား မာကြမ်းများနှင့် ကျပ်တည်းယိုစီးမှုများကိုလဲ ထင်ရှားသည့်အတိုင်း သတိထားပြီး ရှုမှတ်ပွားများပါလိမ့်မယ်။

ဖြစ်ပေါ်တိုင်းသော ချမ်းသာဆင်းရဲများကိုလဲ သတိထားပြီး ရှုမှတ်ပါလိမ့်မယ်။

အဲဒီလိုရှုမှတ်ရင်းက လိုလားစိတ်ပျက်, ပျံ့တက်ပူပန်, လေးကန် တွန့်ဆုတ်, ဘုရားဟုတ်မဟုတ်, တရားဟုတ်မဟုတ်, သံဃာဟုတ်မဟုတ်, ဆိုးယုတ်ယုံမှား, နီဝရဏများကို ပယ်ရှားပြီး

ပေါ်ရာပေါ်ရာ ရုပ်နာမ်မှုရာကို သတိကပ်ပြီး ရှုမှတ်နိုင်တာ စိတ်ပြေးစိတ်ထွက်မရှိ တည်ငြိမ်တာက စိတ္တဝိသုဒ္ဓိခဏိကသမာဓိလို့ ခေါ်ပါတယ်။

နိဗ္ဗာန်ခရီးလမ်းပေါ်က ကိလေသာမြူမှုန် အမှိုက်များကို သမာဓိလေအေးနဲ့ ရှင်းလင်းပယ်ရှင်း သုတ်သင်လိုက်တဲ့ သဘောပါဘဲ။

## ပညာရောင်နေ ာက် နိဗ္ဗာန်ရောက်

အဲဒီလို သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိများဖြင့် နိဗ္ဗာန်ခရီးကို ဆက်လက် တက်လှမ်းလာတဲ့ မယ်ပဋ္ဌာဟာ မိမိရဲ့သန္တာန်မှာ ထင်ရှားဖြစ်တဲ့ ရုပ်နာမ်တရားများကို ရှုပွားရင်းပင် ရှုမှတ်စရာနှင့်ရှုမှတ်တာများကိုလဲ ကွဲကွဲပြားပြား သိလာပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အသံတော်နှင့် မိမိရဲ့ သောတပသာဒနာ နှင့် ဆုံတွေ့လိုကြားသိမှု ဖြစ်လာတဲ့အခါ "အသံနဲ့ နာ းအကြည်က တခြား၊ ကြားသိမှုက တခြားလို့လဲ ခွဲခြားသိတယ်၊ အသံနဲ့နာ းအကြည်က အာရုံကိုမသိတတ်ဘူး၊ အစဉ်ဖောက်ပြန်ပြောင်းလွဲနေတဲ့ ရုပ်သဘောမျှဘဲ၊ ကြားသိမှုသဘောလေးကတော့ အာရုံကိုသိတတ်တယ်၊ သူကနာမ်သဘောဘဲ"လို့လဲ သိတယ်။

ဒီလိုရှုမှတ်နေရင်းက ဂုဏ်တော်များကို အာရုံပြုမိတော့လဲ "တရား ဟောကြားတော် မူနေတာဟာ မြတ်စွာဘုရားပဲ၊ ဒီတရားသံတော်ဟာ မြတ်စွာဘုရားရှင်ရဲ့ တရားအသံတော်ဘဲ၊ မြတ်စွာဘုရားရှင်ရဲ့ထံတော်ပါးမှာ အနီးကပ်ဆုံး နာကြားတော်မူနေကြတာက တပည့်သား သံဃာတော်တွေဘဲ၊ ဒီရတနာ မြတ်သုံးပါးနှင့် ဆုံတွေ့ရတာဟာ ငါ့အတွက်သိပ်ကံထူးတာဘဲ" စသည်ဖြင့် ရတနာသုံးပါးကို ကြည်ညိုတဲ့သဒ္ဓါတရား, အကြိမ်ကြိမ် အမှတ်ရအောက်မေ့မှု ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနု

သတိ-စမ်းမြောက်နှစ်သက်မှု ပီတိဆိုတဲ့စိတ်, စေတသိက် ဓမ္မာရုံများကို မိမိရဲ့နှလုံးသွေး ဟဒယဝတ္ထုအပါအဝင် တစ်ကိုယ်လုံးကို မှီဖြစ်တဲ့စိတ်နှင့် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ် စေတသိက် နာမ်များကိုလဲ သိတယ်။

အဲဒီ ကုသိုလ်စိတ်, စေတသိက်များရဲ့ မှီရာနှလုံးသွေး ဟဒယဝတ္ထုအပါအဝင် တစ်ကိုယ်လုံးက အာရုံကိုမသိတတ်ဘူး၊ အမှီခံရုပ်သဘောသက်သက်ဘဲလို့လဲ သိတယ်။

လိုရင်း အချုပ်အားဖြင့် ဝမ်းမြောက်တဲ့သဘော, ကြည်ညိုတဲ့သဘော, အမှတ်ရတဲ့သဘော နာမ်များကိုလဲ ဖြစ်တိုင်း ဖြစ်တိုင်း သိတယ်။

အဲဒီကုသိုလ်သဘောနာမ်များရဲ့ အမှီခံ ရုပ်ခန္ဓာသဘောမှန်များကိုလဲ သိတယ်၊ တရားနာကြားရင်း ခန္ဓာကိုယ်မှာဖြစ်ပေါ်နေတဲ့ ပူအေးလှုပ်ရှား စတဲ့သဘောတွေ ပေါ်ပေါ်လာတာကိုလဲ သိတယ်၊ အဲဒီသဘောတွေကို ရှုမှတ်ဆင်ခြင်နေတဲ့ အသိဉာဏ်သဘောကိုလဲသိတယ်၊ ဒါဟာ ရုပ်နာမ်ကိုပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံပါဘဲ။

ရှုမှတ်ဆဲမှာ ရုပ်တခြား အသိတခြား ကွဲပြားတာကို တွေ့ရတော့ ရုပ်နာမ်မျှသာရှိတယ်၊ အသက်ကောင် သတ္တဝါကောင်ဆိုတာ မရှိဘူးလို့ အသိအမြင်စင်ကြယ်လာတဲ့ သဘောက ဒိဋ္ဌိဝိသုဒ္ဓိ ခေါ်ပါတယ်။

အဲဒီလိုရှုမှတ်နေရင်း တရားသံတော်ကို ကြားသိရာမှာ နားနှင့်အသံ ဆုံမိတာကအကြောင်း၊ ကြားသိတာက အကျိုးဘဲလို့ သိလာတယ်။

ဘုရား, တရား, သံဃာနှင့်စပ်ပြီး ကြည်ညိုမှု, ဝမ်းမြောက်မှု, ငြိမ်းအေးမှုများ ဖြစ်ရာမှာလဲ ကြည်ညိုစရာ ဘုရား, တရား, သံဃာအာရုံများနှင့် ဟဒယဝတ္ထုနှလုံးသွေး အပါအဝင် ရုပ်

ကိုယ်ကြီးကိုမှီဖြစ်တဲ့ စိတ်နာမ် နာမ်တရားတို့ ဆုံမိတာက အကြောင်းတရားဘဲ၊ ကြည်ညိုတာ, အမှတ်ရတာ, ဝမ်းမြောက်တာ, ငြိမ်းအေးတာတွေက အကျိုးတရားဘဲလို့လဲ သိတယ်။

ပူအေးလှုပ်ရှား စသည်များ ဖြစ်ပေါ်ရာမှာလဲ တွေ့ထိစရာ အာရုံများနှင့် ကာယပသာဒ ကိုယ်အကြည်များနှင့် ဆုံတွေ့တာက အကြောင်းတရားဘဲ၊ ပူအေးလှုပ်ရှားမှု စသည်များက အကျိုးတရားဘဲ၊ အဲဒီလို ရှုမှတ်ဆဲတွင် အကြောင်းအကျိုးနှစ်ပါးကို ခွဲခြားသိရတာက **ပစ္စယပရိဂ္ဂဟဉာဏ်**ဘဲ။

ရှုမှတ်ဆဲတွင် အကြောင်းအကျိုးကိုသာ တွေ့ရတော့ ရှေးကလဲ ဒီလို အကြောင်းအကျိုးမျှသာရှိခဲ့တယ်၊ နောင်လဲ ဒီလို အကြောင်းအကျိုးမျှသာ ရှိနေမှာဘဲလို့ သဘောကျပြီး ယုံမှားကင်းလောက်အောင် အသိအမြင်ရှင်းလင်းတာက **ကင်္ခါဝိတရဏဝိသုဒ္ဓိ**ဘဲ။

ဒီလိုတရားနာရင်း ရှုမှတ်နေဆဲမှာ တစ်ခုပြီးတစ်ခုပေါ်လာပြီးနောက် ပျောက်သွားတာကို တွေ့မြင်ရတော့ မမြဲဘူးလို့ သိတာဟာ **အနိစ္စာနုပဿနာဉာဏ်** ပေါ်တာဘဲ။

တပျောက်တည်းပျောက်နေလို့ ချမ်းသာတာမရှိဘဲ ဆင်းရဲနေတာဘဲလို့ သိမြင်တာက **ဒုက္ခာနုပဿနာဉာဏ်**ဘဲ။

ရှုမှတ်ရင်းပင် တွေ့မြင်ရတဲ့ မြင်သိသဘော, ကြားသိသဘော, ကြည်ညိုတဲ့သဘော, အမှတ်ရတဲ့သဘော, ဝမ်းမြောက်တဲ့သဘော, အပူသဘော, အအေးသဘော, လှုပ်ရှားသဘောစတဲ့ သဘောတရားများမှတစ်ပါး အသက်ရှင်နေတဲ့အကောင်, ငါကောင်, သူကောင်ဆိုသည်များမရှိဘဲ သဘောသက်သက်ဘဲရယ်လို့ သိမြင်တာက **အနတ္တာနုပဿနာဉာဏ်**ဘဲ။

## သမ္မသနဉာဏ်

အဲဒီလို တရားနှလုံးသွင်းရင်း ရှုမှတ်ဆဲတွင်ပေါ်လာပြီးနောက် ပျောက်ပျောက်သွားတာကို တွေ့ရလို့ "မမြဲ, ဆင်းရဲ, သဘောတဲ့, ငါကောင်မဟုတ်"လို့ သဘောကျပြီး ဆင်ခြင်မိတာဟာ သမ္မသနဉာဏ်ပါတဲ့။

## ဥဒယဗ္ဗယဉာဏ်

အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို မဆင်ခြင်တော့ဘဲ မှတ်ရုံမျှသာ မှတ်နေတဲ့အခါ အလင်းရောင်တွေကိုလဲ တွေ့ရတတ်တယ်၊ ဝမ်းမြောက်ဝမ်းသာတာမျိုးကိုလဲ တွေ့ရတတ်တယ်၊ ငြိမ်းအေးမှု, ချမ်းသာမှု, ကြည်ညိုမှုများကိုလဲ တွေ့ရတတ်တယ်၊ ဒီလိုစတဲ့ အရသာထူးလေးများကို တွေ့ရတော့ ပင်ပန်းဆင်းရဲမှုများ ပျောက်ကင်းပြီး ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ ရှုမှတ်လို့ကောင်းနေပါတယ်၊ တည်ငြိမ်မှုကလဲရ ချမ်းသာမှုကလဲ ဖြစ် လွယ်ကူမှုကလဲရှိတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်းပင် အာရုံရော မှတ်စိတ်ပါ အတွဲလိုက် အတွဲလိုက် ဖြစ်ပေါ်ပျောက်ပျက်နေတာကို ထင်ထင် ရှားရှား တွေ့ရပါလိမ့်မယ်၊ အဲဒီလို ဖြစ်မှုပျက်မှုကို လွယ်ကူစွာသိတာဟာ နုသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပါတယ်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဒီအခါမှာ ရှုမှတ်ရင်းပင် အလင်းရောင်စတဲ့ အထူးအထွေများကို စဉ်းစားအားရ သဘောကျနေတာက လမ်းမှားတဲ့၊ မှတ်ရုံမျှသာ မပြတ်မှတ်နေတာက လမ်းမှန်တဲ့၊ မပြတ်မှတ်နေမှ ဉာဏ်တက်မယ်လို့ လမ်းမှန် လမ်းမှားကို ပိုင်းခြားဝေဖန်ကာ ဉာဏ်အမြင်စင်ကြယ်တာက မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ ဖြစ်ပါတယ်၊ ဒါက ယောဂီတွေ့ပါ။

## ဥဒယဗ္ဗယဉာဏ်

ဒီလိုရှုမှတ်နေတဲ့အခါ ပေါ်မှု, ပျောက်မှု, ဖြစ်မှု, ပျက်မှု များကို မှတ်ချက်တိုင်းမှာ ပိုင်းပိုင်းခြားခြား ပြတ်သားစွာ သိရတာက ရင့်သော ဥဒယဗ္ဗယဉာဏ် တဲ့။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ရင့်သော ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်အထိ အကျင့်လမ်းစဉ် အသိအမြင်စင်ကြယ်တာက ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တဲ့။

အဲဒီကနောက် အသိဉာဏ်လျှင်မြန်လာတော့ အဖြစ်မထင်ရှားဘဲ အပျက်ချည်းသာတွေ့ရတဲ့ ဘင်ဉာဏ်။

ဘာမဆို ပျောက်ပျောက် သွားတာချည်း တွေ့ရတော့ ကြောက်ဖွယ်ထင်တဲ့ဘယဉာဏ်။

ခိုင်မာတာမရှိ အားကိုးရာမမြင် ပြစ်တင်ဖွယ်ချည်း ထင်ရှားသိမြင်တာက အာဒီနဝဉာဏ်။

ပျင်းရိခြောက်သွေ့ ငြီးငွေ့ဖွယ်အဖြစ် ထင်ရှားသိမြင်တာက နိဗ္ဗိဒါဉာဏ်။

အပျက်နဲ့ဆင်းရဲကိုချည်း မြင်တွေ့ရတော့ အပျက်ဆင်းရဲ သံသရာထဲမှ လွတ်မြောက်ချင်တာက မုဉ္စိတုကမျတာဉာဏ်။

လွတ်မြောက်စေရန် ထပ်မံတွန်းအားပေးပြီး ရှုမှတ်ပြန်တာက ပဋိသင်္ခါဉာဏ်။

အာရုံ ကောင်းဆိုး အမျိုးမျိုးကြောင့် ဝမ်းနည်းဝမ်းသာ မဖြစ်ပါဘဲ ပေါ်ရာပေါ်ရာရုပ်နာမ်များကို သိရုံမျှ သိရုံမျှ ရှုသိနေတဲ့ သင်္ခါရုပေက္ခာဉာဏ် များလဲ ထင်ထင်ရှားရှား ဖြစ်ပေါ်လာပါတယ်။

သူ့အရှိန်နဲ့သူ ရှုမှတ်မှုကောင်းနေရာမှ သက်လက်ထင်ရှား ထူးခြားစွာဖြစ်တဲ့ မှတ်သိမှုက ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်။

အဲဒီ အသိထူးများတွင် ရှေ့ဉာဏ်နှင့်နောက်ဉာဏ် အား လျော်သော နောက်ဆုံးအသိက အနုလောမဉာဏ်။

အဲဒီနောက် သင်္ခါရချုပ်ငြိမ်းရာ ကျရောက်သွားတဲ့ ဂေါတြ ဘူဉာဏ်။

ချုပ်ငြိမ်းရာတွင် သက်ဝင်တည်တာက မဂ်ဖိုလ်ဉာဏ် ဖြစ်ပါ တယ်။

ဒီဉာဏ် ၂-မျိုးတွင် မဂ်ဉာဏ်က ဉာဏဒဿနဝိသုဒ္ဓိ ဖြစ် တယ်။

ချုပ်ငြိမ်းရာသို့ရောက်သွားပုံ, ချုပ်ငြိမ်းပုံများကို ပြန်လှည် ပြီး ဆင်ခြင်မိတာက ပစ္စဝေက္ခဏာဉာဏ် တဲ့။

မယ်ပဋ္ဌာဟာ တရားနာကြားရင်းပင် အဲဒီလိုသောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရပြီး သောတာပန် တည်သွားပါတယ်၊ သူသာမက အခြားတရားနာများလဲ သောတာပန်စသည် တည် ကြပါသေးတယ်။

## နာရှုပွားရင်း ဉာဏ်မြင်လင်း

အဲဒီလိုတရားနာကြားရင်း ရှုမှတ်လို့ သောတာပန်ဖြစ်သွား ပုံကို ဓမ္မပဒအဋ္ဌကထာမှာ ဒီလိုပြဆိုထားပါတယ်။

> ဒေသနာဝသာနေ ပဋ္ဌာစာရာ မဟာပထဝိယံ ပံသု ပရိမာဏော ကိလေသေ ဈာပေတွာ သောတာပတ္တိဖလေ ပတိဋ္ဌဟိ၊ အညေပိ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု။

ဒေသနာဝသာနေ-ဘုရားဟောကြား တရားအဆုံး၌၊ ပဋ္ဌာ စာရာ-အပူပွားစီး ငိုထန်သီး၍ ရူးကြီးရူးရာမှ တရားနာရသဖြင့် အေးမြချမ်းသာ ရရှိလာသည့် မယ်ပဋ္ဌာစာရာသည်၊ မဟာပထ

ဝိယံ-မြေကြီး၌၊ ပံသုပရိမာဏော-မြေမှုန့် အတိုင်းအရှည် ရှိကုန်သော၊ ကိလေသေ-ပူပန်စေတတ် နှိပ်စက်တတ်စွာ ကိလေသာတို့ကို၊ ဈာပေတွာ-မှောင်မသန်းအောင် လောင်ကျွမ်းစေလျက်၊ သောတာပတ္တိဖလေ-သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ-တည်လေ၏၊ အညေပိ-ပဋ္ဌာစာရာမှတစ်ပါး အခြားတရားနာ တို့သည်လည်း၊ သောတာပတ္တိဖလာဒီနိ-သောတာပတ္တိဖိုလ် စသည်တို့သို့၊ ပါပုဏိံသု-ရောက်ကြလေကုန်ပြီ။

မယ်ပဋ္ဌာဟာ ဒီဒေသနာအတိုင်းပင် တရားအဆုံးမှာ သောတာပန်ဖြစ်သွားပါတယ်၊ မယ်ပဋ္ဌာမှတစ်ပါး တရားနာများလဲ ဒီတရားပွဲမှာပင် တချို့ သောတာပန်, တချို့ သကဒါဂါမ်, တချို့အနာဂါမ်, တချို့ရဟန္တာဖြစ်ကြပါတယ် တဲ့။

## မြေကြီးမြေမှုန့်ပမာ ကိလေသာ

ဒီနေရာမှာထူးခြားတဲ့ ဥပမာတစ်ခုကတော့ ပထဝိယံ ပံသုပ္ပရိမာဏေ ကိလေသေ ဈာပေတွာ သောတာပတ္တိဖလေ ပတိဋ္ဌဟိ-တဲ့။

အဓိပ္ပာယ်က မြေအထုမှာရှိတဲ့ မြေမှုန့်တွေလောက် များပြားတဲ့ ကိလေသာတွေကို လောင်ကျွမ်းကုန်ခန်းစေပြီး သောတာပန်ဖြစ်သွားပါတယ် တဲ့။

ပုထုဇဉ် သတ္တဝါတွေကို ပူပန်စေတတ် နှိပ်စက်တတ်တဲ့ ကိလေသာတွေဆိုတာ ၁၀-ပါးရှိတယ်၊ အကျယ်ပွားမှ ၁၅၀၀-ပါဘဲ၊ ကိလေသာ ၁၀-ပါးနှင့် အကျယ် ၁၅၀၀-သရုပ်ကိုတော့ စိတ်ညစ်ကင်းရန် သတိပဋ္ဌာန်တရားတော်တွင် ဖော်ပြခဲ့ပြီးပါပြီ။

ဒီနေရာမှာ ပြောချင်တာကတော့ ကိလေသာဟာ အများဆုံး တစ်ထောင့်ငါးရာ ရှိတယ်ဆိုတာ ထင်ရှားပါလျက်နဲ့ ဘာကြောင့် ဒီမှာ "မြေကြီး မြေမှုန့် အတိုင်းအရှည် ရှိကုန်သော

ကိလေသာတို့ကို လောင်ကျွမ်းကုန်ခန်းစေ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏”လို့ ဟောတော်မူပါသလဲ ဆိုတာပါဘဲ။

နောက်ပြီးတော့ သောတာပန်ဆိုတာကလဲ ကိလေသာ ၁၀-ပါးတွင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ၂-မျိုးကိုသာ အကြွင်းမဲ့အပြတ်ပယ်ရှားနိုင်သေးတာဘဲ၊ ဒီနေရာမှာ မြေကြီး၌ မြေမှုန့်လောက်ရှိတဲ့ ကိလေသာတွေကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်က ပယ်တယ်”လို့ ဘာကြောင့်ဟောရပါသလဲ ဆိုတာပါဘဲ။

ဒေသနာအရှိကို ဉာဏ်မီသမျှ ကြည့်ပြီးပြောရယင် ကိလေသာ ၁၀-ပါး အကျယ်ပွားယင် ၁၅၀၀-ဆိုတာဟာ သဘော တရားကိုယ်အားဖြင့် ဟောကြားထားတဲ့ ဒေသနာတော်ဖြစ်ပါတယ်။

အနမတဂ္ဂသုတ္တန် ဒေသနာတော်အရဆိုယင် ဒီကိလေသာ ၁၀-ပါး အကျယ် ပွားယင် တစ်ထောင့်ငါးရာ ရှိတယ်ဆိုတဲ့ ကိလေသာတွေကို မပယ်နိုင်ကြသေးပါဘူး၊ သတ္တဝါများဟာ ပဋိသန္ဓေ အို့နာ့ သေစတဲ့ အထွေထွေဆင်းရဲတွေကို ထည်လဲနဲ့ ခံရတဲ့ ဘဝတွေဟာ မရေတွက်နိုင်ပါဘူးတဲ့၊ ဘယ်လောက်များ သလဲဆိုယင် ဖြစ်ပျက်မွေးသေ ခန္ဓာအစဉ်တွေရဲ့ ဘဝါဘဝ သံသရာအစမင် မထင်ရှားတော့ပါဘူးတဲ့။

သမ္မုတိနယ်ကစကားနဲ့ ပြောရယင်တော့ သတ္တဝါတစ်ဦး တစ်ဦးရဲ့ ဘဝခန္ဓာအစဉ်ဟာ အစတောင်မှ မထင်ဘူးဆိုယင် ဘယ်ရွေ့ဘယ်မျှလောက် ရှိတယ်ဆိုတာ ရေတွက်လို့ရပါ့မလား ပရိသတ်များ။

(မရပါဘုရား။)

အဲဒီ ခန္ဓာအစဉ်တွေကိုပင် ရေတွက်လို့မရလျှင် သတ္တဝါတွေရဲ့သန္တာန်မှာ ဖြစ်ပျက်တဲ့ ကိလေသာတွေဆိုယင်တော့ ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုတာကို ရေတွက်လို့ရပါ့မလား။

(မရပါဘုရား)။

မယ်ပဋ္ဌာဟာ ဒီကိလေသာတွေကို ယထာဘူတ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များနဲ့ မပယ်သတ်ရသေးယင် ရှေ့ဆက်ပြီးတော့ ဖြစ်ရဦးမည့် ဘဝခန္ဓာအစဉ်တွေ့ကိလေသာတွေကိုတော့ ရေတွက်လို့ရနိုင်ပါဦးမလား ပရိသတ်များ။

(မရေတွက်နိုင်ပါဘုရား။)

ယခု မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီး တရားနာရင်း ရှုမှတ်ပွားများလို့ သောတာပန် တည်သွားတဲ့ ပဋ္ဌာစာရာဟာ ဆင်းရဲအရှည်ကြာဆုံးဖြစ်တဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးမှပါ လွတ်ကင်းသွားတယ်၊ ဘယ်နည်းနဲ့မှ အပါယ်လေးပါးကိုလဲ မကျရောက်ရတော့ဘူး၊ အများဆုံးလူ့ဘဝမှာ ခုနစ်ဘဝသာ ထပ်ဖြစ်ပြီးတော့ အထက်မဂ်ဖိုလ်များကို ရရှိပြီး ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတဲ့ နိဗ္ဗာန်ကို အပြီးတိုင် ဝင်စံသွားရတော့မယ်။

ဒါကြောင့် သောတာပန်က ပယ်တဲ့ ကိလေသာဟာ တရားကိုယ်အားဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဆိုတဲ့ နှစ်ပါးမျှဖြစ်သော်လဲ ပုထုဇဉ်ဘဝနဲ့သာဆိုယင် ရှေ့ခရီးမှာ ဖြစ်ရဦးမည့် မရေမတွက်နိုင်တဲ့ ခန္ဓာအစဉ် ကိလေသာတွေကို ပယ်ပြီးသားဖြစ်သွားပါပြီ။

တစ်ထောင့်ငါးရာ ကိလေသာတို့ရဲ့ အရင်းခံ ရေသောက်မြစ်သဖွယ်ဖြစ်တဲ့ သက္ကာယဒိဋ္ဌိခေါ် အတ္တဒိဋ္ဌိကို ပယ်သတ်လိုက်ပြီမို့ ကျန် ကိလေသာ အကိုင်း အခက်တွေလဲ ခြောက်သွေ့ ကွယ်ပျောက်ကြရတော့မယ်၊ ဒါကြောင့် ဓမ္မပဒအဋ္ဌကထာမှာ ဒီလိုဖွင့်ပြခဲ့ပါတယ်။

ပဋ္ဌာစာရာ- ပဋ္ဌာစာရာသည်၊ ဒေသနာဝသာနေ- ဒေသနာတော်အဆုံး၌၊ မဟာပထဝိယံ- မြေကြီး၌၊ ပံသုပရိမာဏာ - မြေမှုန့်အတိုင်းအရှည်ရှိကုန်သော၊ ကိလေသေ - ပူပန်စေတတ်, နှိပ်စက်တတ်တဲ့ ကိလေသာတို့ကို၊ ဈာပေတွာ - လောင်ကျွမ်း

စေ၍၊ သောတာပတ္တိဖလေ – သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ-
တည်ပါလေသတည်း။

သာဓု....သာဓု....သာဓု....။

မြေကြီးက မြေမှုန့်များကို ဘယ်လောက်ရှိတယ်လို့ မရေတွက်နိုင်သလို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မပယ်ရသေးယင် ဘယ်တော့မှ ဆုံးမယ်ဆိုတာ မသိရတဲ့၊ မရေတွက်နိုင်တဲ့ ခန္ဓာအစဉ် ကိလေသာတွေကို မယ်ပဋ္ဌာရဲ့ သန္တာန်မှာ ဖြစ်ပွားတဲ့ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်လိုက်ပါတယ်တဲ့၊ ဒါလောက်ဆိုယင် သောတာပတ္တိမဂ်ဉာဏ်ရဲ့ စွမ်းရည်ဟာ မြေကြီးက မြေမှုန့်လောက်ရှိတဲ့ ကိလေသာတွေကို ပယ်သတ်တယ်ဆိုတာ ရှင်းလောက်ပါပြီ၊ ရှင်းရဲ့လား ပရိသတ်များ။

(ရှင်းပါပြီ ဘုရား။)

မယ်ပဋ္ဌာမှာ အဲဒီလို တရားနာရင်း ရှုမှတ်လို့ သောတာပန်ဖြစ်သွားတဲ့အခါမှာ သား၊ လင်၊ မိဘ၊ မောင်များ သေလို့ပူဆွေး ငိုကြွေးခဲ့ရတဲ့ အပူတွေ အငိုတွေဟာ ကင်းငြိမ်းသွားပါတယ်။

ဒီမယ်ပဋ္ဌာရဲ့ ငိုကြွေးမှုဆင်းရဲပုံကို သုံးသပ်ကြည့်မယ်ဆိုယင် ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတော်ကို ကြားနာကျင့်ပွားလို့ရတဲ့ အသိတရားများကြောင့် ငိုကြွေးမှု သောက ပရိဒေဝ ဆင်းရဲများ ကင်းငြိမ်းသွားတယ်ဆိုတာကို ထင်ရှားတွေ့ရပါတယ်။

အဲဒီ ဒေသနာတော်ဟာ ဘာဒေသနာတော်လဲဆိုယင် မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော်ကြီးတွင် အတွင်း ဝင်တဲ့ ဒေသနာတော်ကြီးပါဘဲ။

## ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရား

ဟုတ်တယ်၊ ဒါကြောင့်မို့လဲ ဗုဒ္ဓမြတ်စွာဘုရားက "သောက ပရိဒေဝါနံ သမတိက္ကမာယ" လို့ ဟောကြားတော်မူပါတယ်။

အယံ မဂ္ဂေါ- စွဲမြဲသော အမှတ်ရမှု, သတိစွဲမြဲမှုဟူသော ဤသတိပဋ္ဌာန်အကျင့်လမ်းသည်၊ သောကပရိဒေဝါနံ - စိုးရိမ်ပူဆွေးရခြင်း,ငိုကြွေးရခြင်းတို့ကို၊ သမတိက္ကမာယ - ကောင်းစွာကျော်နင်း လွန်မြောက်ခြင်းငှာ၊ မဂ္ဂေါ - လမ်းခုလမ်းမှတခြားမှာ သွားစရာမရှိ သည်တစ်လမ်းသာရှိသည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် အမိန့်ရှိ ကြေညာတော်မူသည့် ကောယန တစ်ခုတည်းသောလမ်း တစ်ကြောင်းတည်းသောလမ်း ပါပေတည်း။

သာဓု....သာဓု... သာဓု....။

အဲဒီလို မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်၊ ဒီသတိပဋ္ဌာန်အကျင့်လမ်းကို လိုက်နာကျင့်ပွားသူများဟာ စိုးရိမ်မှုကိုလဲ လွန်မြောက်နိုင်, ငိုကြွေးမှုကိုလဲ လွန်မြောက်နိုင်ပါတယ်တဲ့၊ ယခု မယ်ပဋ္ဌာလဲ ဒီသတိပဋ္ဌာန်အကျင့်လမ်းကို လိုက်နာကျင့်ပွားလိုက်တာ သောတာပန်ဖြစ်ရုံနှင့်ပင် အငိုဒုက္ခ တစ်ခန်းရပ်သွားရပါပြီ။

ငိုကြွေးမှုဆိုတာ ဒေါသမှ ပေါက်ဖွားတာဆိုတော့ ဒေါသကို မပယ်ရသေးတဲ့ မယ်ပဋ္ဌာဟာ ငိုကြွေးဆင်းရဲအားလုံး အမြစ်ပြတ် ရှင်းလင်းသွားတာတော့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် ဒီကရှေ့ဆက်ပြီး တရားတွေ မပြတ် ဆက်ပွားများ အားထုတ်တော့ ရဟန္တာ ဖြစ်သွားတာမို့ ငိုကြွေးမှု ဒုက္ခတွေကို ယခု သောတာပန်အဖြစ်မှာပင် ဆက်တိုက် ပယ်ရှင်း သွားတယ်လို့ ဆိုနိုင်ပါတယ်။

နိဂုံး

ဒီတွင်“ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်ဒုတိယပိုင်း” ကိုလဲ တစ်ခန်းရပ်ကြပါဦးစို့၊ ဘိက္ခုနီပြုလုပ်ပြီး ဆက်လက်

တရားအားထုတ်လျက် ရဟန္တာဖြစ်ပုံကိုတော့ တတိယပိုင်းကျမှ ဆက်လက်ဟောကြားကြပါဦးမယ်။

ဒီတရားတော်လာတဲ့အတိုင်း လိုက်နာကျင့်ပွား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

# ငိုကြွေးကင်းရန် သတိပဋ္ဌာန် တရားတော်

## တတိယပိုင်း

### စကားဦး

ယခုဟောကြားမည့် တရားတော်ကတော့ "ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော် တတိယပိုင်း" ဖြစ်ပါတယ်။

ယခင် ပထမပိုင်းတုန်းက သတိပဋ္ဌာန်တရားကို ကျင့်ပွားလျှင် ငိုကြွေးကင်းပုံနှင့် ပဋ္ဌာစာရာစတ္တုကို ဟောခဲ့တယ်၊ ဒုတိယပိုင်းတွင် ဘုရားရှင်ရဲ့ တရားကို နာကြားရ၍ မယ်ပဋ္ဌာ သောတာပန်ဖြစ်ပုံကို ဟောကြားခဲ့ပါတယ်။

ယခု တတိယပိုင်းမှာတော့ မယ်ပဋ္ဌာ ဘိက္ခုနီအမျိုးသမီး ရဟန်းတော်ဘဝရောက်ရှိပြီး သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ပွားလျက် ရဟန္တာဖြစ်သွားပုံများကို ဟောကြားပါမယ်။

### ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

*ပူဇော်ထိုက်ငြား, သိဉာဏ်ပွား, ထိုဘုရား ရှိခိုးပါ၏ဘုရား။

### ပဋ္ဌာစာရာထေရီ ထင်ရှားပြီ

ကဲ ကဲ ဒီ ဆဘောတရားလေးတွေ ထင်ရှားသွားအောင် ဇာတ်လမ်းကို ဆက်ကြပါဦးစို့။

အဲဒီလို သောတာပန်ဖြစ်ပြီးနောက် မယ်ပဋ္ဌာလဲ တစ်ဆက်တည်းပင် လက်အုပ်ချီထင်ပြီး ရှိခိုးလျက် "ရွှေဘုန်းဂုဏ်ရန့်

သုံးဘုံနှံ့အောင်, ပျံ့လိုင်ကျော်ကြား, ရှင်တော်မြတ်ဘုရား.... ဘုရားတပည့်တော်မ မိပဋ္ဌာသည် မွေးသေဖြစ်ပျက် သံသာစက်မှ လွတ်ထွက်ရာမှန် နိဗ္ဗာန်အဆင့်ဆင့် ရှုပွားကျင့်ဖို့ အမြင့်ဆက်လှမ်း ရဟန်းအဖြစ်ကို တောင်းပန်ပါတယ်ဘုရား၊ သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် တပည့်တော်မအား ရဟန်းပြုပေးတော်မူပါဘုရား''လို့ တောင်းပန်လျှောက်ထားပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားက အမျိုးသမီးရဟန်းတော် ဘိက္ခုနီကျောင်းတော်သို့ စေလွှတ်ပြီး ရဟန်းပြုပေးတော်မူလိုက်ပါတယ်၊ မယ်ပဋ္ဌာလဲ မြင့်မြတ်သော အထက်တန်း ရဟန်းဘဝရောက်တော်မူတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ကောင်းစွာကျင့်တတ်တာကြောင့် ''ပဋ္ဌာစာရာထေရီ''လို့ ထင်ပေါ်ကျော်ကြား သွားပါသတဲ့။

## သတိသမ္ပဇဉ် အသိဉာဏ်ယှဉ်

မှန်ပါတယ်၊ သံဝေဂနဲ့ ရဟန်းပြုလာသူမို့ အချိန်ကာလကို အကျိုးမဲ့ မကုန်စေဘဲ နေ့ညဥ့်ပတ်လုံး တရားနှလုံး ကျင့်သုံးတော်မူတဲ့ ပဋ္ဌာစာရာထေရီရှင်မပါ၊ သွားသတိ, ရပ်သတိ, ထိုင်သတိ,လျောင်းသတိ ရယ်လို့ ဣရိယာပုထ် လေးပါးမှာလဲ သတိထားနေရမည်လို့ ဘုရားမြတ်စွာမိန့်ကြားတော်မူတဲ့အတိုင်း ကျင့်ပွားအားထုတ်နေပါတယ်၊ ရှေ့တက်တာ, နောက်ဆုတ်တာ, ကွေးတာ, ဆန့်တာ, တည့်တည့်ကြည့်တာ, စောင်းငဲ့ကြည့်တာစတဲ့ ကိုယ်အမူအရာဖြစ်တိုင်း သတိထားပြီး အသိပွားရမည်လို့ မြတ်ဘုရား မိန့်ကြားချက်အတိုင်းလဲ မဆိုင်းမတွ ကျင့်ပွားအားထုတ်နေတော်မူပါတယ်၊ အဲဒီလို အရာရာမှာ သတိအသိ ပါရတဲ့ ရှုမှတ်နည်းကို မဟာသတိပဋ္ဌာနသုတ်တော်လာ သမ္ပဇည ရှုနည်းလို့ ခေါ်ပါတယ်။

## သတိနှင့်အသိ ထားပုံ ပွားပုံ

ခန္ဓာကိုယ် လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ရှေ့တက်ချင်တယ်, ရှေ့တက်တယ်လို့လဲ ရှုမှတ်သိရတယ်၊ နောက်ဆုတ်ချင်တယ်, နောက်ဆုတ်တယ်လို့လဲ ရှုမှတ်သိရမည်၊ တည့်တည့်ကြည့်ချင်တယ်, တည့်တည့်ကြည့်တယ်၊ စောင်းငဲ့ကြည့်ချင်တယ်, စောင်းငဲ့ကြည့်တယ်-လို့ သိရတယ်၊ ကွေးထားတဲ့လက်ခြေကို ဆန့်ချင်ယင်လဲ ဆန့်ချင်တယ်၊ ဆန့်ယင်လဲဆန့်တယ်၊ သင်္ကန်းကြီးနှင့် သပိတ်သင်္ကန်းကို ကိုင်တွယ် ဝတ်ရုံချင်ယင် ကိုင်တွယ် ဝတ်ရုံချင်တယ်၊ ကိုင်တွယ်ဝတ်ရုံယင်လဲ ကိုင်တွယ်ဝတ်ရုံတယ်၊ စားသောက်ဖွယ်များနှင့် ပတ်သက်ပြီး စားချင်ယင် စားချင်တယ်၊ စားယင် စားတယ်၊ သောက်ချင်ယင် သောက်ချင်တယ်၊ သောက်ယင် သောက်တယ်၊ ခဲချင် စားချင်ယင် ခဲချင် စားချင်တယ်၊ ခဲယင် ဝါးယင်လဲ ခဲတယ် ဝါးတယ်လို့လဲ ရှုမှတ်သိရတယ်။

ယုတ်စွအဆုံး ကျင်ကြီး ကျင်ငယ်စွန့်ချင်ယင်လဲ စွန့်ချင်တယ်၊ စွန့်ယင်လဲ စွန့်တယ်လို့ ရှုမှတ်သိရတယ်၊ သွားချင်ယင် သွားချင်တယ်၊ သွားယင် သွားတယ်၊ ရပ်ချင်ယင် ရပ်ချင်တယ်၊ ရပ်ယင် ရပ်တယ်၊ ထိုင်ချင်ယင် ထိုင်ချင်တယ်၊ ထိုင်ယင် ထိုင်တယ်၊ အိပ်ချင်ယင် အိပ်ချင်တယ်၊ အိပ်ယင် အိပ်တယ်၊ အိပ်ရာမှနိုးယင် နိုးတယ်၊ စကားပြောချင်ယင်လဲ ပြောချင်တယ်၊ ပြောယင်လဲ ပြောတယ်၊ ဆိတ်ဆိတ်နေယင်လဲ ဆိတ်ဆိတ်နေတယ် ရှုမှတ်သိရတယ်၊ ဒီရှုမှတ်သိပုံဟာ ပါဠိတော်လာအတိုင်း အသိဉာဏ်ဖြင့် စိတ်တွင်းမှာလိုက်ပြီး ဖြစ်ပေါ်တိုင်း ရှုမှတ်သိပုံပါဘဲ။

## အသိဉာဏ် ဖြစ်ပေါ်ပုံ

အဲဒီလို ဖြစ်ပေါ်တိုင်းသော ကိုယ်အမူအရာများကို အစထား ရှုမှတ်သိရင်း ကိုယ်အမူအရာနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်

လာတဲ့ စိတ်ပိုင်း အမူအရာများကိုလဲ ရှုမှတ်သိရတယ်၊ ဒီလို အဆက်မပြတ်ရှုမှတ်လို့ အာရုံနှင့်ရှုမှတ်ချက် အံ၀င်ခွင်ကျလာယင် လက်ခြေအင်္ဂါ ကိုယ်ပုံသဏ္ဌာန်တွေ မထင်ရှားတော့ဘဲ သိစရာနှင့် သိတာတွေသာ ထင်ရှားသိမြင်လာပါတယ်။

ဒါကို ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယကအဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သုဇာတ မဟာထေရ်မြတ်က ဒီလိုဆောင်ပုဒ် ရေးသားချပို့ပေးပါတယ်။

## ပထဝီဓာတ်မှန် အသိဉာဏ်

၁။ မာ ကြမ်း နူ ပျော့, လေး ပေါ့ ရှုလျှင်၊
ပထဝီဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

ဒီသိပုံက ပထဝီဓာတ်ကို သိပုံတဲ့၊ ဟုတ်တယ်၊ ဗုဒ္ဓနည်းကျ မဟာစည်သြဝါဒအတိုင်း ရှုမှတ်ကြတဲ့ ယောဂီဟာ လျောင်း, ထိုင်,ရပ်,သွားစတဲ့ ဣရိယာပုထ်များကို ရှုမှတ်နေစဉ် မာတဲ့ သဘောပေါ်လာပြီး ရှုမှတ်ရင်းပင် ပျောက်သွားပုံကိုလဲ သိရတယ်၊ ကြမ်းတဲ့သဘောပေါ်လာပြီး ရှုမှတ်ရင်းပင် ပျောက်သွားပုံကိုလဲ သိရတယ်၊ နူတဲ့, ပျော့တဲ့, လေးတဲ့, ပေါ့တဲ့ သဘောများ ပေါ်လာပြီးနောက်လဲ ပျောက်ပျောက် သွားတာကို ထင်ရှားသိရပါတယ်၊ ဒီလို အသိတွေပြည့်စုံယင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပါတယ်။

## အာပေါဓာတ်မှန် အသိဉာဏ်

၂။ ပွ ကြီး ကြပ်တည်း, ယိုစီးရှုလျှင်၊
အာပေါရေဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

**ဒီသိပုံက အာပေါဓာတ်ကိုသိပုံတဲ့၊** ဟုတ်တယ်၊ ရှုမှတ်နေတဲ့ ယောဂီဟာ တစ်ရံတစ်ခါ ခန္ဓာကိုယ်ရဲ့ ပွကြီးလာပုံကိုလဲ သိရတယ်၊ ပျောက်သွားပုံကိုလဲ သိရတယ်၊ ယိုစီးလာပုံကိုလဲ သိရတယ်၊ ပျောက်သွားပုံကိုလဲ သိရတယ်၊ ဒီအသိဉာဏ်များ ပြည့်စုံယင်လဲ မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်နိုင်ပါတယ်။

## တေဇောဓာတ်မှန် အသိဉာဏ်

၃။ အပူ အအေး, အနွေးရှုလျှင်၊
တေဇောမီးဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

ဒါက တေဇောဓာတ်ကိုသိပုံတဲ့၊ ဟုတ်တယ်၊ ရှုမှတ်နေတဲ့ ယောဂီဟာ တစ်ရံတစ်ခါ ပူလာတဲ့သဘောကိုလဲ သိရတယ်၊ အေးလာတဲ့သဘောကိုလဲ သိရတယ်၊ နွေးလာတဲ့သဘောကိုလဲ သိရတယ်၊အဲဒီသဘောများကို ရှုမှတ်နေရင်းပင် ပျောက်ပျောက်သွားပုံကိုလဲ သိရတယ်၊ဒီအသိဉာဏ်တွေ ပြည့်စုံယင်လဲ မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

## ဝါယောဓာတ်မှန် အသိဉာဏ်

၄။ ထောက်ကန် လှုပ်ရှား, ရွေ့သွားရှုလျှင်၊
ဝါယောလေဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

ဒါက ဝါယောဓာတ်ကို သိပုံတဲ့၊ ဟုတ်တယ်၊ ရှုမှတ်နေတဲ့ ယောဂီဟာ များသောအားဖြင့် ထိုင်နေ, ရပ်နေတဲ့ အခါ တောင့်တင်း ထောက်ကန်တဲ့ အမူအရာသဘောကိုလဲ သိရတယ်၊ ဖောင်းတယ်,ပိန်တယ်, ဘယ်လှမ်းတယ်,ညာလှမ်းတယ်,ကြွတယ်,

လှမ်းတယ်, ချတယ်, ကွေးတယ်, ဆန့်တယ်စသည် ရှုမှတ်နေတဲ့ အခါ လှုပ်ရှားတဲ့သဘော ရွေ့သွားတဲ့သဘောဆိုတဲ့ ဝါယော ဓာတ်များကိုလဲ သိရတယ်၊ ရှုမှတ်ရင်းပင် ထိုသဘောများ ပျောက်ပျောက်သွားပုံကိုလဲ သိရတယ်၊ ဒီအသိဉာဏ်များ ပြည့်စုံ ယင်လဲ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

ဒီလိုရှုမှတ်ရင်းပင် စိတ်အမျိုးမျိုးဖြစ်ပေါ် ပျောက်ပျက်ပုံ, မြင်သဘော, ကြားသဘော စသည့် သဘောမှန်များ ဖြစ်ပေါ် ပျောက်ပျက်ပုံများကိုလဲ သိမြင်ပါတယ်၊ အဲဒီဉာဏ်တွေ ပြည့်စုံ ယင်လဲ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်ပါတယ်။

## ခြေဆေးရေနှင့် သစ္စာဝါ အတွေးပေါ်လာ

အဲဒီလို သတိပဋ္ဌာန်ယောဂီ ပဋ္ဌာစာရာထေရီရယ်လို့ ထင်ရှား သူ အမျိုးသမီးရဟန်းတော် ဘိက္ခုနီဟာ တစ်နေ့သောအခါ တရားရှုမှတ်ရင်းပင် ရေအိုးငယ်ဖြင့် ရေကိုယူပြီး ခြေပေါ်ကို ရေလောင်းကာ ခြေဆေးတော်မူပါတယ်။

ရှုမှတ်ပုံက ရေအိုးကို ယူတော့ယူတယ်၊ ရေကို ခပ်တော့ ခပ်တယ်၊ မ,တော့ မ,တယ်၊ လောင်းတော့ လောင်းတယ်၊ နောက်တမ်ကြိမ် လောင်းတော့လောင်းတယ်၊ နောက်တစ်ကြိမ် လောင်းပြန်တော့လဲ လောင်းတယ်လို့ ရှုမှတ်ပါတယ်။

အဲဒီလို ခန္ဓာကိုယ်နှင့်စပ်ပြီး ထက်ကြပ်မကွာ ရှုမှတ်နေရင်းက မြေပေါ်မှာ စီးဆင်းသွားတဲ့ရေဆီကို စိတ်ရောက်သွားပါတယ်။

ပထမအကြိမ် ခြေပေါ်တွင် သွန်းလောင်းလိုက်တဲ့ ရေဟာ အနည်းငယ် မြေပေါ်သို့စီးသွားပြီး မြေတွင်းဝင်ကာ ပြတ်သွား ပါတယ်။

နှစ်ကြိမ်မြောက် သွန်းလောင်းလိုက်တဲ့ရေဟာ ပထမအကြိမ် ထက်ဝေးတဲ့ မြေအရပ်သို့ စီးသွားပြီး မြေတွင်းဝင်ကာ ပြတ် သွားရပြန်ပါတယ်။

သုံးကြိမ်မြောက် သွန်းလောင်းလိုက်တဲ့ ရေလဲပဲ ဒုတိယ အကြိမ်ထက် သာလွန်ဝေးတဲ့ မြေအရပ်သို့သွားပြီး မြေတွင်း ဝင်ကာ ပြတ်သွားပြန်ပါတယ်။

အဲဒီပဋ္ဌာစာရာထေရီဟာ အဲဒီလိုမြေတွင်းဝင်သည့် အဆင့် သုံးဆင့်ကို ကြည့်ရှုအာရုံပြုပြီး ငါသွန်းလောင်းလိုက်တဲ့ ပထမ အကြိမ် ခြေဆေးရေတွေဟာ မြေတွင်းဝင်ပြီး ခန်းခြောက် ပျောက်ကွယ်သွားကုန်သကဲ့သို့မွေးဖွားလာငြား ဤလောကသား သတ္တဝါများလဲ ပထမအရွယ် ခပ်ငယ်ငယ်၌လဲ သေကြရတယ်၊ ငါ့သား ငါ့သမီးများ သေသွားကြသလိုပေါ့။

ဒုတိယအကြိမ်လောင်းလိုက်တဲ့ ရေများပမာ ဒုတိယအရွယ် အလယ်ပိုင်း၌လည်း သေကြရပါတယ်၊ ငါ့ခင်ပွန်းလင်နှင့် ငါ့ မောင် ငါ့ဖွား သေသွားကြရသလိုပေါ့။

တတိယအကြိမ်လောင်းလိုက်တဲ့ ရေများပမာ တတိယအရွယ် ၌လဲ သေကြရမြဲပါဘဲ၊ ငါ့မိငါ့ဘများ သေသွားကြရသလိုပေါ့၊ အဲဒီလိုပင် ခြေဆေးရေနှင့် ဆက်စပ်ပြီး မရဏာနုဿတိကမ္မဋ္ဌာန်း ဘက် စိတ်ရောက်သွားပါတယ်၊ မရဏာနုဿတိဆိုတော့ သမထ ကမ္မဋ္ဌာန်းပေါ့။

## ဗုဒ္ဓမိန့်ခွန်း ဖြစ်ပျက်ညွှန်း

ဒီအခါမှာ ဗုဒ္ဓမြတ်စွာက ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက် တော်မှာ သီတင်းသုံးတော် မူရင်းကပင် ရောင်ခြည်တော်လွှတ် ပြီး ပဋ္ဌာစာရာထေရီရဲ့ မျက်မှောက်သို့ကြွရောက် ဟောကြား သလိုပင် ဝိပဿနာတရား ရှုမှတ်ပွားရန် သတိပေးဟောကြား တော်မူပါတယ်။

ယောစ ဝဿသတံ ဇီဝေ, အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော, ပဿတော ဥဒယဗ္ဗယံ။

ယောစ-ဗုဒ္ဓုပ္ပါဒ နဝမခေတ် လူလာ့ဖြစ်သူ အကြင်သူသည်ကား၊ ဥဒယဗ္ဗယံ-ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို၊ အပဿံ-အပဿန္တော-မရှုမပွားမသိမမြင်ငြားဘဲ၊ ဝဿသတံ-အနှစ်တစ်ရာတစ်သက်တာ ကာလပတ်လုံး၊ ဇီဝေ-မပျက်အတည်အသက်ရှည်ငြားအံ့၊ တတော-ထိုခန္ဓာငါးပါး ဖြစ်ပျက်များကို မပွားမရှု မသိမှုဖြင့် လူ့ပြည်လူ့ရွာ အနှစ်တစ်ရာ အသက်ရှည်သောသူထက်၊ ဥဒယဗ္ဗယံ-စွဲလမ်းနိုင်ရာ ခန္ဓာငါးပါး ဖြစ်ပျက်များကို၊ ပဿတော-မှန်စွာရှုသော မြင်သောသူ၏၊ ဧကာဟံ- နေ့ရောညပါ တစ်ရက်တာမျှ၊ ဝါ-လက်ဖျစ်တစ်တွက် လျှက်တစ်ပျက်မျှပင်၊ ဇီဝိတံ-ရုပ်နာမ်တွဲဖက် ကြောင်းကျိုးဆက်၍ အသက်ရှည်ခြင်းသည်၊ သေယျော-ဗုဒ္ဓုပ္ပါဒနဝမခေတ် လူဖြစ်ကျိုးနပ် မြင့်မြတ်လှပါပေ၏၊ သေယျော-ဘုရားပွင့်ဆဲ လူလဲဖြစ်လာ ရှင်ဖြစ်မ၍ သဒ္ဓါပြည့်ဝ သဒ္ဓမ္မနာ ခန္ဓာဖြစ်ပျက် မှန်မြင်ချက်ကြောင့် တိုးတက်ဉာဏ်စဉ် နိဗ္ဗာန်ဝင်ကြောင်း အမြင် ကောင်းမို့ နှစ်ထောင်းအံ့ချီး လက်ဖျစ်တီးလောက်အောင် မြတ်ခြင်းကြီးမကာ မြင့်မြတ်လှပါပေသတည်း။

သာဓု....သာဓု....သာဓု....။

အဓိပ္ပာယ်က ဘုရားပွင့်တဲ့ ဒီခေတ်ထဲမှာ လူလာဖြစ်လျက် ခန္ဓာဖြစ်ပျက် ကျင့်မှန်ချက်ကို ပြက်ပြက်ထင်ထင် သိမြင်သူ၏ တစ်ရက်တစ်ခဏမျှ အသက်ရှင်ရခြင်းက ပိုမိုမြင့်မြတ်ပါတယ်တဲ့၊ ဒါကိုတိုတိုနှင့် လိုရင်းသိသာမှတ်သား ဆောင်ထား ရအောင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဒီလို ဆောင်ပုဒ်ရေးသားပြီး ပေးသနားတော် မူထားပါတယ်။

## ဗုဒ္ဓမိန့်ခွန်းတော် ဆောင်ပုဒ်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊
ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊
အမှန်မြင်လျက်၊ ဉာဏ်စဉ်ဘက်၍၊ တစ်ရက်တာမျှ၊
သက်ရှင်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာသည်၊
မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

သာဓု....သာဓု...သာဓု ...။

## ဝိနယတေဒဂ်ရ ရဟန္တာထေရီ

အဲဒီလိုဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ကြားနာရတဲ့ ပဋာစာရာထေရီဟာ သမထဘက်ရောက်နေတဲ့ မိမိရဲ့စိတ်ကို ဝိပဿနာဆီသို့ ဦးတည်ပေးလိုက်ပါတယ်။

ခြေဆေးကျောက်ဖျာပေါ်တွင် ရေအိုးငယ်ကို ကိုင်လျက်က မြတ်ဗုဒ္ဓရဲ့ ရောင်ခြည်တော်နှင့်တကွ လက္ခဏာတော်ကြီးငယ်တို့ဖြင့် အလွန်တင့်တယ်သပ္ပာယ်တော်မူတဲ့ပုံတော်ကိုဖူးမြော်ရတော့ ရေအိုးငယ်ကို မြေတွင်အသာချပြီးမြတ်ဗုဒ္ဓဘက်သို့ မျက်နှာမူပြီး ဒူးတုပ်လျက် လက်အုပ်ချီကာ ထိုင်နေပါလိမ့်မယ်။

တရားတော်ကို နာကြားရင်းပင် "ဖူးမြင်တော့ ဖူးမြင်တယ်၊ ကြားတော့ကြားတယ်၊ ကြည်ညိုတော့ ကြည်ညိုတယ်၊ ဝမ်းသာတော့ ဝမ်းသာတယ်" စသည်ရှုမှတ်ပါလိမ့်မယ်။

ရှုမှတ်ရင်း မြင်မှုရုပ်နာမ်အစဉ်၊ ကြားမှုရုပ်နာမ်အစဉ်၊ ကြည်ညိုမှု ရုပ်နာမ်အစဉ်၊ အေးမှုပူမှုရုပ်နာမ်အစဉ်တို့ရဲ့ ဖြစ်ပေါ်ပျောက်ပျက်ပုံ၊ မမြဲပုံ ဆင်းရဲပုံ၊ အတ္တမဟုတ်ပုံများကို သိမြင်ပြီးတော့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ကိလေသာကုန်ခန်း ရဟန္တာဖြစ်တော်မူပါတယ်။

ဒါကြောင့် ဓမ္မပဒအဋ္ဌကထာမှာ ဒီလိုဖေါ်ပြထားပါတယ်၊ ဒေသနာဝသာနေ-ဗုဒ္ဓမြတ်စွာ၏ ဒေသနာအဆုံး၌၊ ပဋ္ဌာစာရာ-အမှန်ကျင့်ပွား ထင်ရှားသော အကျင့်မှန်ရှိသူ ပဋ္ဌာစာရာထေရီမယ်သည်၊ သဟ ပဋိသမ္ဘိဒါဟိ-ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ၊ အရဟတ္တံ- အရဟတ္တ မြတ်ဖလကို ရောက်ရမှန်စွာ ရဟန္တာ၏ အဖြစ်သို့၊ ပါပုဏိ-ခန္ဓာဖြစ်ပျက် ဉာဏ်စဉ်တက်၍ တိုးတက်တောက်လျှောက် ဆိုက်ရောက်တော် မူပါပေသတည်း။

သာဓု...သာဓု...သာဓု...။

အဲဒီလို ရဟန္တာထေရီရှင်မကြီးဖြစ်ပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားရှင်က သာသနာတော်တွင် ဝိနည်း ဆောင်သူတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကိုလဲ ချီးကျူးပေးသနားတော် မူပါတယ်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ
ဝိနယဓရာနံ ယဒိဒံ ပဋ္ဌာစာရာ။

ဘိက္ခဝေ - ရဟန်းတို့၊ မမ - သင်တို့ကိုးစား ငါဘုရား၏၊ သာဝိကာနံ-အဆုံးအမသာသနာ ကျင့်သိက္ခာကို လိုက်နာကျင့်ပွား တပည့်မများဖြစ်ကြကုန်သော၊ ဝိနယဓရာနံ-ဥပဒေဝိနည်းအကျင့်စည်းကို ဆောင်ကုန်သော၊ ဘိက္ခုနီနံ - အမျိုးသမီးရဟန်းတော်များတွင်၊ ယဒိဒံ ယာအယံ ပဋ္ဌာစာရာ- အကြင်ပဋ္ဌာစာရာထေရီရှင်မသည်၊ အတ္ထိ-ရှိ၏၊ ဧသာ သော ပဋ္ဌာစာရာ-ထိုပဋ္ဌာစာရာသည်၊ အဂ္ဂံ အဂ္ဂါ-အမြတ်ဆုံး အသာဆုံး အထူးဆုံးဖြစ်ပါပေသတည်း။

သာဓု....သာဓု....သာဓု....။

ဒီလိုထူးချွန်စွာ ကျတ်တမ်းဝင်ပြီး တေဒဂ်ဂုဏ်ထူးကို ဆွတ်ခူးပန်ဆင်မှာကို မြင်တော်မူတဲ့ မြတ်စွာဘုရားဟာ ဇေတဝန်တရားပွဲကို သူ့အတွက် သီးသန့်ကျင့်ပတော်မူတာပါဘဲ။

## ငိုကြွေးကင်းရန် သတိပဋ္ဌာန်တရားတော်

ဒီတရားတော်ရဲ့ အနှစ်သာရပိုင်းကို ထုတ်ဆိုရယင် ငိုကြွေးဆင်းရဲခြင်းကို အပြတ်ရှင်းပြီး ဇာတ်သိမ်းသွားသူ ပဋ္ဌာစာရာဟာဘယ်တရားကို ကျင့်သွားလို့လဲ၊ သတိပဋ္ဌာန်တရားတော်ကို ကျင့်သွားလို့ပါဘဲ၊ ဟုတ်ပါတယ်၊ဒါကြောင့် ဓေဓေဝက ဟောခဲ့တဲ့အတိုင်းပင် ဘုရားရှင်က ဒီလိုဟောကြားထားတော်မူပါတယ်။

အယံ မဂ္ဂေါ-စွဲမြဲသော အမှတ်ရမှုသတိ စွဲမြဲမှုဟူသော ဤသတိပဋ္ဌာန် အကျင့်လမ်းသည်၊သောကပရိဒေဝ ါနံ-စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်းတို့ကို၊ သမတိက္ကမာယ-ကောင်းစွာကျော်နင်း လွန်မြောက်ခြင်းငှာ၊ ဧကာယနော - တစ်ကြောင်းတည်းသော လမ်းမှန်ပါပေတည်း၊ ဧကာယနော - လမ်းခွဲလမ်းမှာတခြားမှာသွားစရာမရှိ သည်တစ်လမ်းသာရှိသည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် အမိန့်ရှိကြေညာတော်မူသည့် ဧကာယနတစ်ခုတည်းသောလမ်း တစ်ကြောင်းတည်းသော လမ်းပါပေတည်း။

သာဓု....သာဓု....သာဓု....။

ဒီ သတိပဋ္ဌာန်လမ်းဟာ စိုးရိမ်ငိုကြွေးမှုတို့ကို လွန်မြောက်ဖို့ရာ တစ်ကြောင်းတည်းသော လမ်းမှန်ပါတဲ့၊ အဲဒါကို အကျဉ်းချုပ်မှတ်သားရအောင် ဒီဆောင်ပုဒ်ကို ဆိုကြည့်ကြပါဦး။

၁။ ငိုကြွေးမှုကို, ကင်းစေလို, ဘယ်လမ်းစဉ်ကို လိုက်ရမယ်။

၂။ ငိုကြွေးမှုကို, ကင်းစေလို, သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။

မှန်ပါ့တယ်၊ ဒီသတိပဋ္ဌာန်တရားကို ပွားများအားထုတ်သူ ပေါက်ရောက်သူမှန်သမျှ ငိုကြွေးဆင်းရဲမှ ကင်းလွတ်ပြီး နိဗ္ဗာန် ဆိုက်ရောက်သွားကြရတာ ချည်းပါဘဲ၊ ယခု ဟောပြခဲ့တဲ့ မယ် ပဋ္ဌာဟာ မြတ်ဘုရား ဟောကြားတော်မူတဲ့ သတိပဋ္ဌာန်တရား ကျင့်ပွားသူတို့ စိုးရိမ်ငိုကြွေး ဆင်းရဲများကို လွန်မြောက်ကြရ တယ် ဆိုတာကို ထင်ရှားစေသူပါဘဲ၊ သတိပဋ္ဌာန်တရားကို ပွား ယင် ငိုကြွေးကင်းတယ်ဆိုရာတွင် မယ်ပဋ္ဌာဟာ စံပြပါဘဲ၊ ဟုတ် တယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာလဲ ဒီလို သာဓက ထုတ်ပြထားပါတယ်။

## အဋ္ဌကထာဆရာ၏ ထောက်ခံချက်သာဓက

သောကပရိဒေဝါနံ သမတိက္ကမာယာတိ သောက- ဿစ ပရိဒေဝဿစ သမတိက္ကမာယ ပဟာနာယာတိ အတ္ထော၊အယဉှိ မဂ္ဂေါ ဘာဝိတော သန္တတိ မဟာမတ္တာ ဒီနံဝိယ သောကသမတိက္ကမာယ ပဋ္ဌာစာရာဒီနံ ဝိယ သောက ပရိဒေဝ သမတိက္ကမာယ သံဝတ္တတိ။ တေနာ ဟ "သောက ပရိဒေဝါနံ သမတိက္ကမာယာ"တိ။

သောကပရိဒေဝါနံ သမတိက္ကမာယာတိ - စိုးရိမ်မှုသောက ငိုကြွေးမှု ပရိဒေဝတို့ကို ကောင်းစွာလွန်မြောက်ခြင်းငှာ၊ (အယံ မဂ္ဂေါ - ဤသတိပဋ္ဌာန်လမ်းသည်၊ ဧကာယနော-တစ်ကြောင်း တည်းသော လမ်းမှန်တည်း။) ဟူသည်ကား၊ သောကဿစ - ရှေ့ရေး နောက်ရေး ထောက်တွေးညှိုးမှိန် ပူဆွေးရှိန်ဖြင့် စိုးရိမ် ခြင်းသောကကို လည်းကောင်း၊ ပရိဒေဝဿစ - မျက်ရည်တစိုစို နဲ့ ရင်ဖိုလှိုက်ဆွေး ငိုကြွေးခြင်း ပရိဒေဝကို လည်းကောင်း၊ သမတိက္ကမာယ - ကောင်းစွာကျော်နင်း လွန်မြောက်ခြင်းငှာ၊ ပဟာနာယ - ပယ်ခြင်းငှာ၊ အယံမဂ္ဂေါ-ဤသတိပဋ္ဌာန် အကျင့် လမ်းသည်၊ ဧကာယနော - တစ်ကြောင်းတည်းသော လမ်းမှန်

တည်း၊ ဉ္ဇတိအယံ - ဤသည်ကား၊ အတ္တော - မြတ်စွာဘုရား ဟောကြားတော် မူခြင်း၏ လိုရင်းအနက်ပါပေတည်း။

ဟိသစ္စံ - ထိုစကားသည် မမှားကောန် မှန်လှပါပေ၏၊ ဘာ-ဝိတော - ဒွါရနှင့် အာရုံဆုံတိုင်း မဆိုင်းပေါ်လတ် ရုပ်နာမ် နှစ်ရပ်ကို မပြတ်ရှုမှတ်ပွားများ စေအပ်သော၊ အယံမဂ္ဂေါ - ဤသတိပဋ္ဌာန် အကျင့်လမ်းသည်၊ သန္တတိမဟာမတ္တာဒီနံ - သန္တတိအမတ်ကြီး စသည်တို့၏၊ သောကသမတိက္ကမာယ-စိုးရိမ် ပူဆွေးခြင်းကို လွန်မြောက်ခြင်းငှာ၊ သံဝတ္တတိဝိယ - ဖြစ်သကဲ့ သို့ လည်းကောင်း၊ ပဋာစာရာဒီနံ-ပဋာစာရီ အစရှိသည်တို့၏၊ သောကပရိဒေဝ သမတိက္ကမာယ-မျက်ရည်တစိုစိုနှင့် ငိုကြွေးခြင်း ကို ကောင်းစွာကျော်နင်း လွန်မြောက်ခြင်းငှာ၊ သံဝတ္တတိဝိယ- ဖြစ်သကဲ့သို့ လည်းကောင်း၊ သောကပရိဒေဝါနံ - သောက ပရိဒေဝတို့ကို၊ သမတိက္ကမာယ - ကောင်းစွာကျော်နင်း လွန် မြောက်ခြင်းငှာ၊ သံဝတ္တတိ - ဖြစ်ပါပေ၏၊ တေန-ထို့ကြောင့်၊ သောကပရိဒေဝါနံ သမတိက္ကမာယာတိ - သောကပရိဒေဝါနံ သမတိက္ကမာယ ဟူ၍၊ အာဟ-ဘုရားမြတ်စွာ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေသတည်း။

သာဓု....သာဓု... သာဓု....။

ဒီအဋ္ဌကထာဆရာ ထောက်ခံချက် သာဓကဝတ္ထုနှစ်မျိုးတို့ တွင် သောကကင်းဝေးပုံ သာဓက သန္တတိအမတ်ကြီး ဝတ္ထု ကိုတော့ (သောကကင်းဝေး ငြိမ်းချမ်းအေးတရားတော်) တွင် ဟောကြားခဲ့ပါပြီ။

ငိုကြွေးကင်းပုံ သာဓက ပဋာစာရာ ဝတ္ထုဇာတ်လမ်းကိုလဲ သတိပဋ္ဌာန်ရှုပုံ ဉာဏ်ဖြစ်ပုံနှင့်တကွ ဟောကြားတာကိုလဲ ယခု နာကြားခဲ့ကြရပါပြီ၊ ဒါကြောင့် ယခု တရားနာများအား တစ်သက်လုံးသုံးဖို့ အိမ်ပြန်လက်ဆောင် ငိုကြွေးကင်းရန် သတိ

ပဋ္ဌာန် တရားအလုပ်ကို ယခုလက်တွေ့ ငါးမိနစ်လောက် အား ထုတ်ပြီး တရားပွဲသိမ်းကြရအောင်ပါ။

## မဟာစည် သတိပဋ္ဌာန် ဝိပဿနာရှုနည်း

၁။ တင်ပျဉ်ခွေကာ, ဒူးတုပ်ပါ, ဝမ်းမှာသတိယှဉ်။

၂။ ဖောင်းတယ် ပိန်တယ်, ရှုမှတ်ကွယ်, နှစ်သွယ်ရုပ်နာမ် ပင်။

၃။ တင် ပခုံး ခါး, စဉ်သုံးပါး, ထိုင်ခါး ဖြောင့်စေချင်။

၄။ မျက်စိမှိတ်လေ, ခေါင်းတည့်နေ, ငြိမ်စေ ကိုယ်စိတ် ပင်။

၅။ မြင်ယင် မြင်တယ်, မှတ်ရမယ်, ပျောက်ကွယ် ဖောင်း ပိန်ဝင်။

၆။ ကြား နံ စား ထိ, စိတ်ကူးရှိ, မှတ်သိ ရှေးနည်းမင်။

၇။ သမာဓိယှဉ်, ဖြစ်ပျက်မြင်, ဉာဏ်စဉ်တက်၍ မဂ်ဖိုလ် ဝင်။

ကဲ-အမျိုးသားတွေက တင်ပျဉ်ခွေထိုင်ပါ၊ အမျိုးသမီးတွေ က ဒူးတုပ်ထိုင်ပါ၊ တင်ပျဉ်ခွေ ဒူးတုပ်လျက် အပေါ်မှာ ဘယ် လက်ဝါးကို အောက်ကလှန်ပြီးခံပါ၊ညာလက်ဝါးကို အထက်က လှန်ပြီး ထပ်တင်ထားပါ၊ တင်ပါးရယ်, ပခုံးရယ်, ခါးရယ် သုံးမျိုးလုံး တန်းနေအောင် ဖြောင့်ဖြောင့် မတ်မတ်ထားပါ၊ မျက်စိကိုလဲ မှိတ်ပြီး ခေါင်းကိုလဲတည့်တည့်ထားပါ၊ ကိုယ်ရော စိတ်ပါ ငြိမ်ငြိမ်ထားပါ၊ အထူးအားဖြင့် စိတ်ကို ဝမ်းဗိုက်ဆီသို့ ညွှတ်ထားပါ။

အသက်ရှုတိုင်း ရှိုက်တိုင်း လှုပ်ရှားလာတဲ့ ဝမ်းဗိုက်ကို စိတ် စိုက်ပြီး စိတ်ဖြင့်ပင် "ဖောင်းတယ်, ပိန်တယ်"လို့ ရှုမှတ်ပါ၊ ရှုမှတ်နေရင်း စိတ်ထွက်သွားယင်လဲ "စိတ်ကူးတယ်, စဉ်းစား

တယ်''စသည်ဖြင့် ရှုမှတ်ပါ၊ ပြီးလို့ စိတ်ငြိမ်သွားယင် ''ဖောင်းတယ်, ပိန်တယ်''ကို ပြန်မှတ်ပါ။

ကိုယ်တွင်းက ယားတာ, နာတာ, ကျင်တာ, အောင့်တာ ပေါ်လာယင်လဲ ''ယားတယ်, နာတယ်, ကျင်တယ်, အောင့်တယ်''လို့ ရှုမှတ်ပါ၊ ပျောက်သည်အထိ ရှုမှတ်ပါ၊ အဲဒါ ပျောက်သွားယင် ''ဖောင်းတယ်, ပိန်တယ်''ကိုပင် ပြန်လည် ရှုမှတ်ပါ။

မြင်တာ, ကြားတာ, နံတာတွေပေါ်ယင် ပေါ်ရာပေါ်ရာကို စိုက်ပြီး ''မြင်တယ်, ကြားတယ်, နံတယ်''လို့ မှတ်ပါ၊ ပျောက်သွားယင် ''ဖောင်းတယ်, ပိန်တယ်''ကို ပြန်မှတ်ပါ၊ ပါးစပ်ထဲက တံတွေးတွေများလာယင်လဲ ''တံတွေးများတယ်, လုံးချင်တယ်, လုံးတယ်, မျိုတယ်''စသည်ဖြင့် ရှုမှတ်ပါ၊ ပြီးယင် ''ဖောင်းတယ်, ပိန်တယ်''ကို ပြန်မှတ်ပါ။

အထူးရှုမှတ်စရာမရှိယင် ''ဖောင်းတယ်, ပိန်တယ်''ကိုသာ ရှုမှတ်နေပါ၊ တခြား မြင်တာ, ကြားတာ စသည်ပေါ်လာယင် ပေါ်ရာပေါ်ရာကို စူးစိုက်လိုက်မှတ်ပါ၊ အချိန် ၅-မိနစ်စေ့ယင် ပြောပါမည်၊ ကိုင်း ဆိတ်ငြိမ်စွာ အားထုတ်လိုက်ကြပါဦး။

ကဲ-၄ါးမိနစ်စေ့ပါပြီ။

## အကျိုးပြ

အဲဒီလို ရှုမှတ်ရတာနှင့် ပတ်သက်ပြီး ဘယ်လိုအကျိုးများကို ရနိုင်ပါသလဲဆိုယင် ပုဗ္ဗဘာဂဝိပဿနာမဂ္ဂင် ၈-ပါးကိုလဲ ရှုမှတ်ရင်း ကိစ္စပြီးမြောက်သောအားဖြင့် ရရှိနိုင်ကြပါတယ်။

၁။ ရှုမှတ်စရာ အာရုံပေါ် သတိကလေးရောက်သွားအောင် တင်ပို့တာက သမ္မာသင်္ကပ္ပမဂ္ဂင်-တဲ့။

၂။ ရှုမှတ်နေတာက သမ္မာသတိမဂ္ဂင်-တဲ့။

၃။ ကြောင့်ကြစိုက် အားထုတ်နေတာက သမ္မာဝါယာမ မဂ္ဂင်-တဲ့။

၄။ တစ်မှတ်နှင့်တစ်မှတ် သတိနှင့်အသိ ကပ်ကပ်ပြီး တည်ငြိမ်တာက သမ္မာသမာဓိမဂ္ဂင်-တဲ့။

၅။ ရှုမှတ်စရာ အာရုံကတခြား၊ ရှုမှတ်သိတာက တခြား၊ အဲဒီလို အသိလေးတွေ ကွဲပြားသိတာက သမ္မာဒိဋ္ဌိမဂ္ဂင်-တဲ့။

ဒီမဂ္ဂင် ငါးမျိုးကို ကာရက (အလုပ်သမား) မဂ္ဂင်လို့ ခေါ်တယ်။

၆။ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ပြီး မှန်စွာပြောတဲ့ သမ္မာဝါစာမဂ္ဂင်။

၇။ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ပြီး မှန်စွာပြုလုပ်တဲ့ သမ္မာကမ္မန္တမဂ္ဂင်။

၈။ အများကိုထိခိုက်စေတဲ့ မှားယွင်းသော အသက်မွေးမှု မိစ္ဆာဇီဝမှရှောင်ကြဉ်ပြီး အပြစ်ကင်းစွာ မှန်ကန်သော အသက်မွေးမှုဖြင့် အသက်မွေးမှု သမ္မာအာဇီဝမဂ္ဂင်။

ဒီသီလမဂ္ဂင် သုံးမျိုးလုံးကတော့ တရားနာခါနီး သီလဆောက်တည်ပြီးကတည်းက ပြည့်စုံနေပါတယ်၊ တရားရှုမှတ်စဉ်မှာလဲ သီလဝိသုဒ္ဓိအနေနဲ့ ပါဝင်နေကြပါတယ်။

ဒါကြောင့် တစ်မှတ် မှတ်လိုက်ယင် မဂ္ဂင် ၈-ပါး၊ တစ်မှတ်မှတ်လိုက်ယင် မဂ္ဂင် ၈-ပါး တရားတွေလဲ ကိစ္စပြီးသော အားဖြင့် ပါဝင်နေကြပါတယ်၊ အရိယမဂ်ရဲ့ ရှေ့ပြေး ပုဗ္ဗဘာဂဝိပဿနာမဂ္ဂင်တွေပါ၊ ဝမ်းမြောက်ဖို့ကောင်းပါတယ်၊ ဒါတွေပြည့်စုံယင် နိဗ္ဗာန်ကိုမျက်မှောက်ပြု သိမြင်သွားနိုင်ပါတယ်။

ညစဉ်ညစဉ်အိပ်ရာဝင်မှာ ပြုဖွယ် လောကီကိစ္စများ ပြီးယင် သီလဆောက်တည်ပြီး ဒီတရားကို ၅-မိနစ်၊ ၁၀-မိနစ်၊ မိနစ် ၃၀-စသည် ရှုမှတ်နိုင်သမျှ ရှုမှတ်သွားကြမယ်ဆိုယင် ကောင်း သောအိပ်ခြင်း, ကောင်းသောနိုးခြင်း, လောကဓံကောင်းဆိုး ကို သည်းခံနိုင်ခြင်း, ဝိပဿနာဉာဏ်များ ပွားများခြင်း အကျိုး များကို မုချရနိုင်ကြပါတယ်။

(ဒီသတိပဋ္ဌာန်တရားကို ပွားများအားထုတ်ခြင်းဖြင့်-

၁။ စိတ်ညစ်ကင်းမယ်၊

၂။ စိုးရိမ်ကင်းမယ်၊

၃။ ငိုကြွေးကင်းမယ်၊

၄။ ကိုယ်ဆင်းရဲကင်းမယ်၊

၅။ စိတ်ဆင်းရဲကင်းမယ်၊

၆။ အရိယမဂ်ကိုရမယ်၊

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်-

ဆိုတဲ့ အကျိုး ၇-မျိုးကိုလဲ ရရှိနိုင်ပါတယ်။

ဒီသတိပဋ္ဌာန်တရားကို ပွားများအားထုတ်ခြင်းဖြင့်၊ ၇-ရက် မှ ၇-နှစ်အတွင်း အနာဂါမ် ရဟန္တာဖြစ်နိုင်ပါတယ်တဲ့၊ ဒါဟာ မြတ်စွာဘုရား ကိုယ်တော်တိုင်း မိန့်ကြားတော်မူချက် ဖြစ်ပါ တယ်၊) ကဲ-တရားပွဲသိမ်းကြရအောင် အားလုံးလက်အုပ်ချီကြ ပါ။

## ဓမ္မာနုဓမ္မပဋိပတ် ဘုရားရှိခိုး

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

၁။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ်ပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏။

၂။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ)အကျင့်မြတ် ပဋိပတ်ဖြင့် တရားတော်မြတ်ကို ပူဇော်ပါ၏။

၃။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ် ပဋိပတ်ဖြင့် သံဃာတော်မြတ်ကို ပူဇော်ပါ၏။

## အမိဋ္ဌာန်ပါဠိ

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

## မြန်မာပြန်

အကျွန်ုပ်သည် ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ် ပဋိပတ်ဖြင့် အိုဘေးဆိုးကြီး (နာဘေးဆိုးကြီး) သေဘေးဆိုးကြီးမှ အမြဲကေန် လွတ်မြောက်ရတော့မှာပါတကား။

## ဆုတောင်း

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

## မြန်မာပြန်

အကျွန်ုပ်၏ ဤကောင်းမှုသည် နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း။

## အမျှဝေလို့ မေတ္တာပို့

ဣဒံ မေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမိ။

အကျွန်ုပ်၏ ဤကောင်းမှု ကုသိုလ်အဖို့ကို အားလုံးသော သတ္တဝါတို့အား အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏။

အားလုံးသော သတ္တဝါတို့သည် အမျှရကြ၍ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျန်းမာချမ်းသာ ကိုယ်စိတ်နှလုံး ကောင်းစွာဆောင်ရွက်နိုင်ကြပါစေ။

သာဓု...သာဓု... သာဓု....။

ငိုကြွေးကင်းရန် သတိပဋ္ဌာန် တရားတော်

ပြီးပါပြီ။

# သတိပဋ္ဌာန်ကြေးကြော်သံတရားတော် တတိယပိုင်း အတွက်

## ဓမ္မဒါန စာအုပ်အလှူရှင်များ

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေ ကျပ် |
|---|---|---|---|
| ၁။ | မစိမ့်စမ်းဝါ(ကျောင်းသူ)C.I.Dဝင်း အင်းစိန်။ | ၁ | ၁၂ |
| ၂။ | ဦးဝင်းဖေ-ဒေါ်မူမူအေး မိသားစု၊ ၁၉/B မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။ | ၁ | ၁၂ |
| ၃။ | ဒေါ်တင်ဟန် မိသားစု၊ အမှတ် ၅၅၊ ဦးဘဟန်လမ်း၊ ၂-ရပ်ကွက်၊ သမိုင်း။ | ၁ | ၁၂ |
| ၄။ | ဦးမောင်မောင်ကြီး တ/ဆ စန်ရဒ (ကေ-ဘဒ္ဒဝါး) အမှတ် ၈၄၊ ၁-လမ်း၊ ကြေးတိုင်စု၊အင်းစိန်ရန်ကုန်။ | ၅ | ၆၀ |
| ၅။ | ဦးလှရွှေ-ဒေါ်တင်အေး မိသားစု၊ အမှတ် ၅၂၁၊ ကိုဟင်းလမ်း၊ ကြို့ကုန်းအနောက်၊ အင်းစိန်။ | ၅ | ၆၀ |
| ၆။ | ဦးလှတင် မိသားစု၊ အမှတ် ၈၊ ဈေးကလေး ၅-လမ်း၊ ကြည့်မြင်တိုင်။ | ၂ | ၂၄ |
| ၇။ | ဒေါ်ခင်ရီ မိသားစု၊ အမှတ် ၄၃၈၊ ဘိုလိန်းလမ်း၊ ကျောက်မြောင်း။ | ၁ | ၁၂ |
| ၈။ | ဦးလှိုင်ဝင်း မိသားစု၊ ၁၉-မဟာဆွေလမ်းသွယ် ၁၊ သမိုင်း။ | ၁ | ၁၂ |
| ၉။ | ဒေါ်စောခင် မိသားစု၊ ဆိဓ်မရွာ၊ ဘိုကလေးမြို့နယ်။ | ၁ | ၁၂ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေ ကျပ် |
|---|---|---|---|
| ၁၀။ | ဦးထွန်းမြိုင်-ဒေါ်လှကြည် မိသားစု၊ အမှတ် ၂၀၄၊ ၂-လမ်း၊ ဒေါပုံ။ | ၁ | ၁၂ |
| ၁၁။ | ဦးလှကြည်-ဒေါ်အေးရီ တူမ မခင်ဌေး နေနတ်သား လက်ဖက်ခြောက်တိုက်၊ စည်ပင်သာယာလမ်း၊ ဟင်္သာတမြို့။ | ၁၀ | ၁၂၀ |
| ၁၂။ | ဒေါ်အုံးမေ မိသားစု၊ အမှတ် ၅၃၅၊ မင်းကြီးလမ်း၊ ဆင်းစိန်ရွာမ။ | ၂ | ၂၄ |
| ၁၃။ | ဦးကျော်သိန်း-ဒေါ်သန်းသန်းစိန် မိသားစု၊ (လှလှနွယ်ရွှေဆိုင်)၊ ၂-ရုံ၊ အင်းစိန်ဈေး။ | ၃ | ၃၆ |
| ၁၄။ | ဦးအေးမောင်-ဒေါ်ကျင် မိသားစု၊ အမှတ် ၂၅၇၊ B.P.I.လမ်း၊ ကြို့ကုန်းအနောက်၊ အင်းစိန်။ | ၁ | ၁၂ |
| ၁၅။ | ဒေါ်ခင်ဝင်း မိသားစု၊အမှတ် ၅၀၊ ခ-၃-လမ်း၊ မြို့သစ်၊ အင်းစိန်။ | ၂ | ၂၄ |
| ၁၆။ | ဒေါ်ကျင်မြိုင် မိသားစု၊အမှတ် ၅၄/က၊ ဝါဦး ၄-လမ်း၊ ဖော့ကန် အင်းစိန်။ | ၁ | ၁၂ |
| ၁၇။ | ဦးစိန်အောင်-ဒေါ်မြမြ မိသားစု၊ တိုက် ၄၊ အခန်း ၂၊ကြို့ကုန်းရိပ်သာ။ | ၁ | ၁၂ |
| ၁၈။ | ကိုလှဆန်း-မလှလှဝင်း မိသားစု၊ အမှတ် ၂၆၄၊ B.P.I. လမ်း၊ ကြို့ကုန်းအနောက် အင်းစိန်။ | ၂ | ၂၄ |
| ၁၉။ | ဒေါ်လှခင် မိသားစု၊ အမှတ် ၄၀၊ ၂၁-လမ်း၊ လသာမြို့နယ်။ | ၁ | ၁၂ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေကျပ် |
| --- | --- | --- | --- |
| ၂၀။ | ဦးလှရွှေ-ဒေါ်ကျင်လှ မိသားစု၊ ၁၂၄-ဘုန်းကြီးလမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။ | ၁ | ၁၂ |
| ၂၁။ | ဒေါ်သန်း မိသားစု၊ ဝါဝါဝင်းလမ်း၊ သမိုင်း။ | ၁ | ၁၂ |
| ၂၂။ | ဦးသိန်းလွင်-ဒေါ်စန်း မိသားစု၊ အမှတ် ၃၂၊ ဝါဝါဝင်းလမ်း၊ သမိုင်း။ | ၁ | ၁၂ |
| ၂၃။ | ဒေါ်ခင်ဆင့် မိသားစု၊ C.I.D ဝင်း၊ အင်းစိန်။ | ၁ | ၁၂ |
| ၂၄။ | ဒေါ်ခင်ခင်ပု မိသားစု၊ C.I.D ဝင်း၊ အင်းစိန်။ | ၁ | ၁၂ |
| ၂၅။ | ဒေါ်အေးအေး မိသားစု၊ ကွက်သစ် ၁-လမ်း၊ အင်းစိန်။ | ၁ | ၁၂ |
| ၂၆။ | ဒေါ်ခင်ဆွေမြ သမီး မမိုးခင်မမုံး တိုက် ၂၁၊ အခန်း A(၁)၊ သံလမ်း၊ လှိုင်မြို့နယ်။ | ၃ | ၃၆ |
| ၂၇။ | ဦးသုမန+ဦးအာစိဏ္ဏ ကျိုက္ကလဲ့၊ ရွှေကျင်ကျောင်း၊ မင်္ဂလာဒုံ။ | ၅၀ | ၆၀၀ |
| ၂၈။ | ဦးဘမြင့်-ဒေါ်သိန်းလှ မိသားစု၊ တပ်မတော်စံပြရပ်ကွက်၊ မင်္ဂလာဒုံ။ | ၅ | ၆၀ |
| ၂၉။ | ဦးတေဇ+ဦးဝဏ္ဏ သိမ်ကုန်း တပ်ဦးကျောင်း၊ မင်္ဂလာဒုံ။ | ၃၀ | ၃၆၀ |
| ၃၀။ | အမိ ဒေါ်လှသိန်းအား ရည်စူး၍ ဦးသောင်း-ဒေါ်တူး မိသားစု၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံ။ | ၅၀ | ၆၀၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေ ကျပ် |
|---|---|---|---|
| ၃၁။ | ဦးလှမောင်-ဒေါ်စိန်ရီနှင့်ယောဂီများ ကျိုက္ကလဲ့တရားရိပ်သာ၊ မင်္ဂလာဒုံ။ | ၇ | ၈၄ |
| ၃၂။ | ဦးမင်းဒင်-ဒေါ်တင်ဥ မိသားစု၊ ရန်ကုန်တိုင်း၊စစ်ဌာနချုပ်၊မင်္ဂလာဒုံ။ | ၈ | ၉၆ |
| ၃၃။ | ကွယ်လွန်သူ မိခင်ကြီးအား ရည်စူး၍ ဦးမောင်ရွှေ ဒေါ်အေးအေး မိသားစု၊ အမှတ် ၈၄၊ ကြေးတိုင်စု ၁-လမ်း၊ ပိန္နဲကုန်း၊ အင်းစိန်။ | ၃ | ၃၆ |
| ၃၄။ | ဦးစံရင်-ဒေါ်စန်းမေ မိသားစု၊ အမှတ် ၃၂၃၊ ကျုံးကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ | ၉ | ၁၀၈ |
| ၃၅။ | ဗိုလ်မှူးကြီးကျော်စိုး အမှတ် ၇၂၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။ | ၅ | ၆၀ |
| ၃၆။ | ဆရာတော်ဦးဝိစာရ၏ တပည့်များ ဘုံကျော်မဟာစည် သာသနာ့ရိပ်သာ၊ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် တကောင်းဘုရားလမ်း၊ ပုသိမ်မြို့။ | ၁၀၀ | ၁၂၀၀ |
| ၃၇။ | ဦးမျိုးလွင်-ဒေါ်သန်းဌေး မိသားစု၊ C/25 R.1.T ဝင်း၊ ကြို့ကုန်း၊ အင်းစိန်။ | ၁ | ၁၂ |
| ၃၈။ | ဒေါ်စိန်ပု၊ ဒေါ်စိန်ရင်၊ ဒေါ်ကျင်တူး ၂၈-လမ်း၊ ဂေါ်ဖီခြံ၊ ပြူးမြို့။ | ၂ | ၂၅ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေ ကျပ် |
|---|---|---|---|
| ၃၉။ | ဦးခင်မောင်လေး-ဒေါ်ညိုညိုခင် မိသားစု၊(ရုပ်ရှင်သစ္စာ)၊တိုက် ၁၂၊ အခန်း ၁၊ တော်ဝင်လမ်း၊သုဝဏ္ဏမြို့။ | ၁၀ | ၁၂၀ |
| ၄၀။ | ဒေါ်ခမ္မဒိန္နာ မင်းကွန်းတောရကျောင်းတိုက်၊ အင်းစိန်၊ ရန်ကုန်မြို့။ | ၁ | ၁၂ |
| ၄၁။ | ဆရာမဒေါ်လှလှနှင့်သားသမီးများ ဘုရားကြီးလမ်း၊ မုံရွာမြို့။ | ၁၀ | ၁၂၀ |
| ၄၂။ | ဒေါ်ခင်ပို မိသားစု၊ ဒု-မြို့နယ်မှူး သ/မ ဦးစိုးဌာန္န၊ရွှေဘိုမြို့။ | ၁ | ၁၂ |
| ၄၃။ | ဒေါ်ခင်ညို မိသားစု၊ စော်ဘွားကြီးကုန်းလမ်းဆုံ၊ ပြည်လမ်း၊ အင်းစိန်။ | ၁ | ၁၂ |
| ၄၄။ | ဦးတင်နွယ်-ဒေါ်သန်းရီ မိသားစု၊ မူဆာတန်း၊ သထုံမြို့။ | ၁ | ၁၂ |
| ၄၅။ | ဒေါ်မြင့်မြင့်သန်း၊ဒေါ်ထွန်းမြင့်၊ ဒေါ်နုနု C,I.D ဝင်း၊ အင်းစိန်။ | ၅ | ၆၀ |
| ၄၆။ | ရှင်စန္ဒိမာ (ပခုက္ကူ) ညောင်ကန်အေး သာသနာ့ရိပ်သာ။ | ၅ | ၆၀ |
| ၄၇။ | ဒေါ်တင်တင်လှိုင် မိသားစု၊ အမှတ် ၁၃၇၊ ပန်းဘဲတန်းလမ်း၊ ဈေးရပ်၊ သရက်မြို့။ | ၃ | ၃၆ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေကျပ် |
|---|---|---|---|
| ၄၈။ | မိဘနှစ်ပါးအားရည်စူး၍ သမီး ဒေါ်တင်တင်အေး(ကျွဲသက်န်းတိုက်) အမှတ် ၄/၅၊ ကြေးသွန်းဘုရား၊ တိုက်တန်းကြား၊ တောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ | ၅ | ၆၀ |
| ၄၉။ | ဦးပေါ်ထွန်း-ဒေါ်စန်းစန်းနွဲ့ G.T.I ကျောင်း၊ ပြည်မြို့။ | ၁ | ၁၂ |
| ၅၀။ | ဒေါ်သင်းကြည် မိသားစု၊ သန်လျင်မြို့။ | ၁၀ | ၁၂၀ |
| ၅၁။ | ဦးထွန်းကြည်-ဒေါ်ယဉ်ကြည် မိသားစု၊ အမှတ် ၅၇၇၊ လှိုင်မြစ်လမ်း၊ ပေါက်တော၊ အင်းစိန်။ | ၅ | ၆၀ |
| ၅၂။ | ဦးဘိန်ကူ-ဒေါ်ယဉ်ယဉ်နှင့်သားများ အောင်မင်္ဂလာလမ်း၊ မရမ်းကုန်း။ | ၅ | ၆၀ |
| ၅၃။ | ဦးကောဏ္ဍည ညောင်ကန်အေး သာသနာ့ရိပ်သာ။ | ၅ | ၆၀ |
| ၅၄။ | ဆရာတော်ဦးဝိမလ၏တပည့်များ ဆာပါကျောင်း၊ ရွာထောင်ရပ်ကွက်၊ မြေထဲမြို့၊ မကွေးတိုင်း။ | ၁၀ | ၁၂၀ |
| ၅၅။ | ထီလာ ဦးသိရိဓမ္မ တိုက် ၅၊အခန်း ၂၊ မဟာစည်သာသနာ့ရိပ်သာ။ | ၈ | ၁၀၀ |
| ၅၆။ | ဦးစိုးဝင်း-ဒေါ်တင်လှ မိသားစု၊ မီးခံဘိလပ်မြေ စက်ရုံဝင်း၊ အလုံ။ | ၅ | ၆၀ |
| ၅၇။ | ဦးလှငွေ-ဒေါ်စိန်တင် မိသားစု၊ မီးခံဘိလပ်မြေစက်ရုံဝင်း၊ အလုံ။ | ၅ | ၆၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေ ကျပ် |
|---|---|---|---|
| ၅၈။ | မောင်နေထွန်း-မမိုးမိုးဇင် မိသားစု၊ မိုးခံဘိလပ်မြေစက်ရုံဝင်း၊ အလုံ။ | ၅ | ၆၀ |
| ၅၉။ | ကိုစိုးမင်း မိုးခံဘိလပ်မြေစက်ရုံ၊အလုံ။ | ၈ | ၁၀၀ |
| ၆၀။ | ဦးပြည်သိန်း မိုးခံဘိလပ်မြေစက်ရုံ၊ အလုံ။ | ၄ | ၅၀ |
| ၆၁။ | ဒေါ်လှတင့် မိသားစု၊ အမှတ် ၅၀(D)၊ ကမ္ဘာအေးစေတီဘုရားလမ်း၊ရန်ကုန်မြို့။ | ၅ | ၆၀ |
| ၆၂။ | ဦးရဲဆွေ-ဒေါ်နွယ်နွယ်ဝင်း မိသားစု၊ မြင်သာ၊ ရန်ကုန်မြို့။ | ၁၀ | ၁၂၀ |
| ၆၃။ | ဦးကျော်သောင်း-ဒေါ်စန်းရီ မိသားစု၊ အမှတ် ၅၀၊(၄) ကမ္ဘာအေးစေတီ ဘုရားလမ်း၊ ရန်ကုန်မြို့။ | ၁၀ | ၁၂၀ |
| ၆၄။ | ဒေါ်တီ သမီး မယဉ်ဦး မြေး မောင်မြတ်လှဦး အမှတ် ၂၉၊ စူပါပင်လမ်း၊ အလုံ၊ ရန်ကုန်မြို့။ | ၁၀ | ၁၂၀ |
| ၆၅။ | ဦးအေးကြူ-ဒေါ်သိန်းသိန်းအေး မိသားစု၊ အမှတ် ၃၁၊ ပလကဝင်း၊ ကမာရွတ်။ | ၁ | ၁၂ |
| ၆၆။ | ဒေါ်အမာကြူ မိသားစု၊ အမှတ် ၃၊ ပိတောက်လမ်း၊ တပ်မြေ၊ ပုဇွန်တောင်။ | ၁၀ | ၁၂၀ |
| ၆၇။ | ဦးကျော်အေး-မခင်မော်ဝင်း မိသားစု၊ အမှတ် ၄၉၊ B.P.I လမ်း၊ ကြို့ကုန်းအနောက်၊ အင်းစိန်။ | ၁၀ | ၁၂၀ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေကျပ် |
|---|---|---|---|
| ၆၈။ | ဦးလှထွန်းနှင့် အဖွဲ့။ | ၅ | ၆၀ |
| ၆၉။ | ဦးစိုးကြည် မိသားစု၊သံမဏိစက်ရုံဝင်း။ | ၁ | ၁၂ |
| ၇၀။ | ဦးသန့်ဇင် မိသားစု၊ အုတ်ကျင်း။ | ၅ | ၆၀ |
| ၇၁။ | ဦးကျင်မှိန် မိသားစု။ | ၂ | ၂၄ |
| ၇၂။ | ဦးထွန်းလှိုင်-ဒေါ်တင်ရွှေ မိသားစု၊ | ၅ | ၆၀ |
| ၇၃။ | ဒေါက်တာကျော်မင်းဦး မိသားစု။ | ၅ | ၆၀ |
| ၇၄။ | ဦးကျော်နိုင် မိသားစု။ | ၁ | ၁၂ |
| ၇၅။ | ဦးစန်းဌေး-ဒေါ်အေးအေးပြုံးမိသားစု။ | ၅ | ၆၀ |
| ၇၆။ | ဦးတင်ဝင်း-ဒေါ်ကြည်ကြည်မြင့် မိသားစု၊၁၉၇(ပ)ထပ်(ဝဲ)လမ်း ၃၀၊ ရန်ကုန်မြို့။ | ၅ | ၆၀ |
| ၇၇။ | ဦးဘကြည်နှင့်ဇနီး မိသားစု၊ စက်ရုံမှူး၊ သံမဏိစက်ရုံ။ | ၁ | ၁၂ |
| ၇၈။ | ဦးအောင်ခင်-ဒေါ်ခင်ပု မိသားစု။ | ၁ | ၁၂ |
| ၇၉။ | ဦးကျော်မြင့်-ဒေါ်ခင်ဌေးလှိုင် မိသားစု။ | ၁ | ၁၂ |
| ၈၀။ | ဦးမျိုးသန့်-ဒေါ်လှမြင့် မိသားစု။ | ၁ | ၁၂ |
| ၈၁။ | ဦးကျော်ထွန်း-ဒေါ်မြင့်မြင့်ဆွေ မိသားစု။ | ၅ | ၆၀ |
| ၈၂။ | မတင်ထားစု | ၁ | ၁၂ |
| ၈၃။ | မောင်ကျော်စိုးလွင် | ၁ | ၁၂ |
| ၈၄။ | မောင်ရဲကျော်ထွန်း | ၁ | ၁၂ |

| စဉ် | အလှူရှင်အမည်နှင့်နေရပ် | စာအုပ် | သင့်ငွေကျပ် |
| --- | --- | --- | --- |
| ၈၅။ | မဇင်သီကျော်ထွန်း | ၁ | ၁၂ |
| ၈၆။ | နှစ်ဘက်သော အဘိုး, အဘွား, မိဘများအား အမှူးထား၍ သား မောင်နိုင်ဝင်း အမှတ် ၂၈၊ မဟာသုခလမ်း၊ ရေကျော်၊ ရန်ကုန်။ | ၈၃ | ၁၀၀၇ |
| | | ၆၂၀ | ၇၄၅၅ |

မှတ်ချက်။ ။အမှတ်စဉ် ၆၈-မှ အမှတ်စဉ် ၈၅-အထိ အလှူရှင်များကို ဦးကျော်ထွန်း မိသားစု၊ တိုက် ၇၊ အခန်း ၁၊ကြို့ကုန်းရိပ်သာ၊ အင်းစိန်မှ ကောက်ခံပေးပါသည်။

## ပထဝီဓာတ်မှန် အသိဉာဏ်

၁။ မာ ကြမ်း နု ပျော့, လေး ပေါ့ ရှုလျှင်၊
ပထဝီဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ် ပျက် ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

## အာပေါဓာတ်မှန် အသိဉာဏ်

၂။ ပွ ကြီး ကျပ်တည်း, ယိုစီး ရှုလျှင်၊
အာပေါ ရေဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ် ပျက် ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

## တေဇောဓာတ်မှန် အသိဉာဏ်

၃။ အပူ အအေး, အနွေး ရှုလျှင်၊
တေဇော မီးဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ် ပျက် ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။

## ဝါယောဓာတ်မှန် အသိဉာဏ်

၄။ ထောက်ကန် လှုပ်ရှား, ရွေ့သွား ရှုလျှင်၊
ဝါယော လေဓာတ်, ရှုမှတ်သည်ပင်။
သို့ရှုမှတ်လျက်, ဖြစ် ပျက် ကိုမြင်၊
ဉာဏ်စဉ်တက်, ဖိုလ် မဂ် နိဗ္ဗာန်ဝင်။